Hnit Thit Oo
Printing House
No. 27(A), Corner of U Hmoo St; and U Tun Nyo St; ,
Dagon (East) Industrial Zone,Yangon.
Ph : 09- 766 766 751,09-766 766 752
Email : hnitthitoo8@gmail.com

The VOICE Sunday

Vol. 6 / No. 129 | Established in 2004 | ၁၃၈၀ ခုနှစ်၊ ဝါခေါင်လကွယ်နေ့ ၊ (Sunday, September 9, 2018)

# နိုင်ငံတကာရာဇဝတ်ခုံရုံး ဆုံးဖြတ်ချက်ကို လိုက်နာရန် တာဝန်မရှိဟု မြန်မာအစိုးရ တုံ့ပြန်

**နေပြည်တော်၊ စက်တင်ဘာ ၈**

ရခိုင်မြောက်ပိုင်း မွတ်ဆလင်အသိုင်းအဝိုင်းကို မျိုးဖြုတ်တိုက်ခိုက်ခဲ့သည်ဆိုသော စွပ်စွဲချက်ဖြင့် စုံစမ်းအရေးယူရန် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ဆုံးဖြတ်ချက်ကို လက်မခံကြောင်းနှင့် ထိုဆုံးဖြတ်ချက်ကို လိုက်နာရန် မြန်မာနိုင်ငံတွင် တာဝန်မရှိကြောင်း မြန်မာအစိုးရက စက်တင်ဘာလ ၈ ရက်တွင် တုံ့ပြန်လိုက်သည်။

ရာဇဝတ်ခုံရုံး ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ 'အားနည်းချက်များရှိနေသော ဥပဒေလုပ်ငန်းစဉ်နှင့် မသေချာမရေရာသော ဥပဒေရေးရာရပ်တည်ချက်တို့၏ရလဒ်' ဖြစ်ကြောင်း မြန်မာအစိုးရက ပြန်လည်ချေပထားသည်ကိုလည်း ထိုထုတ်ပြန်ချက်တွင် တွေ့ရသည်။

ရခိုင်ပြည်နယ် မြောက်ပိုင်း P - 2

# ရန်ကုန်မြို့အမွေအနှစ်လမ်းလျှောက်ခရီးစဉ် လူဦးရေ ၂၅၀ ကျော်ဖြင့် စမ်းသပ်

**ရန်ကုန်၊ စက်တင်ဘာ ၈**



P - 3

ဓာတ်ပုံ – ရဲပြည့်ဇာနည်

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အပါအဝင် ရှေးဟောင်းစေတီလေးဆူကို ဆက်သွယ်ထားသည့် အမွေအနှစ်လမ်းလျှောက်ခရီးစဉ်ကို စက်တင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းက လူအင်အား ၂၅၀ ကျော်ဖြင့် စမ်းသပ်လမ်းလျှောက်ခဲ့ကြသည်

# မြန်မာလူမှုကွန်ရက် MM Social စတင်အသုံးပြုနိုင်၊ တစ်ရက်အတွင်း သုံးစွဲသူ ၈,၀၀၀ ကျော်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၈**

မြန်မာလူမှုကွန်ရက် MM Social ကို ယနေ့ စက်တင်ဘာ ၈ ရက်တွင် စတင်အသုံးပြုခွင့်ပေးလိုက်ပြီဖြစ်ပြီး စက်တင်ဘာ ၈ ရက် ညနေ ၆ နာရီအချိန်အထိ အသုံးပြုသူ ၈,၀၀၀ ကျော်အထိ ရှိလာပြီဖြစ်သည်ဟု ယင်းလူမှုကွန်ရက်တည်ထောင်သူ ကိုရန်နိုင်မြင့်က ပြောကြားသည်။

ယင်းလူမှုကွန်ရက်ကို သုံးလိုသူများသည် www.mmsocial.net တွင်အကောင့်ဖွင့်သုံးနိုင်မည်။ အကောင့်လုံခြုံရေးနှင့် အကောင့်ပိုင်ဆိုင်ကြောင်းအတည်ပြုနိုင်ရေး အမှန်တကယ်သုံးသည့်ဖုန်းနံပါတ်နှင့် အမည်ရင်းကိုသာသုံးရန် တည်ထောင်သူက အကြံပြုသည်။

User Profile တည်ဆောက်ခြင်း၊ Post များတင်ခြင်း၊ Like, P - 3

# ဒေါ်အောင်ဆန်းစုကြည် ကမ္ဘာ့စီးပွားရေးဖိုရမ် တက်မည် P - 2

## အပစ်ရပ် လက်နက်ကိုင်များ၏ ထိပ်သီးညီလာခံ စတင်ကျင်းပ P - 2

## ဆောကျောက်မီးသွေးတွင်း ပြိုကျမှု အလောင်းတစ်လောင်းတွေ့၊ ၄ ဦး ပိတ်မိနေဆဲ P - 5

## ကျောက်မဲတွင် ကျွဲများတင်ဆောင်လာသည့် ကားတစ်စီး ပစ်ခတ်ခံရ၍ နှစ်ဦးသေဆုံး P - 8

## ရဲအတတ်သင်သိပ္ပံကျောင်း မျက်နှာစာတိုက်ခန်းတွင် နေထိုင်သူများကို အင်အားသုံးဖယ်ရှား P - 11



# အပစ်ရပ် လက်နက်ကိုင်များ၏ ထိပ်သီးညီလာခံ စတင်ကျင်းပ

ရန်ကုန်၊ စက်တင်ဘာ ၈

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့၏ ထိပ်သီးညီလာခံကို စက်တင်ဘာလ ၈ ရက်တွင် စတင်ကျင်းပခဲ့သည်။

အဆိုပါ ညီလာခံကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် စက်တင်ဘာလ ၈ ရက်မှ ၁၁ ရက် ပြုလုပ်မည်ဖြစ်ပြီး အစည်းအဝေးသို့ အပစ်ရပ်လက်မှတ်ထိုး ၁၀ ဖွဲ့မှ ထိပ်သီးခေါင်းဆောင်များနှင့် ယင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း NCA ထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်များ၏ ထုတ်ပြန်ချက် အရသိရသည်။

အဆိုပါညီလာခံတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ တတိယအစည်းအဝေးနှင့် နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာမူဘောင် (Framework for Political Dialogue) ပြန်လည်သုံးသပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကိစ္စရပ်များ၊ အလွတ်သဘောဆွေးနွေးမှုဆိုင်ရာကိစ္စရပ်များ အပါအဝင် NCA-S EAO ၏ ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် အကြောင်းအရာများ ဆွေးနွေးသွားမည်ဖြစ်ကြောင်း အပစ်ရပ်လက်နက်ကိုင်များက ထုတ်ပြန်ထားသည်။

လက်ရှိတွင် NCA စာချုပ်အရ နိုင်ငံရေးဆိုင်ရာ သဘောတူညီမှု ရရှိရန်လိုနေပြီး အဆိုပါ သဘောတူညီချက်မရှိသည့်အတွက် နိုင်ငံရေး ဆွေးနွေးပွဲများ တုံ့ဆိုင်းနေသည့်အခက်အခဲကို ကြုံတွေ့နေပြီး လက်နက်ကိုင် ခေါင်းဆောင်များအကြား ဘုံသဘောတူညီချက်ရရှိရန် လိုအပ်ကြောင်း ညီလာခံ အဖွင့်မိန့်ခွန်းတွင် ကရင်အမျိုးသား အစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးက ပြောကြားခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုကဲ့သို့ ဘုံသဘောထားများ တည်ဆောက်ရာတွင်လည်း NCA စာချုပ်ကို လက်မှတ်မထိုးရသေးသည့် ညီနောင်များလည်း မရှိမဖြစ်ပါဝင်ရမှာဖြစ်ပြီး ၎င်းတို့သည် အလွတ်သဘောဆွေးနွေးပွဲများမှ စတင်ပါဝင်ခွင့်ရမှာဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မည်သူမျှ ချန်ထား၍ မရသောကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိတွင် NCA သဘောတူစာချုပ်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး (KNU)၊ ကရင်အမျိုးသား အစည်းအရုံး- (ငြိမ်းချမ်းရေးကောင်စီ) (KNU/ KNLA-PC) ၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSA) နှင့် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့လက်မှတ်ထိုးထားသည်။

■ J-08



ဓာတ်ပုံ- ရဲပြည့်စာနည်

# ဒေါ်အောင်ဆန်းစုကြည် ကမ္ဘာ့ စီးပွားရေးဖိုရမ် တက်မည်

ရန်ကုန်၊ စက်တင်ဘာ ၈

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အာဆီယံနိုင်ငံများက ဦးစီးကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဗီယက်နမ်သို့ စက်တင်ဘာလ ၁၁ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနထံမှ သိရသည်။

အဆိုပါ စီးပွားရေးဖိုရမ်ကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး စက်တင်ဘာလ ၁၁ရက်မှ ၁၃ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဆီယံနိုင်ငံခေါင်းဆောင်များအပြင် အခြားနိုင်ငံများက ခေါင်းဆောင်များလည်း တက်ရောက်မည်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ အဆိုပါ ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်မဟုတ်ဘဲ အလုပ်သဘော ခရီးစဉ်ဖြစ်ပြီး ဖိုရမ်တွင် အစည်းအဝေးလာတက်မည့် နိုင်ငံခေါင်းဆောင်များနှင့်လည်း တွေ့ဆုံရန်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်က ပြောကြားသည်။

"အလုပ်သဘောချည်းသက်သက်တော့ မဟုတ်ပါဘူး။ ဖိုရမ်တစ်ခုတည်းတော့ မဟုတ်ဘူး။ တွေ့စရာရှိတဲ့သူတွေကိုလည်းတွေ့မှာပေါ့။ ဗီယက်နမ်က ခေါင်းဆောင်တွေကိုလည်းတွေ့မှာပေါ့။ အစည်းအဝေးလာတက်တဲ့ အခြားနိုင်ငံက ခေါင်းဆောင်တွေနဲ့လည်း တွေ့မှာပေါ့" ဟု ၎င်းက ဆိုသည်။

အဆိုပါဖိုရမ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များအပြင် ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ တက်ရောက်ကြမည်ဖြစ်သည်။

အာဆီယံဒေသတွင်း အလုပ်သမားကဏ္ဍ ဆိုင်ရာသည် ဖိုရမ်၏ အဓိကဆွေးနွေးရမည့် အကြောင်းအရာတစ်ခုဖြစ်လာမည်ဖြစ်ကြောင်းလည်း အဆိုပါ ဖိုရမ်က ထုတ်ပြန်ထားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ပခရီးစဉ် နောက်ဆုံးအနေနှင့် ပြီးခဲ့သည့် ဩဂုတ်လကုန်ပိုင်းက စင်ကာပူနိုင်ငံသို့ သွားရောက်ကာ Singapore Lecture အစီအစဉ်တွင် တက်ရောက်ဟောပြောခဲ့သည်။

■ J-08

## မျက်နှာဖုံး - မြန်မာလူမှုကွန်ရက် MM Social စတင်အသုံးပြုနိုင် မှ အဆက်

Comment နှင့် Share များအသုံးပြုနိုင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရန် Messaging စာတိုစနစ်၊ ကုမ္ပဏီအဖွဲ့အစည်းများအတွက် Page များပြုလုပ်နိုင်ခြင်း၊ အသုံးပြုသူ အချင်းချင်း ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်နိုင်သည့် Group များ တည်ဆောက်ခြင်း စသည့်လူမှုကွန်ရက်များတွင် အခြေခံပါဝင်လေ့ရှိသော လုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်နေပြီဖြစ်သည်။

အဆိုပါလူမှုကွန်ရက်တည်ထောင်သူ ကိုရန်နိုင်မြင့်က "ကျွန်တော်တို့ ဒီ MM Social ကို တည်ဆောက်ချိန်က အချိန် နှစ်လလောက်ပဲ ရှိခဲ့ပါတယ်။ လက်ရှိရေပန်းစားနေတဲ့ လူမှုကွန်ရက်တွေကိုတော့ ဘယ်လိုမှ မယှဉ်နိုင်သေးပါဘူး" ဟု ဆိုသည်။

အခြားလုပ်ဆောင်ချက်များဖြစ်သည့် အသံခေါ်ဆိုခြင်း၊ Video ခေါ်ဆိုခြင်း၊ တိုက်ရိုက်ထုတ်လွှင့်ခြင်းများကို လုပ်ဆောင်နိုင်ဦးမည်မဟုတ်ဘဲ လပိုင်းအတွင်း ဆက်လက် ထည့်သွင်းတည်ဆောက်သွားမည်ဟု ၎င်းက ပြောဆိုသည်။

ယင်းအပြင် Group များ Page များတွင် အုပ်ချုပ်သူ(Admin) ထပ်မံတိုးမြှင့်ထည့်သွင်းခြင်းများ၊ ဓာတ်ပုံတင်ခြင်းများတွင် အခက်အခဲရှိနေပြီး ယင်းလိုအပ်ချက်များကို ၂ ပတ်အတွင်း အပြီးဖြေရှင်းသွားမည်ဟုလည်း MM Social ၏ တာဝန်ရှိသူတစ်ဦးက ဖြေကြားထားသည်။

MM Social သည် မြန်မာလူမှုကွန်ရက်တစ်ခုဖြစ်သည့်အလျောက် မြန်မာစာစနစ်ကို အထူးထောက်ပံ့ထားသည်။ လက်ရှိကြုံတွေ့နေရသည့် မြန်မာစာ စံစနစ်အသုံးပြုသူနှင့် အသုံးမပြုသူများကြား ကွာဟမှုမရှိစေရန် မည်သည့်စနစ်နှင့်ဖောင့်ကို အသုံးပြုသည်ဖြစ်စေ တစ်ဖက်နှင့်တစ်ဖက် မှန်မှန်ကန်ကန်ဖတ်ရှုနိုင်မည်ဖြစ်သည်။

ကိုရန်နိုင်မြင့်က "ဘယ်ဖောင့်နဲ့ပဲ ရိုက်ရိုက် ယူနီကုတ်စနစ်နဲ့ Database ထဲမှာ သိမ်းတယ်။ ပြန်ပြီးပြရင်လည်း ယူနီကုတ်နဲ့ပဲ ပြပါတယ်။ ဒါပေမဲ့ ဘယ်ဖောင့်ကိုပဲသုံးသုံး တစ်ဖက်နဲ့ တစ်ဖက် မှန်မှန်ကန်ကန် မြင်ရမှာပါ" ဟု ပြောဆိုသည်။

လက်ရှိအချိန်တွင် ရှာဖွေမှုများကို လုပ်ဆောင်နိုင်ဦးမည်မဟုတ်ဘဲ ယင်းလုပ်ဆောင်ချက်အတွက် အချိန်အနည်းငယ်အတွင်းရရှိနိုင်ရန် ဆောင်ရွက်သွားမည်ဟုလည်း ၎င်းက ပြောဆိုထားသည်။

လက်ရှိအချိန်တွင်း MM Social ကို ကွန်ပျူတာဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း အသုံးပြုနိုင်မည်ဖြစ်သော်လည်း ဖုန်းဖြင့်အသုံးပြုရာတွင် အခက်အခဲအနည်းငယ်ရှိနိုင်မည်ဖြစ်သည်။

မိုဘိုင်းလ် ဖုန်းဖြင့် ပိုမိုလွယ်ကူစွာ အသုံးပြုနိုင်ရန်အတွက် MM Social မိုဘိုင်းလ် App ကို နိုဝင်ဘာလအတွင်း ထုတ်လုပ်သွားမည်ဟုလည်း MM Social ၏ တာဝန်ရှိသူများက ဖြေကြားထားသည်။

MM Social လူမှုကွန်ရက်ကို စက်တင်ဘာ ၂ ရက်က စတင်မိတ်ဆက်ခဲ့ပြီး စတင်မိတ်ဆက်မည့်အချိန်တွင် လူမှုကွန်ရက် Facebook က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လူမှုကွန်ရက်စာမျက်နှာအပါအဝင် တပ်မတော်နှင့်ပတ်သက်သည့် စာမျက်နှာအတော်များများကို Facebook ပေါ်မှ ဖြုတ်ချခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး MM Social လူမှုကွန်ရက်အပေါ် ဝေဖန်မှုများလည်း မြင့်တက်လာခဲ့သည်။

ထို့ကြောင့် ၎င်းတို့ကုမ္ပဏီဖွဲ့စည်းမှုကို ယခုနှစ်ဇူလိုင်လကတည်းက လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး လူမှုကွန်ရက်တွင်ဝေဖန်နေကြသလိုတပ်မတော်နောက်ခံဖြင့်လုပ်ဆောင်ခြင်း လုံးဝမဟုတ်ကြောင်း ကိုရန်နိုင်မြင့်က ငြင်းဆိုထားသည်။

■ S-05

# ရန်ကုန်မြို့အမွေအနှစ် လမ်းလျှောက်ခရီးစဉ် လူဦးရေ ၂၅၀ ကျော်ဖြင့် စမ်းသပ်

**ရန်ကုန်၊ စက်တင်ဘာ ၈**


ဓာတ်ပုံ- ဇေယျာဟိန်း

ရွှေတိဂုံ စေတီတော်အပါအဝင် ရှေးဟောင်းစေတီ လေးဆူကို ဆက်သွယ်ထားသည့် အမွေအနှစ် လမ်းလျှောက်ခရီးစဉ်ကို ရန်ကုန်တိုင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး နော်ပန်းသဉ္ဇာမျိုး ဦးဆောင်၍ လူ ၂၅၀ ကျော်ဖြင့် စမ်းသပ်လမ်းလျှောက်ခဲ့ကြသည်။

"လမ်းကြောင်းတစ်လျှောက်မှာ စိတ်ဝင်စရာကောင်းတဲ့ရန်ကုန်မြို့ပြ သမိုင်းအမွေအနှစ်နေရာတွေကို တွေ့မြင်နိုင်မှာဖြစ်တဲ့အတွက် ရန်ကုန် လမ်းလျှောက်ခရီးစဉ်ဟာ နောင်များမှာ လူကြိုက်အများဆုံး ခရီးစဉ်ဖြစ်ဖို့ ဒီနေ့ စကြိုးစားတာဖြစ်တယ်" ဟု ဝန်ကြီးက ဆိုသည်။

အဆိုပါခရီးစဉ်ကို ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းနှင့် ခရီးသွားကုမ္ပဏီများ ပူးပေါင်းပါဝင်ခဲ့ခြင်းဖြစ်သည်။

"အခုလမ်းလျှောက်ခရီးစဉ်က အမွေအနှစ်တွေကို အထူးပြုလေ့လာနိုင်တဲ့ ခရီးစဉ်အသစ်တစ်ခုပါ။ ဒီဟာ အောင်မြင်ရင် တိုးရစ်တွေအတွက် လည်ပတ်စရာတစ်ခုဖြစ်မယ်" ဟု ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ဦးသန်းနိုင်ကဆိုသည်။

လမ်းလျှောက်ခရီးစဉ်ကို ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှ အလံပြဘုရား၊ ဆူးလေနှင့် ဗိုလ်တထောင်ဘုရားတို့အထိ ချိတ်ဆက်ထားခြင်းဖြစ်ပြီး ခရီးစဉ်အတွင်း ဗိုလ်ရာညွန့်လမ်းတစ်ဝိုက်နှင့် ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဘဏ်လမ်း၊ ရွှေဘုံသာလမ်း၊ မဟာဗန္ဓုလလမ်း၊ ပန်းဆိုးတမ်းလမ်း၊ ကမ်းနားလမ်းတစ်လျှောက်ရှိ မြန်မာအမွေအနှစ်အဆောက်အအုံများ၊ ကိုလိုနီအဆောက်အအုံများကို လေ့လာခွင့်ရမည့် ခရီးစဉ်ဖြစ်သည်။

"ဒီခရီးစဉ်မှာ လမ်းလျှောက်စရာတွေ ပိုလာအောင်၊ လူသွားစင်္ကြံတွေ ပိုကောင်းအောင်၊ သန့်ရှင်းအောင်၊ လုံခြုံအောင် တိုးမြှင့်လုပ်ဆောင်နိုင်ရင် ရေရှည်မှာအောင်မြင်နိုင်မယ်။ ဒီကတစ်ဆင့် တိုးရစ်တွေအနေနဲ့ ရန်ကုန်ကို ပိုစိတ်ဝင်စားနိုင်မယ်" ဟု YHT ၏ဒါရိုက်တာ ဒေါ်မိုးမိုးလွင်ကဆိုသည်။

အမွေအနှစ်လမ်းလျှောက်ခရီးစဉ်ပေါ်ပေါက်ရန် ရန်ကုန်တိုင်းအစိုးရအဖွဲ့သို့ အဆိုပြုလွှာတင်ထားခြင်းဖြစ်ပြီး ခရီးစဉ်တစ်လျှောက်ရှိ အမွေအနှစ်များကို မှတ်တမ်းတင်ခြင်း၊ အချက်အလက်စုဆောင်းခြင်းများကို ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(YHT) က ဆောင်ရွက်နေလျက်ရှိသည်။

ယင်းခရီးစဉ်ကို သတ်မှတ်ဖော်ဆောင်ရန် တိုင်းအစိုးရအဖွဲ့နှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံပြုခြင်းများအပြင် မိတ်ဖွဲ့အဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့ပြ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံမှ သိရသည်။

■ J-14

## မျက်နှာဖုံး - နိုင်ငံတကာ ရာဇဝတ်ခုံရုံး ဆုံးဖြတ်ချက်ကို လိုက်နာရန် မှ အဆက်

ဒေသတွင် ရိုဟင်ဂျာများကို လူမျိုးဖြုတ်ရှင်းလင်းမှုများပြုလုပ်ခဲ့ပြီး ယင်းလူမျိုးများအား ဘင်္ဂလားဒေ့ရှ်ဘက်သို့ မောင်းထုတ်ခဲ့သည်ဟူသော စွပ်စွဲချက်များနှင့်ပတ်သက်၍ မိမိတို့တွင် စုံစမ်းဖော်ထုတ်ကာ တရားစီရင်ပိုင်ခွင့်ရှိသည်ဟု နိုင်ငံတကာရာဇဝတ်ခုံရုံး(ICC) က ကနဦး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သို့သော် မြန်မာအစိုးရဘက်မှ ပြန်လည်ပြောကြားရာတွင်မူ ICC ၏ မောင်းထုတ်သည်ဟူသောအသုံးအနှုန်းကို ပြန်လည်ချေပထားသည်ကို တွေ့ရသည်။

"နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးဝန်ကြီးသည် ၂၀၁၇ အောက်တိုဘာလက ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး အပါအဝင် အိမ်နီးချင်းနိုင်ငံများမှ သံအမတ်ကြီးလေးဦးတို့နှင့်အတူ ရခိုင်သို့ သွားရောက်ခဲ့ပြီး ရခိုင်ပြည်မှ ထွက်ပြေးကြတော့မည့် ပြည်သူများအားမပြေးကြပါရန် ဖျောင်းဖျခဲ့သော်လည်း မအောင်မြင်ခဲ့ပါ" ဟု မြန်မာအစိုးရထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ စာသား၏ အဓိပ္ပာယ်မှာ ICC ထုတ်ပြန်ချက်တွင် မောင်းထုတ်နှင်ထုတ်သည်ဟုပြောသော်လည်း မြန်မာအစိုးရဘက်က မောင်းထုတ်နှင်ထုတ်ခြင်းမဟုတ်ဘဲ အကြောင်းအရာတစ်ခုခု၏ စေ့ဆော်မှုကြောင့် ထွက်သွားကြခြင်းဟု ဆိုလိုချင်ပုံရသည်။

ဘင်္ဂါလီမွတ်ဆလင် ဒုက္ခသည်များနှင့် ပတ်သက်၍ ကုလသမဂ္ဂက မြန်မာတပ်မတော်၏ ထိပ်ပိုင်းခေါင်းဆောင်များကို လူမျိုးဖြုတ်ရှင်းလင်းမှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ လူသားမျိုးနွယ်အပေါ် ရာဇဝတ်ကျူးလွန်မှုတို့ဖြင့် စုံစမ်းဖော်ထုတ် အရေးယူသင့်သည်ဟူသော အစီရင်ခံစာတစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီးနောက် သီတင်းတစ်ပတ်ခန့်အကြာတွင် ICC က ယခုလို ကြေညာချက် ထုတ်ပြန်လိုက်ခြင်းလည်းဖြစ်သည်။

ICC ၏ ဥပဒေရေးရာအရာရှိနှင့် ရှေ့နေဖြစ်သူ ဖာတိုဘန်ဆိုဒါက ယင်းကိစ္စနှင့်ပတ်သက်၍ အဆိုပြုတင်ပြခဲ့ပြီးနောက် တရားသူကြီးသုံးဦးပါဝင်သည့် ပဏာမတရားစီရင်ရေးခုံအဖွဲ့က ယင်းသို့ဆုံးဖြတ်ချက်ချမှတ်ကာကြေညာလိုက်ခြင်းလည်းဖြစ်သည်။

■ F-02

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## သတင်းမီဒီယာကောင်စီဥက္ကဋ္ဌရာထူး ဟံသာဝတီ ဦးအုန်းကြိုင် ဒုတိယအကြိမ် ပြန်အရွေးခံရ

**ရန်ကုန်၊ စက်တင်ဘာ ၈**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌရာထူးကို ဟံသာဝတီဦးအုန်းကြိုင်က မဲအများဆုံးဖြင့် ဒုတိယအကြိမ် ထပ်မံရွေးချယ်ခံရကြောင်း သတင်းမီဒီယာကောင်စီဝင်များထံမှ သိရသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ အလုပ်အမှုဆောင်ရွေးချယ်ပွဲကို စက်တင်ဘာလ ၈ ရက်က Summit Parkview Hotel တွင် ပြုလုပ်ခဲ့သည်။

အလုပ်အမှုဆောင်ရွေးချယ်ပွဲ၌ ဥက္ကဋ္ဌရာထူးကို ၁၄ မဲဖြင့် ဦးအုန်းကြိုင်က ရွေးချယ်ခံခဲ့ရပြီး ဒုဥက္ကဋ္ဌ (၁) နေရာကို ဒေါက်တာ မျိုးသန့်တင်က ၁၂ မဲ၊ ဒုဥက္ကဋ္ဌ (၂) နေရာကို ဦးကျော်နိုင်(ထက်မြက်) က ၁၁ မဲဖြင့် ရွေးချယ်ခံရသည်။

အတွင်းရေးမှူးနေရာကို ဦးကျော်စွာမင်းက ၁၅မဲ၊ တွဲဖက်အတွင်းရေးမှူး(၁) နေရာကို ဦးမြင့်ကျော်က ၁၃ မဲ ၊ တွဲဖက်အတွင်းရေးမှူး (၂) နေရာကို ဦးလှိုင်းသစ်ဇင်ဝေ (ခ) သာလွန်ဇောင်းထက်က ၁၂ မဲဖြင့် ရွေးချယ်ခံရသည်။

သတင်းမီဒီယာအခန်းကဏ္ဍ အခက်အခဲများကို နိုင်ငံတော်အဆင့်ဖြေရှင်းပေးနိုင်မည့် သတင်းမီဒီယာကောင်စီဝင် ဒုတိယအကြိမ်ရွေးချယ်ပွဲကို ဩဂုတ်လ ၁၈ ရက် ချက်ထရီယမ်ဟိုတယ်တွင် ပြုလုပ်ခဲ့ပြီး ဝင်ရောက်ယှဉ်ပြိုင်သူ ကိုယ်စားလှယ် ၅၁ ဦးအနက် ကိုယ်စားလှယ် ၂၇ ဦးကို ရွေးချယ်ခဲ့သည်။

■ J-18

## NEWS PHOTO


ဓာတ်ပုံ- ဆလိုင်းယောဇဉ်

ဇန်းမော်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအဆင့်မြင့် စက်ချုပ်သင်တန်းဆင်းပွဲကို စက်တင်ဘာလ ၇ ရက်နေ့က ပြုလုပ်ခဲ့သည်။ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် ၄၁ နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် ၂၉ တို့မှ စုစုပေါင်း သင်တန်းသူ ၆၆ ဦးကို သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သင်တန်းတာဝန်ရှိသူများက ပြောဆိုသည်။

# ကျိုက်ထီးရိုးဂေါပကအဖွဲ့ ဥပဒေဘောင်အတွင်းမှ ရွေးချယ်ခံရန် ဝန်ကြီးချုပ်သတိပေး

**မော်လမြိုင်၊ စက်တင်ဘာ ၈**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်ကြီး၏ ဂေါပကအဖွဲ့သစ်ကို ယခုလ ၁၆ ရက်နေ့တွင် အတည်ပြုမည်ဖြစ်ရာ အရွေးခံသူများ အနေနှင့် ဥပဒေဘောင်အတွင်းမှ အရွေးချယ်ခံကြရန် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံမှ သတိပေးပြောကြားသည်။

"အရွေးချယ်ခံမယ့်လူတွေကို အခုကတည်းကပြောလိုက်မယ်၊ ဘောင်ထဲက နေအရွေးခံကြပါ။ ဘုရားဂေါပကဖြစ်ရင် ဘုရားကျွန်ဖြစ်မယ်လို့သာမှတ်၊ နည်းနည်းလေးမှအခွင့်အရေးပေးလိမ့်မှာ မဟုတ်ဘူး၊ ဘောင်ကျော်တယ်လို့ အတိအကျတိုင်လာရင် ကော်မရှင်ဖွဲ့ပြီးတော့ကိုစစ်ဆေးမယ်" ဟု ၎င်းက ပြောဆိုသည်။

ကျိုက်ထီးရိုးဂေါပက အသစ်ကို ယခုလ ၁၆ ရက်နေ့တွင် လျှို့ဝှက်မဲစနစ်ဖြစ် ရွေးချယ်သွားမည်ဖြစ်ရာ ယခုလက်ရှိတွင် လျှောက်လွှာတင်ထားသူများအနက် ၁၄ ဦးကို စိစစ်ရွေးချယ်ထားကြောင်း၊ ထို ၁၄ ဦးအနက် ၁၀ ဦးကို ရွေးချယ်အတည်ပြုမည်ဖြစ်ကြောင်း ဂေါပကရွေးချယ်ကြီးကြပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဦးကျော်ဝင်းလှိုင်က ပြောကြားသည်။

"ဘောင်ကျော်ပြီး စည်းရုံးမှုတွေ ရှိနေမယ်ဆိုရင် ကန့်ကွက်တိုင်ကြားလို့ရတယ်၊ အခုရွေးချယ်ထားတဲ့ ၁၄ ယောက်နဲ့ပတ်သက်ပြီး ဒီလ ၁၁ ရက်နေ့အထိ ကန့်ကွက်လွှာတင်နိုင်တယ်၊ ဒီကန့်ကွက်လွှာပေါ်မှာ တိုင်ကြားထားတဲ့လူတွေရဲ့ နာမည်တွေကိုတော့ ကျွန်တော်တို့ အတတ်နိုင်ဆုံး လျှို့ဝှက်ထားပြီး စစ်ဆေးမှုတွေလုပ်သွားမယ်၊ စစ်ဆေးမှုအရဖယ်ထုတ်ရမယ်ဆိုလည်း ဖယ်ထုတ်ရမယ်" ဟု ၎င်းက ပြောဆိုသည်။

ကျိုက်ထီးရိုးဂေါပကအသစ်ရွေးချယ်နိုင်ရန် လျှောက်လွှာတင်သူ ၂၂ ဦးရှိကြောင်း၊ ထိုအထဲတွင် အသက်ကန့်သတ်ချက်များနှင့် ဥပဒေနှင့်ပတ်သက်၍ ငြိစွန်းနေသူများကို စိစစ်ခဲ့ရာ ၁၆ ဦး ကျန်ခဲ့ကြောင်း၊ ထို ၁၆ ဦးအနက် တစ်ဦးမှာ အသက်မပြည့်သည့်အတွက် ထုတ်ပယ်လိုက်ရ၍ ၁၅ ဦး ကျန်ရှိကြောင်း၊ ၁၅ ဦးအနက် တစ်ဦးမှာလည်း ၎င်း၏ဆန္ဒအတိုင်း ထပ်မံနုတ်ထွက်လိုက်သည့်အတွက် ၁၄ ဦးသာကျန်ရှိကြောင်း၊ ထို ၁၄ ဦးကို စက်တင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ကန့်ကွက်လွှာတင်နိုင်ကြောင်း ဦးကျော်ဝင်းလှိုင်က ရှင်းပြသည်။

"အသစ်ပြန်လျှောက်တဲ့အထဲမှာ ကျွန်တော်တို့ ယာယီအဖွဲ့က တစ်ယောက်မှမပါဘူး၊ ကျွန်တော်တို့အရင် ဂေါပက အဖွဲ့ဟောင်းက လူတွေတော့ပါတယ်၊ ကန့်ကွက်လွှာတက်လာရင်တော့ ကျွန်တော်တို့ ပြန်စစ်ဆေးရမှာပဲ" ဟု ၎င်းက ထပ်မံပြောဆိုသည်။

ထိုဂေါပက အသစ်ရွေးချယ်ရာတွင် ဆန္ဒမဲထည့်ခွင့်ရှိသူ ၃၃၆၀ ဦးကျော်ရှိသည့်အနက် ဆန္ဒမဲပေးရန် လျှောက်လွှာတင်ထားသူ ၃၃၄၆ ဦး ရှိကြောင်း၊ ဆန္ဒမဲပေးမည့်သူများအနေနှင့်လည်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမှသာ ဆန္ဒမဲပေးနိုင်ကြောင်း ဂေါပကရွေးချယ်ကြီးကြပ်ရေးအဖွဲ့ထံမှ သိရသည်။

ကျိုက်ထီးရိုးဂေါပကအဖွဲ့ (ယာယီ)၏ ၂ နှစ်တာသက်တမ်းတွင် ရန်ပုံငွေ ကျပ်သိန်းပေါင်း ၉၃,၀၀၀ ကျော်အထိဖြစ်လာကြောင်း၊ ယာယီဂေါပကသို့ လွှဲပြောင်းစဉ်က ရန်ပုံငွေ ကျပ်သိန်းပေါင်း ၁၆,၀၀၀ သာ လက်ခံရရှိထားကြောင်း၊ ထို့ကြောင့် ဂေါပက(ယာယီ) သက်တမ်း ၂ နှစ်တွင် ရန်ပုံငွေ ကျပ်သိန်းပေါင်း ရှစ်သောင်းခန့် တိုးလာကြောင်း ကျိုက်ထီးရိုးဂေါပကအဖွဲ့(ယာယီ) ထံမှ သိရသည်။ ■ **R-21**

# ဆွာတမံ ထပ်ကျိုးမည်ကိုကြောက်၍ ဒေသခံအချို့ နေရာပြောင်းလို

**တောင်ငူ၊ စက်တင်ဘာ ၈**

ဆွာချောင်းတမံ ရေထိန်းတံခါး ကျိုးပေါက်ပျက်စီးခဲ့ရာတွင် အကြီးမားဆုံးပျက်စီးထိခိုက်မှုကို ကြုံခဲ့ရသော ကျွန်းတောစုကျေးရွာတွင် နေထိုင်သူများသည် ဆွာဆည်ထပ်မံကျိုးပေါက်မည်ကို စိုးရိမ်၍ အမြန်လမ်းဘေးရှိ မြေလွတ်များအနီးသို့ ရွှေ့ပြောင်းပေးစေလိုကြောင်း ယင်းဒေသခံများက ပြောကြားသည်။

ယင်းဆည်ကျိုးပေါက်မှုကြောင့် အခြားရွာများ အိမ်ခြေပျက်စီးဆုံးရှုံးမှုများ ရှိသည်ဟုဆိုသော်လည်း ရေတာရှည်မြို့နယ် ဆွာမြို့အနောက်ဘက် သိုင်းဝကျေးရွာအုပ်စုတွင် ပါဝင်သည့် ကျွန်းတောစုရွာမှ အများဆုံးအဖြစ် အိမ်ခြေ ၅၀ နီးပါး လုံးဝ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ဆက်လက်မနေရဲတော့ခြင်းဖြစ်ကြောင်း ယင်းဒေသခံများက ဆိုသည်။

"အခင်းဖြစ်နေ့က မနက် ၅ နာရီကျော်လောက်မှာ ရေတက်လာတယ်။ ရေမြင်နေတုန်းမှာပဲ ရွာသူ၊ ရွာသားတွေနဲ့ ဘုန်းကြီးတို့ တောင်ကုန်းတွေပေါ် အမြန်ရွှေ့လိုက်ရတယ်။ ရေကျတော့ အိမ် ၄၆ လုံး လုံးဝ ပျက်စီးဆုံးရှုံးသွားတယ်ဆိုတော့ မနေရဲကြတော့ဘူး" ဟု ကျွန်းတောစု ရွာဦးကျောင်းဆရာတော် ဦးကောဝိဒက မိန့်ကြားသည်။

ကျွန်းတောရွာသည် ဆွာဆည်အောက်ဘက်တွင် တည်ရှိပြီး လူနေအိမ် ၂၃၀ ခန့်တွင် လူဦးရေ ၉၀၀ ခန့် နေထိုင်ကြကာ လုံးဝပျက်စီးသွားသည့် အိမ်ခြေ ၄၆ လုံးရှိသည့်အပြင် ကျန်လူနေအိမ်များမှာလည်း အိမ်ထောင်ပရိဘောဂ ပစ္စည်းများ သာမက ယိုင်ရွဲ့ပျက်စီးမှုများပြားသော်လည်း အစိုးရတာဝန်ရှိသူများ၏ အကူအညီ ကို ယခုအချိန်အထိ မရရှိသေးကြောင်း အဆိုပါကျေးရွာတွင် နေထိုင်သူများက ဆိုသည်။

"ကျွန်တော် ဒီရွာမှာ ငယ်မွေးခြံပေါက်ပါ။ အခုလိုဖြစ်သွားတော့ ဆက်နေရမှာကြောက်သွားတယ်။ အုပ်ချုပ်ရေးအဖွဲ့တွေ ချပေးတဲ့နေရာ နေရမှာဖြစ်ပေမယ့် ရေဘေးမရှိတဲ့ နေရာနေချင်တယ်" ဟု ကျွန်းတောစုကျေးရွာနေ အသက် ၆၂ နှစ်အရွယ် ဦးအောင်မင်းက ဆိုသည်။

ဆည်ရေကျိုးပေါက်ရာမှ ရေနစ်မြုပ်ပျက်စီးခဲ့သည့်ကျေးရွာအချို့ရွှေ့ပြောင်းလိုသည့် အနေအထားကို စီစဉ်ပေးရမည်ဖြစ်သော်လည်း အဆင့်ဆင့်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ရေတာရှည်မြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က ရှင်းပြသည်။

အမြန်လမ်းမကြီးအနောက် သုံးမိုင်ခွဲခန့်အကွာ ဆွာမြို့သိုင်းဝကျေးရွာအုပ်စုဝင် ကျွန်းတောစု၊ တမံဆည်နှင့် လှည်းလမ်းကူးကျေးရွာများ အနီးကပ်ဆုံးရှိနေခဲ့ သော်လည်း ဆည်ရေကြောင့် ထိခိုက်ပျက်စီးမှုမှာ ကျွန်းတောစုကျေးရွာသည် အဆိုးရွားဆုံးဖြစ်ကြောင်း ရေဘေးကယ်ဆယ်ရေးရောက်ရှိခဲ့ကြသူများထံမှ သိရသည်။

ပဲခူးတိုင်း ရေတာရှည်မြို့နယ် ဆွာမြို့၏ အနောက်ဘက် သိုင်းချောင်းကျေးရွာအနီး ဆွာချောင်းတမံကျိုးပေါက် ပျက်စီး (ရေထိန်းတံခါး)ခဲ့သည့်အတွက် လူဦးရေ သုံးသိန်းကျော် ရေဘေးသင့်ခဲ့ပြီး ပျက်စီးခဲ့သည့် လူနေအိမ် ၁၈၅ လုံးအတွက် တစ်အိမ်ထောင်လျှင် ကျပ်သုံးသိန်း(ပြုလဲ)နှင့် ထိခိုက်သည့်အိမ်ကို ကျပ်ရှစ်သောင်း ထောက်ပံ့ပေးခဲ့ကြောင်း ယင်းတိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။ ■ **R-15**


**The VOICE Sunday**

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Chief Editor** -Tin Aung Kyaw, **Deputy Chief Editor** -Kyaw San Min. **Legal Advisors** - U Hla Sein (Advocate), U Khin Maung Myint
**Editor in Charge** - Aung Soe, **Senior Executive Editor** - Thiri Zaw,
**Foreign Desk** - Aung Kyaw Soe,
**Senior Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,
**Editors** -Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw, Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing.
**Reporters** - Khine Cherry Tun, Zeyar Hein, San San Htwe, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai, Mya Zarchi Thin.
**Part-time Editors** - Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aye Su Mon, Bhone Nay.
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Aung Phyo, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Khin May San.
**Photographer** - Ye Pyae Zar Ni, Aung Naing, **Advertising** - Ei Mar Lar, Zaw Zaw Aung, **Distribution** - Htet Khaung.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com, **Website** - www.thevoicemyanmar.com,
**Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080. **Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.


## Editor's Word

# ပျက်အစဉ် ပြင်ခဏ၊ မူသာ ပဓာန

အခုနောက်ပိုင်း ကျွန်တော်တို့ မြန်မာလူမှုပတ်ဝန်းကျင်မှာ မြင်ကြားတွေ့သိနေရတဲ့ အမှုအခင်းကိစ္စ တော်တော်များများက အံ့အားသင့်စရာကောင်းလောက်အောင် ကျွန်တော်တို့ရဲ့လူမှုတန်ဖိုးတွေ၊ ကျင့်ဝတ်စံနှုန်းတွေ ဒလဟောကျနေသလားလို့ မေးစရာဖြစ်လာတယ်။

ဘာမဟုတ်တဲ့ ကိစ္စလေးတွေ၊ ပြဿနာလေးတွေ၊ သဘောထား မတိုက်ဆိုင်မှုလေးတွေနဲ့တင် ရက်ရက်စက်စက် လူသတ်တဲ့အထိ ဖြစ်လာတာမျိုး၊ မကြားဝံ့မနာသာ ကလေးသူငယ်ဆိုင်ရာ လိင်အကြမ်းဖက်မှုခင်းပိုများလာတာမျိုး၊ ဆယ်ကျော်သက်၊ နှစ်ဆယ်စွန်းစွန်း လူငယ်တွေ ခိုး၊ ဆိုး၊ လု၊ နှိုက်တဲ့နှုန်း မြင့်လာတာမျိုးနဲ့ ပိုင်ရှင်မဲ့ ဖမ်းမိတဲ့မူးယစ်ဆေး၊ သစ်၊ တားမြစ်ကုန်စည် အမှုအခင်းတွေ နေ့တိုင်းလိုလို ဖြစ်လာတာမျိုးတွေပေါ့။

နေ့စဉ် ကိုယ့်ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင်လည်း စည်းကမ်းမဲ့ အပြုအမူတွေ၊ ဥပဒေ စည်းကမ်းချိုးဖောက်မှုတွေကို ကျင့်သားရနေတဲ့ ပုံစံမျိုး၊ ပြုမြဲ ပြုနေကျ ပုံစံမျိုးနဲ့ ကျူးလွန်ဖောက်ဖျက်နေကြတယ်။ ရိုင်းပျစော်ကားတဲ့ အသုံးအနှုန်းတွေနဲ့ ဆဲဆို၊ ပုတ်ခတ်၊ စောင်းမြောင်း၊ တိုက်ခိုက်တာတွေကလည်း အွန်လိုင်း လူမှုရေးကွန်ရက်ပေါ်မှာ တင်းကျမ်းပြည့်နေတယ်။

အမှိုက်ကောက်လှုပ်ရှားမှုကလည်း ရက်သတ္တတစ်ပတ်လောက်နဲ့ တချို့နေရာတွေမှာ တစ်လလောက်ပဲ ခံလိုက်တယ်။ အမှိုက်ပစ်တဲ့သူတွေကတော့ အချိုးမပြင်တဲ့အပြင် ပြည်သူပိုင်ပန်းခြံ၊ ကစားကွင်းလိုနေရာမျိုးတွေမှာတောင် အရက်ဝိုင်းဖွဲ့သောက်၊ အမှိုက်တွေ ဖွထားခဲ့တာ မြင်မကောင်းဘူး။ လက်တစ်ကမ်းတိုင်းမှာ အမှိုက်ပစ်စရာ အမှိုက်ပုံးတွေ ထောင်သောင်းချီပြီး ချပေးလိုက်ရင်တော့ စည်းကမ်းမဲ့ပစ်တာ လျော့သွားမယ်ထင်တယ်။

လမ်းပေါ်တက်လိုက်ရင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုက မမြင်ချင်မှ အဆုံးဆိုသလိုပဲ။ နိုင်ငံတကာမှာဆို အပြစ်အကြီးဆုံး ယာဉ်စည်းကမ်းချိုးဖောက်မှုလို့ ပြောနိုင်တဲ့ အလွတ်ချိုးကွေ့ကြောထဲကနေ တည့်ကြောထဲကို မီးပွိုင့်နားကပ်မှ ဖြတ်ဝင်တာမျိုး၊ တည့်ကြောထဲဝင်ပြီး မီးပွိုင့်နားရောက်မှ ကွေ့ဖို့အချက်ပြမီးနဲ့ ထိုးကပိုက်နေတာမျိုး၊ မီးဝါနဲ့ မီးနီကြား ဖြတ်မောင်းတာမျိုးတွေက နေ့တိုင်း၊ ရုံးဆင်း၊ ရုံးတက်ချိန်တိုင်း တွေ့နေရတယ်။

ယာဉ်ကြောပိတ်ဆို့မှုနဲ့အတူ ကားရပ်စရာနေရာမရှိတဲ့အတွက် ဖြူနီကြား မှာရော၊ ဖြူနီကြားမဟုတ်တဲ့ နေရာတွေမှာပါ နှစ်ထပ်၊ သုံးထပ်ရပ် လာကြတာမျိုး၊ ကားပါကင်နေရာလုရင်း တုတ်တစ်ပြက်၊ ဓားတစ်ပြက် ရန်ဖြစ်ကြတာမျိုး၊ မြို့လယ်က လမ်းကျဉ်းလေးတွေထဲမှာ ကားရပ်ပြီး ပစ္စည်းအတင်အချလုပ်နေကြတဲ့အတွက် နောက်ကကားတွေ အချိန်အကုန်ခံပြီး စောင့်နေကြရတာမျိုးတွေက အရင်ထက်ပိုဆိုးလာတယ်။

ကားရပ်ဖို့ နေရာ အလုံအလောက် ဖန်တီးမပေးဘဲ မဖြစ်လို့ ကန့်သတ်ထားတဲ့ နေရာတွေမှာ ရပ်တဲ့ကားတွေ၊ နှစ်ထပ် သုံးထပ်ရပ်တဲ့ကားတွေကို ဆွဲကားနဲ့ ဆွဲပြီး ဒဏ်ရိုက်တာက ဆွဲတုန်း နာရီပိုင်း၊ မိနစ်ပိုင်းလောက်ပဲ မရပ်တာရှိမယ်။ ဆွဲတဲ့ကား ထွက်သွားတာနဲ့ ဒုံရင်းဒုံရင်းပြန်ဖြစ်သွားတယ်။ တကယ်တော့ အခပေးကားပါကင် လုံလုံလောက်လောက် ဖန်တီးပေးပြီး အဲဒီနေရာတွေမှာ စည်းကမ်းတကျ ရပ်ထိုင်းတာမျိုး မရပ်တော့မှပြင်းပြင်းထန်ထန် ဒဏ်ရိုက်တာမျိုးဆိုရင် ပိုကောင်းမယ်။

တကယ်တော့ ဒီပြဿနာ အားလုံးကို ဆန်းစစ်ကြည့်လိုက်ရင် ဆင်းရဲမွဲတေမှုနဲ့ စီမံခန့်ခွဲမှုအလွဲဆိုတဲ့ ရင်းမြစ် အကြောင်း အရင်းနှစ်ခုကို တွေ့ရမယ်။ ဆင်းရဲတဲ့အတွက် ဆာလောင်နေတဲ့ ဝမ်းဗိုက်ကို အာဟာရဖြည့်တင်းဖို့ ရှုန်းကန်နေတဲ့အချိန် များတယ်။ ဦးနှောက်နဲ့ နှလုံးသား ထက်မြက်သန့်စွမ်းအောင် မြှင့်တင်ပေးမယ့် ဉာဏ်ပညာနဲ့ စိတ်အာဟာရ ဖြည့်တင်းဖို့ ပျက်ကွက် လာတယ်။

ဆင်းရဲတဲ့အတွက် အာဏာသုံးရပ်မှာ အကျင့်ပျက်ခြစားမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေများလာပြီး နယ်ပယ်အရပ်ရပ်နဲ့ လူထု၊ လူတန်းစား အသီးသီး မှာလည်း ယုံကြည်မှုကို အလွဲသုံးစားလုပ်တဲ့ အမှုအခင်းတွေ၊ ဒုစရိုက်မှုတွေ များသထက်များလာတယ်။

တကယ်တော့ ဒီပြဿနာတွေအားလုံးက အရင်စနစ်ဆိုးတုန်းက စည်းကမ်းမဲ့၊ ဥပဒေမဲ့ ဖြစ်ခဲ့တာတွေ၊ စည်းကမ်းကျော်၊ ဥပဒေကျော် ခွင့်ပြုခဲ့တာတွေရဲ့ အကျိုးဆက်လို့ဆိုပေမယ့် ပြဿနာဖြစ်တိုင်း အရင်လူတွေချည်း အပြစ်ပုံချနေတာမျိုးကလည်း မသင့်တော်ပြန်ဘူး။

ကျွန်တော့်အမြင်အရပြောရရင် ဒီလိုစည်းကမ်းနဲ့ကျင့်ဝတ်ပိုင်းမှာ ပရမ်းပတာဖြစ်လုနီးနီး ဖြစ်နေတဲ့ နိုင်ငံနဲ့ လူ့အဖွဲ့အစည်းကို ပြုပြင်တတ်ဖို့၊ စီမံခန့်ခွဲတတ်ဖို့ အရည်အချင်းရှိတဲ့ ဥပဒေပြုလွှတ်တော်နဲ့ အစိုးရတွေလိုတယ်။ ဝေဖန်၊ တိုက်ခိုက်တာကို ခံနိုင်ရည်ရှိဖို့လိုမယ်။ အကြံပြု၊ ထောက်ပြတာတွေကို ယူသင့်တာယူ၊ ပယ်သင့်တာ ပယ်တတ်ဖို့လိုမယ်။ လုပ်သင့်လုပ်ထိုက်တာကိုရဲရဲတင်းတင်း၊ ပြတ်ပြတ်သားသား ဆုံးဖြတ်၊ လုပ်ကိုင်ဖို့ လိုမယ်။

အခြေခံပညာ မူလတန်း ပညာရေးကအစ အရပ်ဘက်၊ နိုင်ငံ့ဝန်ထမ်း ဘက်၊ ရဲဘက်ရော၊ စစ်ဘက်စတဲ့ နယ်ပယ် အားလုံးမှာရှိတဲ့ အလယ်တန်း၊ အထက်တန်း၊ သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တွေရဲ့ သင်ရိုးညွှန်းတမ်းတွေကို ပြောင်းနေတဲ့ ကမ္ဘာကြီးရဲ့အလျင်၊ ဒီမိုကရေစီ တန်ဖိုးနဲ့ လူမှုကျင့်ဝတ်စံနှုန်းတွေနဲ့ ညီညွတ်တဲ့ ခေတ်မီသင်ရိုးညွှန်းတမ်းတွေအဖြစ် မွမ်းမံပြုပြင်ရမယ်။

အဲဒီလို အများကြိုက်နိုင်တာရော၊ အများမကြိုက်နိုင်တာရော ဥပဒေနဲ့အညီ စီမံခန့်ခွဲဖို့အတွက် အနိမ့်ဆုံးအားဖြင့် ဥပဒေ၊ စည်းကမ်းနဲ့အညီ သူ့နေရာနဲ့သူ ထိုက်တန်ကျွမ်းကျင်၊ နားလည်၊ တတ်သိတဲ့ လူမှန်နေရာမှန် တာဝန်ပေးတတ်ဖို့၊ ဗဟိုချုပ်ကိုင်မှုလျှော့ပြီး အောက်ခြေအဆင့်ဆင့်အလိုက် လုပ်ပိုင်ခွင့်လွှဲအပ်ထားဖို့လိုတယ်။ ဒါတွေအားလုံးကို ချုပ်ပြီးပြောရရင် လူအစား မူနဲ့စီမံခန့်ခွဲဖို့ပဲ။

**အယ်ဒီတာ ( ၈ - ၉ - ၂၀၁၈ )**

**(၁ - ၄ - ၂၀၁၇ နေ့ထုတ် The Voice Daily သတင်းစာတွင် ဖော်ပြခဲ့ပြီးသော အယ်ဒီတာ့အာဘော်ကို ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။)**

# ဆောကျောက်မီးသွေးတွင်း ပြိုကျမှု အလောင်းတစ်လောင်းတွေ့၊ ၄ ဦး ပိတ်မိနေဆဲ

**ချောက်၊ စက်တင်ဘာ ၈**



ဓာတ်ပုံ-ဆောရဲတပ်ဖွဲ့

မကွေးတိုင်း ဆောမြို့နယ် ကျောက်မြောင်းကျေးရွာအနီးရှိ ကျောက်မီးသွေးတွင်း ပြိုကျရာတွင် ပိတ်မိနေသူ ၅ ဦးမှ အမျိုးသားတစ်ဦးအလောင်းကို စက်တင်ဘာလ ၇ ရက်နေ့ မွန်းလွဲ ၂ နာရီခန့်က ရှာဖွေတွေ့ရှိခဲ့ပြီး ကျန် ၄ ဦးကို ဆက်လက်ရှာဖွေနေကြောင်း ကယ်ဆယ်ရေးလုပ်ဆောင်နေသူများထံမှ သိရသည်။

ထွန်းရာဇသတ္တုတွင်း တူးဖော်ရေးကုမ္ပဏီ၏ ကျောက်မီးသွေးတွင်း စက်တင်ဘာလ ၆ ရက်နေ့က ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့သည့်အတွက် သုံးဦးသေဆုံးကာ ၁ ဦးဒဏ်ရာရခဲ့ပြီး ၅ ဦးပိတ်မိနေရာမှ စက်တင်ဘာလ ၇ ရက်နေ့က စစ်ကိုင်းတိုင်း ဝန်းသိုမြို့နယ် ဝမ်းကြီးကျေးရွာနေ ဦးမျိုးခိုင်(၃၂ နှစ်)ကို အရေပြားစုပ်ပြဲဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဆောမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ဆိုသည်။

တွင်းအနက် ပေ ၃၀၀ ခန့်ရှိ ယင်းကျောက်မီးသွေးတွင်းအတွင်း ပိတ်မိနေသည့်ကျန် ၄ ဦးကိုအမှတ်၉ လေကြောင်းရန်ကာကွယ်ရေးကွပ်ကဲမှုဌာနချုပ်(နေပြည်တော်)၊ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ် ၁ သတ္တုတွင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဂန့်ဂေါခရိုင်နှင့် ဆောမြို့တို့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆောမြို့အထွေထွေအုပ်ချုပ်ရေးမှူး၊ ကြက်ခြေနီတပ်ဖွဲ့တို့မှ တွင်းအတွင်းသို့ လေပေးပိုက်များချခြင်း၊ ရေစုပ်စက်ဖြင့် ရေများစုပ်ယူခြင်းအစရှိသည့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းတို့ထံမှ သိရသည်။

"ပြိုကျတဲ့မြေတွေကို ဖယ်ရှားနေတယ်။ နောက်ထပ်လူတွေဝင်ဖို့ ကျင်းထဲမှာ လေရှူလို့ရ မရ စမ်းသပ်နေကြတယ်" ဟု ဆောမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောဆိုသည်။

အဆိုပါ ကျောက်မီးသွေးတွင်းသည် စက်တင်ဘာလ ၆ ရက်နေ့နံနက်ပိုင်းတွင် တွင်းအနက်ပေ ၃၀၀ ခန့်၌ သဘာဝဓာတ်ငွေ့နှဲ့ အောက်ဆီဂျင်ထိတွေ့မှုဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လုပ်သား ၁၂ ဦး လုပ်ကိုင်နေရာမှ ၆ ဦးလွတ်မြောက်ခဲ့သော်လည်း ၃ ဦးသေဆုံးကာ ၁ ဦးဒဏ်ရာရခဲ့ပြီး ၅ ဦးပိတ်မိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဆောမြို့မရဲစခန်းမှ ထွန်းရာဇာသတ္တုတူးဖော်ရေးကုမ္ပဏီမန်နေဂျာ မင်းမင်းဦးကို (ပ)၁၁၀/၂၀၁၈၊ ရာဇဝတ်မှုပုဒ်မ ၃၀၄(က)/၃၃၈ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။ ■R-24

# ဒေါက်တာအေးမောင်၊ စာရေးဆရာဝေဟင်အောင်နှင့် လူငယ် ၈ ဦးကို ပြန်လွှတ်ပေးရန် ရဟန်းတော်များ မေတ္တာရပ်ခံ

**စစ်တွေ၊ စက်တင်ဘာ ၈**

တရားစွဲဆိုခံနေရသော ဒေါက်တာအေးမောင်၊ စာရေးဆရာဝေဟင်အောင်တို့နှင့် မြောက်ဦးမြို့မှ လူငယ် ၈ ဦးတို့အား ပြစ်မှုမှ လွတ်မြောက်ပေးစေလိုကြောင်း စစ်တွေ မြို့နယ် စည်းကမ်းထိန်းသိမ်းရေးနှင့် ကူညီစောင့်ရှောက်ရေး ရဟန်းတော်များက နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့ထံ စက်တင်ဘာလ ၈ ရက်နေ့က မေတ္တာရပ်ခံလိုက်သည်။

"သူတို့နှစ်ဦးကို ဖမ်းသွားတဲ့နောက်ကတည်းက အခြေအနေတစ်ခုကို ကြည့်နေကြတာပေါ့၊ ဦးပဉ္စင်းတို့က ပေါ့ပေါ့ပါးပါးဖြစ်လိမ့်မယ်၊ ဥပဒေကြောင်းအရလည်း ဒီလောက်ထိ ကြာလိမ့်မယ် မဟုတ်လို့ ဦးပဉ္စင်းတို့က သုံးသပ်ရင်းနဲ့ ကြာလာတဲ့အခါ ဒီလို မေတ္တာရပ်ခံတာဖြစ်တယ်" ဟု စည်း/ထိန်း ရဟန်းတော်များအသင်းမှ ပြန်ကြားရေးတာဝန်ခံ ဦးဓမ္မိကက မိန့်ကြားသည်။

ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့မှာ ရခိုင်ဘုရင့်နိုင်ငံတော်ကျဆုံးသောနေ့ အထိမ်းအမှတ်ပွဲ၌ အချိန်ကာလအရ ဟောပြောရမည့် အဓိကအကြောင်းအရာ အားလျော်စွာ ပြောဆိုခဲ့သည့် သဘောမျိုးဖြစ်ကြောင်း၊ မြောက်ဦးမြို့မှ လူငယ် ၈ ဦးမှလည်း စာပေဟောပြောပွဲသို့ သွားကြရာ မမျှော်လင့်ဘဲ အဓိကရုဏ်းကြား ပါဝင်သွားကြသူများသာဖြစ်သည်ဟု သုံးသပ်မိကြောင်း ဦးဓမ္မိကက မိန့်ကြားသည်။

လက်ရှိအချိန်၌ ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့ နှစ်ဦးအား စွဲချက်တင်သင့်၊ မတင်သင့်ကို စက်တင်ဘာလ ၁၀ ရက်နေ့တွင် တရားရုံးက အမိန့်ချမှတ်မည်ဖြစ်ပြီး မြောက်ဦးမြို့မှ လူငယ် ၈ ဦးကို ၁၃ ရက်နေ့၌ စွဲချက် တင်သင့်၊ မတင်သင့် နှစ်ဖက်ရှေ့နေများက လျှောက်လဲချက်ပေးကြမည် ဖြစ်သည်။

မြောက်ဦးမြို့မှ လူငယ် ၈ ဦးမှာ အများပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေ ပုဒ်မ ၆(၁)ဖြင့် တရားစွဲဆိုခံနေရပြီး ဒဏ်ရာများဖြင့် ဖမ်းဆီးချုပ်နှောင်ခံနေရသည်။ ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့သည် နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှု ပုဒ်မ ၁၂၂၊ နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ)(ဂ) နှင့် မတရားအသင်းဆက်သွယ်မှု ပုဒ်မ ၁၇(၁) တို့ဖြင့် တရားစွဲဆိုခံထားရခြင်းဖြစ်သည်။

ထို့အပြင် ဩဂုတ်လအတွင်းကလည်း ဒေါက်တာအေးမောင်နှင့် စာရေးဆရာဝေဟင်အောင်တို့ အမြန်ဆုံးလွတ်မြောက်စေရန်အတွက် စစ်တွေမြို့တွင် ဆုတောင်းပွဲတစ်ခုလည်း ပြုလုပ်ခဲ့ကြသည်။

■ R-22

# ဇန်းမော်တစ်ဖက်ကမ်း ရွာ ၂ ရွာ မီးလင်းရေးလုပ်ဆောင်

**ဇန်းမော် ၊ စက်တင်ဘာ ၈**

ကချင်ပြည်နယ် ဇန်းမော်မြို့တစ်ဖက်ကမ်း ကျွန်းရွာ ၂ ရွာတွင် ကျေးရွာအရောက် မီးလင်းရေးစီမံချက်ဖြင့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်၌ လျှပ်စစ်မီးရရှိရေး လုပ်ဆောင်နေကြောင်း ကချင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်သင်းက ပြောကြားသည်။

"လျှပ်စစ်မီး သွယ်တန်းလို့ရတဲ့ ကျေးရွာတွေကို လျှပ်စစ်မီးသုံးရအောင် လုပ်မယ်၊ သွယ်တန်းလို့ မရနိုင်တဲ့ ကျေးရွာတွေကိုလည်း ဆိုလာ လျှပ်စစ်မီး ရအောင် လုပ်ပေးမယ်၊ ဒါပေမဲ့ ကိုယ့်ဒေသမီးလင်းဖို့ ကိုယ်က ဦးဆောင်အားထည့်မှရမယ်" ဟု ၎င်းကဆိုသည်။

လျှပ်စစ်ဝန်ကြီးဌာန၏ ၂၀၂၀ ခုနှစ်တွင် ကျေးရွာအရောက် မီးလင်းရေး စီမံချက်ဖြင့် လုပ်ဆောင်ရာ ကျွန်းကြီး၊ မိုင်းကာ၊ မံပင်၊ ကုန်းခါး ၊ ကမ်းနီ ကျေးရွာစသည့် ရွာ ၅ ရွာအနက် ကုန်းခါးနှင့် ကမ်းနီးရွာ ၂ ရွာသာ လျှပ်စစ်မီးရရန်ကျန်နေကြောင်း၊ ကျန် ၂ ရွာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၌အပြီး သွယ်တန်းပေးမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းထွန်းဦးက ပြောကြားသည်။

"အိပ်မက်တောင် မမက်နိုင်ခဲ့တဲ့ဖြစ်ရပ်ပါ။ ဝမ်းသာလွန်းလို့ အရမ်းကျေးဇူးတင်ပါတယ်" ဟု မိုင်းကာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်မြင့်က ပြောသည်။

ဇန်းမော်မြို့ တစ်ဖက်ကမ်းရှိကျွန်းပေါ်တွင် အိမ်ခြေ ၉၀၀ကျော်မှာ လျှပ်စစ်မီး ရရှိနေကြောင်း၊ ဒုတိယ ဘတ်ဂျက်တွင် စင်ခန်း ရွာ၌ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးပါက ရွာ ၁၁ ရွာကို မီးပေးနိုင်မည်ဖြစ်ကြောင်း ဇန်းမော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်က ဆိုသည်။ ■R-14

giz

Invitation to Bid
Laboratory equipmenets & materials

Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH is part of the German Development Cooperation. It is supporting the Myanmar Government in its activities related to sustainable economic development through projects on private sector development, technical and vocational training, banking and financial sector development.

Requirement Items:

Equipment & Materials for 2 Wet Laboratories & 1 Dry Laboratory – 85 items

Further Information

The complete set of tender application documents can be requested under MM-Procurement@giz.de, +959 264 254 273 before 4:00 PM on 13 September 2018.

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# ရောဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေ ထပ်မံတိုးချဲ့

**ရန်ကုန်၊ စက်တင်ဘာ ၈**

ရောဝတီလင်းပိုင်များ မျိုးပြုန်းတီးမှုကို ထိန်းသိမ်းကာကွယ်ရန်အတွက် ရောဝတီမြစ်ကြောင်းအတွင်း ရောဝတီလင်းပိုင် ထိန်းသိမ်းရေးနယ်မြေကို ထပ်မံတိုးချဲ့သတ်မှတ်လိုက်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ သိရသည်။

ရောဝတီလင်းပိုင်မျိုးစိတ်များ ပျံ့နှံ့ကျက်စားရာ အရှည်လျားဆုံးမြစ်အစိတ်အပိုင်းဖြစ်ပြီး ရောဝတီလင်းပိုင် အကောင်အရေအတွက် အများဆုံးရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်မှ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အထိ ရောဝတီမြစ်ပိုင်းကို ရောဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေအဖြစ် ထပ်မံတိုးချဲ့လိုက်ခြင်းဖြစ်သည်။

အဆိုပါတားမြစ်ဇရိယာများအတွင်း ရေလမ်းကြောင်း ပိတ်ဆို့ချထားသည့် တန်းပိုက်၊ မြစ်ကြောင်းအတွင်း ကမ်းတစ်ဖက်မှတစ်ဖက်ကိုပိတ်၍ထားသည့်တန်းပိုက်များ၊ အလျား ၃၀၀ ထက်ပိုသည့် မျှောပိုက်များ၊ ဘက်ထရီ၊ ကျဉ်စက်၊ မီးစက်ဖြင့် ရှော့ခ်တိုက်ငါးဖမ်းဆီးခြင်း၊ အဆိပ်ချ၊ မိုင်းခွဲငါးဖမ်းဆီးခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ အခါအားလျော်စွာတားမြစ်သည့် ငါးဖမ်းကိရိယာ စသည့်ငါးဖမ်းနည်းများဖြင့် ငါးဖမ်းဆီးခြင်းမပြုရန် တားမြစ်လိုက်သည်။

“ရောဝတီမြစ်ကြောင်းထဲမှာပဲ အရင်က လင်းပိုင်ထိန်းသိမ်းတဲ့ဇရိယာက မန္တလေးတိုင်းထဲမှာ ၇၂ မီတာရှိတယ်။ အခုက စစ်ကိုင်းတိုင်းနဲ့ ကချင်ပြည်နယ်ပေါင်းပြီး ဒုတိယဇရိယာအဖြစ် မီတာ ၁၀၀ ကျော်ထပ်ချဲ့လိုက်တာ” ဟု ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ပြောကြားသည်။

ယင်းတားမြစ်ဇရိယာများတွင် မျှောပိုက်များချထား၍ ငါးဖမ်းရာတွင် တစ်ဖုံနှင့်တစ်ဖုံအကြား ပေ ၆၀၀ အကွာအဝေး ချန်လှပ်ထားရန်သတ်မှတ်လိုက်ပြီး ရောဝတီလင်းပိုင်ထိန်းသိမ်းရေး ဇရိယာအတွင်းရှိ ငါးပေါက်ဖွားရာတွင်အရေးပါသည့် ရေတိမ်သောင်ခုံများ၊ ကျူတောများ၊ ကိုင်းတောများ၊ ဒိုက်တောများ ပျက်စီးစေသည့် ဓာတုဆေးဝါးများ၊ ဓာတ်သတ္တုပစ္စည်းများ မြစ်အတွင်းစွန့်ပစ်ခြင်း လုံးဝမပြုလုပ်ရန် တားမြစ်လိုက်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

ထို့ပြင် ရေလုပ်သားများ၊ ငါးလုပ်ငန်းဆောင်ရွက်သူများသည် ရောဝတီလင်းပိုင်များကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ တစ်ကောင်လုံး သို့မဟုတ် အစိတ်အပိုင်းများအဖြစ်လည်းကောင်း ရောင်းဝယ်ခြင်း မပြုလုပ်ရန်နှင့် မိမိတို့၏ မျှောပိုက်များတွင် ရောဝတီလင်းပိုင်များနှင့် လင်းပိုင်သားပေါက်များ မတော်တဆဖမ်းဆီးရမိခဲ့ပါက မြစ်အတွင်းသို့ အရှင်အတိုင်း အမြန်ဆုံးပြန်လွှတ်ပေးရမည်ဖြစ်ကြောင်း ထုတ်ပြန်သတ်မှတ်လိုက်သည်။

ရေလုပ်သားများအနေနှင့် တားမြစ်သတ်မှတ်ချက်များကို လိုက်နာခြင်း မရှိပါက ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ သိရသည်။ ■ J-11



ဓာတ်ပုံ-ရန်ကုန်တိရိစ္ဆာန်ဥယျာဉ်

# ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ အာဖရိကဆိတ်သမင်မျိုးစိတ်သစ် ၇ ကောင် ရောက်

**ရန်ကုန်၊ စက်တင်ဘာ ၈**

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ အာဖရိကဆိတ်သမင်မျိုးစိတ်သစ် ၇ ကောင် စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းက ရောက်ရှိလာကြောင်း ယင်းတိရစ္ဆာန်ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က ပြောကြားသည်။

အဆိုပါ အာဖရိကဆိတ်သမင်၌ မျိုးစိတ်နှစ်မျိုးပါဝင်ပြီး နူးဆိတ်သမင်(Gnu) မျိုးစိတ် ဆိတ်သမင် လေးကောင်အနက် အထီးတစ်ကောင်၊ အမသုံးကောင်နှင့် ညာလာဆိတ်သမင် (Nyala) သုံးကောင်တွင်လည်း အထီးတစ်ကောင်နှင့် အမနှစ်ကောင်တို့ကိုနေပြည်တော်ဆာဖာရီတိရစ္ဆာန်ဥယျာဉ်မှ လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

“ရန်ကုန်နဲ့ နေပြည်တော်ရဲ့ရာသီဥတုက ကွာခြားမှု မရှိတော့ အဆင်ပြေတယ်။ ဘယ်အချက်ကို စိတ်ပူရသလဲဆိုတော့ မိုးများလာရင် ဘယ်လိုလုပ်မလဲဆိုတာ စိတ်ပူရတယ်။ အဲ့ဒါကြောင့် ညဘက်နားခိုဖို့ နေရာလေးတွေ လုပ်ပေးထားတယ်” ဟု ၎င်းက ဆိုသည်။

တိရစ္ဆာန်ဥယျာဉ်များသည် မွေးမြူပြသထားသည့် တိရစ္ဆာန်မျိုးစိတ်များကို အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန်အပြင် ယင်းတိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ပြုလုပ်ပေးရကြောင်း၊ ထို့အပြင် မျိုးပွားအောင်လည်း လုပ်ဆောင်ရကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

ယင်းဆိတ်သမင်မျိုးစိတ်သစ် ၇ ကောင်ကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ သေဆုံးသွားသော သစ်ကုလားအုတ် ထားရှိခဲ့သည့်နေရာတွင် ထည့်သွင်းပြသထားပြီး သစ်ကုလားအုတ်ကိုလည်း ပြန်လည်ဖြည့်တင်းရန် လျာထားကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အုပ်ချုပ်ရေးမှူးက ထပ်မံဆိုသည်။

ထို့ကြောင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် တိရစ္ဆာန်မျိုးစိတ် ၁၃၄ စိတ်ရှိလာပြီး ကောင်ရေပေါင်း ၁၄၀၀ နီးပါးရှိလာကြောင်း ယင်းတိရစ္ဆာန်ဥယျာဉ်ထံမှ သိရသည်။

နေပြည်တော် ဆာဖာရီတိရစ္ဆာန်ဥယျာဉ်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်များသည် သစ်တောဦးစီးဌာန၊ တိရစ္ဆာန်ဥယျာဉ်များဌာနအောက်တွင် ရှိသောကြောင့် အခကြေးငွေဖြင့် ဝယ်ယူရခြင်း မရှိကြောင်း၊ အာဖရိကဆိတ်သမင်၏ အလေ့အထအရ တစ်နှစ်လျှင် တစ်ကောင်နှုန်း မွေးဖွားပြီး ကိုယ်ဝန်ဆောင်ချိန် ခုနစ်လကြာမြင့်ကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ထံမှ သိရသည်။ ■ J-17

# လူထုမြေယာဆွေးနွေးပွဲမှ ရလဒ် ၁၂ ချက် လွှတ်တော် တင်ပြမည်

**ရန်ကုန်၊ စက်တင်ဘာ ၈**

ဖက်ဒရယ်မြေယာအုပ်ချုပ်ရေးဖြင့် မြေယာအခွင့်အရေးနှင့်ရပိုင်ခွင့်ကို အာမခံနိုင်ရန် ရည်ရွယ်ချက်ဖြင့်ပြုလုပ်သည့် လူထုမြေယာဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ရလဒ် ၁၂ ချက်ကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း Ethnic Concern အရပ်ဘက်အဖွဲ့အစည်းမှ ဒါရိုက်တာဖြစ်သူ ကိုဆလိုင်းဂျင်မီက ပြောကြားသည်။

၂၀၁၂ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်မြေရိုင်းဥပဒေများကို ပြင်ဆင်ရာတွင် ပိုမိုဆိုးရွားသည့်အချက်များကို တွေ့ရှိရသည့်အတွက် ယခုဆွေးနွေးပွဲတွင် ရရှိလာသည့်အချက်များကို အသစ်ပြင်ဆင်သည့် ဖက်ဒရယ်လယ်ယာမြေဥပဒေအသစ်တွင် ထည့်သွင်းစဉ်းစားရန် တင်ပြသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

“တိုင်းနဲ့ပြည်နယ် ၁၄ ခုက ပညာရှင်တွေ၊ တောင်သူလယ်သမားကိုယ်စားလှယ်တွေ၊ ဥပဒေပညာရှင်တွေ၊ ဆွေးနွေးပွဲက ရရှိလာတဲ့အချက်တွေကို ဖက်ဒရယ်မြေယာဥပဒေမှာ ထည့်သွင်းရမယ့်အခြေခံမှုတွေကို သက်ဆိုင်ရာ လွှတ်တော်၊ အစိုးရများမှ တာဝန်ယူ တာဝန်ခံမှုနဲ့ဆောင်ရွက်ပေးဖို့ တင်ပြတောင်းဆိုသွားမယ်” ဟု ကိုဆလိုင်းဂျင်မီက ဆိုသည်။

လူထုဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့်အချက်များတွင် မြန်မာနိုင်ငံတွင် ဖက်ဒရယ်မြေယာဥပဒေရေးဆွဲရာတွင် တောင်သူလယ်သမားများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ကိုယ်စားလှယ်များပါဝင်ခွင့်ရရန်၊ ဖက်ဒရယ်မြေယာဥပဒေအသစ်တစ်ရပ် မပေါ်ပေါက်မီအချိန်အထိ လွှတ်တော်ထဲတွင် လက်ရှိရောက်နေသော မြေယာဥပဒေများ ဆွေးနွေးခြင်းများကို ရပ်ဆိုင်းထားရန်နှင့် သိမ်းဆည်းခံလယ်ယာမြေပြဿနာများကို အမြန်ဆုံးဖြေရှင်းပေးရန်နှင့် သိမ်းဆည်းခံလယ်ယာမြေများကို မူလပိုင်ရှင်များလက်သို့ပေးအပ်ရန်တို့ပါဝင်သည်။

ထို့ပြင် မြန်မာနိုင်ငံတွင် လက်ရှိမူဝါဒနှင့်တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ယန္တရားများသည် လက်ရှိကြုံတွေ့နေသော မြေယာအငြင်းပွားမှုပြဿနာများကို ပြေလည်အောင် မဖြေရှင်းနိုင်သဖြင့် လွှတ်တော်တွင် မြေယာပြဿနာများ၊ မြေယာဥပဒေများအတွက် အစိုးရကို ထိန်းညှိရန်နှင့် ဆုံးဖြတ်ဖြေရှင်းပေးနိုင်သည့် ကော်မတီတစ်ရပ် ဖွဲ့စည်းပေးရန်နှင့် ကော်မတီ၏ စီမံခန့်ခွဲမှုများကို လိုက်နာမှုမရှိပါက အရေးယူအပြစ်ပေးနိုင်သည့် ပြစ်ဒဏ်ချမှတ်ရန် စသည့်အချက်များလည်း ပါဝင်ခဲ့သည်။

လူထုမြေယာဆွေးနွေးပွဲကို တိုင်းနှင့်ပြည်နယ် ၁၄ ခုမှအရပ်ဘက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ လယ်ယာမြေအရေး တက်ကြွလှုပ်ရှားသူများ အယောက် ၆၀၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဝါးပိုးရေကျေးရွာရှိ အာရှအလင်းရောင်ကျောင်းတိုက်တွင် စက်တင်ဘာ ၅ နှင့် ၆ ရက်က ပြုလုပ်ခဲ့သည်။ ■ J-10

## NEWS IN BRIEF

### နိုင်ငံတကာခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြပွဲ တပ်မတော်ခန်းမတွင် ကျင်းပမည်

**ရန်ကုန်၊ စက်တင်ဘာ ၈**

ပြည်တွင်းခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာခရီးသွားဝန်ဆောင်မှုပြပွဲကို နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်အထိ တပ်မတော်ခန်းမတွင် ပြသသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

နိုင်ငံတကာခရီးသွားကုမ္ပဏီများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန်၊ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်သောသတင်းအချက်အလက်များကို ခရီးသွားပြည်သူများ ပိုမိုသိရှိလာစေရန်၊ ခရီးသွားဝန်ဆောင်မှုအမျိုးမျိုးကို တစ်နေရာတည်းတွင် စုံလင်စွာရရှိစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။

အဆိုပါပြပွဲတွင် ခရီးသွားလုပ်ငန်းနှင့်စပ်ဆက်နေသည့် ပြခန်းပေါင်း ၁၀၀ ကျော် ထည့်သွင်းပြသမည်ဖြစ်ပြီး ပြပွဲလာရောက်သည့်ပြည်သူများအတွက် ပရိုမိုးရှင်းအစီအစဉ်နှင့်ကံစမ်းမဲအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။ ■ J-06

# NEWS IN BRIEF

## SEAOP က လှူသည့် ကျောင်းဆောင်သစ်တွင် ကျောင်းသား ၉၀၀ ကျော် ထားမည်

**ရန်ကုန်၊ စက်တင်ဘာ ၈**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အမှတ် ၃အခြေခံပညာအထက်တန်းကျောင်းတွင် အရှေ့တောင်အာရှရေနံစိမ်းပိုက်လိုင်း စီမံကိန်း SEAOP ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် သုံးထပ်ကျောင်းဆောင်သစ်၌ ကျောင်းသား ၉၀၀ ကျော် ထားမည်ဖြစ်ကြောင်း အဆိုပါ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသင်းက ပြောကြားသည်။

အဆိုပါကျောင်းဆောင်သစ်ကို စက်တင်ဘာလ ၇ ရက်ကလွှဲအပ်ခဲ့ပြီး အလျားပေ ၂၁၀၊ အနံပေ ၃၀၊ အမြင့်ပေ ၆၀ ရှိသော သုံးထပ်ကျောင်းဆောင်သစ်ဖြစ်ကာ စာသင်ခန်း ၁၅ ခန်းပါဝင်ပြီး တစ်ခန်းလျှင် ကျောင်းသား ၅၀ မှ ၆၀ ဦးအထိ ပညာသင်ကြားနိုင်ကြောင်း ၎င်းက ပြောကြားသည်။

SEAOP ကုမ္ပဏီ၏ CSR လုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အဆိုပါသုံးထပ်ကျောင်းဆောင်သစ်မှာ အကြီးဆုံးတစ်ခုဖြစ်ကာ တန်းဖိုးငွေမှာ ကျပ်သိန်း ၃၉၆၀ ဖြစ်ကြောင်း အဆိုပါကုမ္ပဏီဥက္ကဋ္ဌ Mr Zhang Qiang က ပြောကြားသည်။ ■ J-06

## Photo Studio & Wedding Planning Services ဆိုင်သစ်ဖွင့်လှစ်

**ရန်ကုန်၊ စက်တင်ဘာ ၈**

ချစ်သူများအတွက် အနာဂတ်မင်္ဂလာဆောင်စီမံကိန်း Photo studio & Wedding Planning Services ဆိုင်သစ်ဖွင့်ပွဲကို စက်တင်ဘာလ ၇ ရက်နေ့ နံနက် ၉ နာရီက အမှတ် ၆၉၁ သစ္စာလမ်းမတွင် ပြုလုပ်ခဲ့သည်။

ဆိုင်သစ်ဖွင့်ပွဲကို အနုပညာရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ■

## The Coffee Bean & Tea Leaf ဆိုင်ခွဲ မြန်မာပလာဇာတွင် ဖွင့်မည်

**ရန်ကုန်၊ စက်တင်ဘာ ၈**

အမေရိကအခြေစိုက် The Coffee Bean & Tea Leaf ၏ လေးဆိုင်မြောက်ဆိုင်ခွဲကို မြန်မာပလာဇာတွင် စက်တင်ဘာလ ၁၅ ရက်နေ့၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း ယင်းဆိုင်ထံမှ သိရသည်။

ယခင်က ယင်းဆိုင်ခွဲများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ Terminal 1 နှင့် 3 တို့တွင် သုံးဆိုင်ဖွင့်လှစ်ခဲ့ပြီး စားသုံးသူများအတွက် ရည်ရွယ်ကာ မြန်မာပလာဇာတွင် ထပ်မံတိုးချဲ့ဖွင့်လှစ်မည်ဖြစ်သည်။ ■ J-05

## တယ်လီနော၏ MBA သင်တန်းအတွက် လူငယ် ၅ ဦးကို ရွေးချယ်

**ရန်ကုန်၊ စက်တင်ဘာ ၈**

တယ်လီနောမြန်မာနှင့် Myanmar Metropolitan College (MMC) တို့ ပူးပေါင်းပြီး ပေးအပ်သည့် အိုင်စီတီစီမံခန့်ခွဲမှုဆိုင်ရာ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့(MBA) သင်တန်းအတွက် ပညာသင်ဆု လျှောက်ထားသူဦးရေထဲမှ လူငယ် ၅ ဦးကို ရွေးချယ်လိုက်ကြောင်း တယ်လီနောထံမှ သိရသည်။

အဆိုပါ ပညာသင်ဆုအစီအစဉ်သည် ဒစ်ဂျစ်တယ်အခြေပြုပညာရေးနှင့် အခြေခံကောင်းများကို ဖန်တီးနိုင်ရန်အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည့်အပြင် MMC နှင့် ချိတ်ဆက်ထားသည့် ဆွစ်ဇာလန်နိုင်ငံရှိ University of Business and International Studies က အသိအမှတ်ပြု MBA ဘွဲ့လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။ ■ J-01

# မြတ်မင်းကုမ္ပဏီကို ဖွင့်ထားသည့်အမှု ပြန်ရုပ်သိမ်း

**မန္တလေး၊ စက်တင်ဘာ ၈**

ပုဂံမြို့ရှိ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများတည်ရှိရာ ဇုန် (MZ) အတွင်း မြတ်မင်းကုမ္ပဏီက ဟိုတယ်တည်ဆောက်နေသောကြောင့် အမှုဖွင့်တိုင်ကြားထားမှုများကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း မန္တလေးတိုင်းစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူကပြောကြားသည်။

ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများတည်ရှိရာဇုန် (MZ) အတွင်း မြတ်မင်းကုမ္ပဏီက ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းများ ပြုလုပ်နေသဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ်လက ပထမအကြိမ်တားမြစ်ခဲ့ရာတွင် လိုက်နာခြင်းမရှိဘဲ ဆက်လက်လုပ်ဆောင်နေသဖြင့် ယခုနှစ် မတ်လ ၁၄ ရက်နေ့က ဒုတိယအကြိမ် ထပ်မံတားမြစ်ခဲ့ကာ ဆက်လက်လုပ်ဆောင်နေသဖြင့် မတ်လ ၂၄ ရက်နေ့က ထပ်မံ စာထုတ်တားမြစ်ထားခဲ့သော်လည်း လိုက်နာမှုမရှိသဖြင့် ဧပြီလအတွင်းက အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

"ရပ်ပါဆိုတာကို မရပ်လို့ တရားစွဲတယ်၊ သာသနာရေးပြည်ထောင်စုဝန်ကြီးတို့၊ ဝန်ကြီးချုပ်တို့ ကွင်းဆင်းစစ်ဆေးကြည့်တဲ့အခါမှာ မှားနေတယ်ဆိုပြီး တရားစွဲထားတာကို ပယ်ဖျက်လိုက်တယ်။ ယူနက်စကို လာစစ်ပြီးတော့မှ ဆောက်ပါဆိုပြီး ပြောထားတယ်။ ရှေးသုက အမှုဖွင့်ထားတာကို ပြန်ပိတ်တယ်ပေါ့" ဟု ဦးမြတ်သူက ရှင်းပြသည်။

မြတ်မင်းကုမ္ပဏီက ဆောက်လုပ်သောနေရာသည် စည်ပင်သာယာရေးယာအတွင်း ရှိနေပြီး လူနေရပ်ကွက်နှင့် ယခင်က ဆောက်လုပ်ထားသော ဟိုတယ်အဆောက်အအုံများ ရှိနှင့်နေပြီးဖြစ်ကြောင်း၊ ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာသို့သွားသော မြေနီလမ်းအနောက်ဘက် ယာမြေ ၁၉ ဧကပေါ်၌ မြတ်မင်းကုမ္ပဏီက ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တိုင်းအစိုးရမှတ်တမ်းအရ သိရသည်။

မြတ်မင်းကုမ္ပဏီက ဆောက်လုပ်နေသောနေရာသည် ယခင်အစိုးရများလက်ထက်ကတည်းက ဟိုတယ်ဇုန်၄ နေရာအဖြစ် သတ်မှတ်ထားသည့်နေရာဖြစ်ကာ ဟိုတယ်ဆောက်လုပ်ခွင့်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ထပ်မံပြောဆိုသည်။

"အခုက ဘယ်လိုဖြစ်နေသလဲဆိုတော့ ပုဂံမှာရှိတဲ့ညွှန်မှူးတွေ အငြိမ်းစားယူပြီးပြောင်းသွားတဲ့အခါမှာ သက်ဆိုင်ရာညွှန်ချုပ်တွေ၊ ဝန်ကြီးတွေ သုံးယောက်လောက်ပြောင်းသွားတာနဲ့ တကယ်လုပ်ငန်းရှင်တွေ ဒုက္ခရောက်နေတာက အများစုပဲ။ မှတ်တမ်းတွေပြန်ကြည့်တဲ့အခါမှာ တွေ့နေရတယ်။ တစ်ယောက်က ခွင့်ပြုလိုက်၊ တစ်ယောက်ကပိတ်လိုက် ဒီလိုတွေ ဖြစ်နေတယ်" ဟု ဦးမြတ်သူက ရှင်းပြသည်။

ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများတည်ရှိရာဇုန် (MZ)ဇုန်အတွင်း ဟိုတယ်ဆောက်လုပ်နေခြင်းကို အမြန်ဆုံးရပ်တန့်ပေးရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အငြိမ်းစားအရာရှိများဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံရှေးဟောင်းသုတေသနပညာအသင်းက မတ်လ ၂၄ ရက်နေ့တွင် သဘောထားကြေညာချက်တစ်စောင် ထုတ်ပြန်တောင်းဆိုခဲ့ဖူးသည်။

"မြတ်မင်းကို ဟိုတယ်ဆောက်လုပ်ခွင့်ပေးချင်တယ်ဆိုရင် အမှုရုပ်သိမ်းချင်တယ်ဆိုရင် စီမံကိန်းပေးထားတဲ့ (MZ) ဇုန်ထဲက ထုတ်လိုက်။ ရှေးဟောင်းအဆောက်အအုံတည်ရှိရာဇုန်လို့ပြောတဲ့အတွက် ဒါဟာဥပဒေကိုက ခွင့်ပြုပေးလို့မရဘူး။ မြတ်မင်းဆောက်တာက အခန်းပေါင်း ၄၀၀ နီးပါးဆိုတာက လုပ်ငန်းအကြီးထဲမှာ ပါတယ်။ အခုတရားစွဲလိုက်၊ အခုပြန်ရုပ်သိမ်းလိုက်ဆိုတာက တရားဥပဒေစိုးမိုးမှုဆိုတာ ဘာလဲ။ ဒီလိုပဲပြောချင်တယ်" ဟု မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနပညာအသင်း အတွင်းရေးမှူး ဦးသူရအောင်က ပြောကြားသည်

အဆိုပါကိစ္စနှင့်ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှ တာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းသော်လည်း ယူနက်စကိုမှ တာဝန်ရှိသူများ လာရောက်စစ်ဆေးမည်ဖြစ်၍ မအားလပ်သောကြောင့်ပြန်လည်ဖြေဆိုနိုင်ခြင်း မရှိခဲ့ပေ။ ■ M- 05

# ကုမ္ပဏီပိုင်ငွေ သိန်း ၄၀ ကျော်အလွဲသုံးစားလုပ်သည့် အရောင်းကြီးကြပ်ရေးမှူးကို အမှုဖွင့်

**မိတ္ထီလာ၊ စက်တင်ဘာ ၈**

မိတ္ထီလာမြို့တွင် စီးကရက်များဖြန့်ဖြူးရောင်းချသည့်ကုမ္ပဏီတစ်ခုမှ ပိုင်ဆိုင်သော ကျပ်သိန်း ၄၀ ကျော်ကို အရောင်းကြီးကြပ်ရေးမှူးတစ်ဦးက ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့သည်ဟုဆိုကာ စက်တင်ဘာ ၈ ရက်နေ့က အမှုဖွင့်အရေးယူထားကြောင်း အမှတ် ၂ နယ်မြေခံရဲစခန်းထံမှ သိရသည်။

ဝန်ဇင်းရပ်ကွက်တွင်နေထိုင်သော အသက် ၂၈ နှစ်အရွယ် အရောင်းကြီးကြပ်ရေးမှူး စည်သူဟိန်းသည် ကုမ္ပဏီပိုင်ငွေများကို ကိုယ်ကျိုးအတွက် အသုံးပြုထားသည်ဟုဆိုကာ Focus Star Co., Ltd. ၏ မိတ္ထီလာရုံးခွဲမန်နေဂျာ ဦးနန်းလင်းစိုးက အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း မှုခင်းမှတ်တမ်းအရ သိရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ စည်သူဟိန်းကို အမှတ်(၂) ရဲစခန်းက (ပ)၃၁၉/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၄၀၈ ဖြင့် အမှုဖွင့် ဖမ်းဆီးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■ R-01

# NEWS PHOTO



ဓာတ်ပုံ- ဘုန်းနေ

မန္တလေးမြို့တွင်း မော်တော်ယာဉ်ဝန်ဆောင်မှုပေးနေသောလုပ်ငန်းများအနက် တတိယမြောက် မော်တော်ယာဉ်ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော Get Ride (သုံးဘီးဆိုင်ကယ်၊ ကား၊ ဆိုင်ကယ်ဝန်ဆောင်မှု) မော်တော်ယာဉ်ကွန်ရက်၏ တရားဝင်မိတ်ဆက်ပွဲကို သံအမတ်ကြီး (ကန်တော်ကြီး -မန္တလေး) စားသောက်ဆိုင်၌ စက်တင်ဘာလ ၈ ရက်နေ့က ကျင်းပခဲ့သည်။

အဆိုပါကွန်ရက်အနေနှင့် ရန်ကုန်နှင့်မုံရွာမြို့တို့တွင်လည်း စမ်းသပ်ကာလအဖြစ် ပြေးဆွဲလျက်ရှိကြောင်း Get Ride ၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးငြိမ်းချမ်းစိုးဝင်းက ပြောဆိုသည်။

# ချင်းအလံအမှတ်အသားကို ဖိနပ်နှင့် ထဘီအဆင်အဖြစ် အသုံးပြုမှု တားမြစ်ပေးရန် တင်ပြမည်

**ကလေး၊ စက်တင်ဘာ ၈**

ချင်းပြည်နယ်၏အလံအမှတ်အသားဖြစ်သည့် အောက်ချင်းငှက်ပုံနှင့် ချင်းရိုးရာစောင်များ၏ ပုံစံအတိုင်း ဖိနပ်ထုတ်လုပ်စီးနင်းနေမှုနှင့် ထဘီအဖြစ် ပုံစံဖော်ဝတ်ဆင်နေမှုတို့ကို တားမြစ်ပေးရေး အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ချင်းပြည်နယ်လွှတ်တော်သို့ တင်ပြမည်ဖြစ်ကြောင်း ချင်းရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီမှ ဦးအွမ်းနိုင်းက ပြောကြားသည်။

လွန်ခဲ့သည့် ၆ လခန့်မှစ၍ ချင်းရိုးရာစောင်နှင့် အောက်ချင်းငှက်ပုံပါ ဖိနပ်များနှင့် ထဘီများကို ရောင်းချခြင်း၊ ဝတ်ဆင်ခြင်းပြုလုပ်ပါက သိမ်းဆည်းပြီး မီးရှို့ဖျက်ဆီးခြင်း၊ ရောင်းချခြင်း၊ ဝတ်ဆင်ခြင်းမပြုလုပ်ရန် အသိပညာပေးလျက်ရှိသော်လည်း အသုံးပြုဝတ်စားဆင်ယင်မှုများရှိနေသည့်အတွက် ထုတ်လုပ်ရောင်းချမှုပြုလုပ်နိုင်ခြင်းမရှိစေရေး အစိုးရအဖွဲ့က တားမြစ်ပိတ်ပင်နိုင်ရန် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ချင်းပြည်နယ်လွှတ်တော်ထံ လာမည့်နိုဝင်ဘာလတွင် တင်ပြနိုင်ရေး စာတမ်းပြုစုလျက်ရှိကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

“ရိုးရာစောင်ဆိုတာက အရင်တုန်းက ချင်းတိုင်းရင်းသားမင်းမျိုးမင်းနွယ်စော်ဘွားတွေက ဝတ်ရုံအဖြစ်အလေးအနက်ထားဝတ်ဆင်ကြတယ်။ အခုကျတော့ ဒီဟာကို အရောင်တူ ဖိနပ်မှာ ဝတ်လာတဲ့အခါကျတော့ ဝတ်ရုံတော်တစ်ခုကို ဖိနပ်စီးခြင်းအားဖြင့် ရိုးရာဓလေ့ကို စော်ကားခံရတာဖြစ်တယ်”ဟု ဦးအွမ်းနိုင်းက ပြောဆိုသည်။

ယင်းသို့ပုံစံ ပြုလုပ်ဝတ်ဆင်ခြင်းသည် ဒီဇိုင်နာများ၏ဆန်းသစ်တီထွင်မှုဖြစ်သော်လည်း တိုင်းရင်းသားများအနေနှင့် လက်မခံနိုင်ကြကြောင်း၊ ယင်းကြောင့် လက်ရှိအချိန်တွင် ထုတ်လုပ်ရောင်းချမှု မပြုလုပ်သင့်ဘဲ ပြည်သူများလက်မခံသည့်အရာကို ချင်းပြည်နယ်အတွင်း ထုတ်လုပ်ရောင်းချ ဝတ်ဆင်မှု မပြုလုပ်ရေးမှာ လိုအပ်သည့်အချက်ဖြစ်သည့်အတွက် ပြည်နယ်အစိုးရအနေနှင့်လည်း အမျိုးသားရေးလက္ခဏာတစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်သင့်ကြောင်း မင်းတပ်မြို့ခံ ဆလိုင်းမာန်ဟုန်က သုံးသပ်ပြောကြားသည်။ ■R-20



ဓာတ်ပုံ - ခင်မေစန်း

# မုံရွာတွင် အရေးပေါ်အသက်ကယ်နည်း ဇာတ်တိုက်လေ့ကျင့်

**မုံရွာ၊ စက်တင်ဘာ ၈**

နာရေးကူညီမှုအသင်း ရန်ကုန်နှင့် တက်တူးချစ်သူပရဟိတအသင်းတို့ပူးပေါင်း၍ အရေးပေါ်အသက်ကယ်ဆယ်နည်း ဇာတ်တိုက်လေ့ကျင့်ခြင်းကို စက်တင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းက မုံရွာမြို့ ကန်သာယာပန်းခြံတွင် ပြုလုပ်ခဲ့သည်။

“ထိခိုက်ဒဏ်ရာရလူနာ၊ သွေးပေါင်ကျလူနာ သယ်ယူပုံ၊ ပတ်တီးစည်းတာတွေ လက်တွေ့ပြတယ်။ အရိုးကျိုးလူနာကို ကျပ်စည်းသယ်ယူတဲ့အတွက် ခွဲစိတ်ခန်းဝင်ရာမှာ ဆရာဝန်တွေအတွက် လွယ်ကူစေတယ်”ဟုသင်တန်းဆရာ ဦးအောင်ဆန်းဝင်းက ပြောဆိုသည်။

မုံရွာ၊ ချောင်းဦး၊ ဆားလင်းကြီး၊ ယင်းမာပင်မြို့နယ်တို့မှ လူမှုကူညီရေး အသင်းသားများကို သင်တန်းပေးခြင်းဖြစ်ကာ အရေးပေါ်အသက်ကယ်နည်း သင်တန်းသား ၇၀ ဦးကို မုံရွာတွင် လေးရက်ကြာ သင်တန်းပေးခဲ့ပြီး သင်တန်းဆင်းလက်မှတ်ပေးအပ်ကာ လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခြင်းဖြစ်ကြောင်း အဆိုပါပွဲစီစဉ်သူများထံမှ သိရသည်။ ■

R-08

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# ကျောက်မဲတွင် ကျွဲများတင်ဆောင်လာသည့် ကားတစ်စီး ပစ်ခတ်ခံရ၍ နှစ်ဦးသေဆုံး

**လားရှိုး၊ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပြည်ထောင်စုလမ်းပိုင်း၊ ကျောက်မဲမြို့နယ်နှင့် သီပေါအကြားရှိ ဗူးခါးကျေးရွာအနီးတွင် စက်တင်ဘာလ ၈ ရက်နေ့ နံနက် ၇ နာရီခန့်က ကျွဲများတင်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စီး သေနတ်ဖြင့် ပစ်ခတ်ခံရသဖြင့် ယာဉ်ပေါ်ပါသည့် အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါဖြစ်စဉ်တွင် ၁၂ ဘီးယာဉ်မှ ယာဉ်မောင်းစိုင်းလောင်ဝ်စိုင်းနှင့် နွားထိန်းတို့နှစ်ဦး သေနတ်ကျည်ဆန်ထိမှန်မှုကြောင့် သေဆုံးခဲ့ကြောင်း ကျောက်မဲမြို့မရဲစခန်းက အတည်ပြုထားသည်။

ယင်းသို့ပစ်ခတ်မှုသည် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းကလုပ်ဆောင်သည်ဟု လတ်တလောပြောဆိုနိုင်ခြင်းမရှိသေးဘဲ ပြည်ထောင်စုလမ်းပိုင်းတွင် ကျွဲ၊ နွားများတင်ဆောင်လာသည့်ယာဉ်များကို မကြာခဏပစ်ခတ်နေမှုများရှိနေကြောင်း၊ ယခုပစ်ခတ်မှုဖြစ်စဉ်တွင်လည်း ယာဉ်မောင်းနှင့် နွားထိန်းကိုသာ အဓိကထားပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

“သေနတ်သံတွေ ကြားလိုက်တယ်။ ဒါပေမဲ့ သေနတ်သံက အဆက်မပြတ်ပစ်နေတာမို့ ကျွဲကားအပစ်ခံရတာသိပေမယ့် ထွက်မကယ်နိုင် ဖြစ်ရပါတယ်” ဟု ဗူးခါးကျေးရွာမှ ဦးစိုင်းနွံက ပြောဆိုသည်။

မြန်မာနိုင်ငံမှ တရုတ်ဘက်သို့ ကျွဲ၊ နွားများအပြင် ဆိတ်များကို တင်ပို့ရောင်းချမှုများရှိနေပြီး အချို့သောကျွဲ၊ နွားတင်ပို့သူများက တရားဝင် ကုန်သွယ်ခြင်းဖြင့်တင်ပို့ကြပြီး အချို့မှာလည်းတရားမဝင်တင်ပို့ခြင်းများရှိနေကြောင်း ဒေသခံများထံမှ သိရသည်။

ယခုဖြစ်စဉ်တွင် ပစ်ခတ်ခံရသည့် မော်တော်ယာဉ်သည် နေပြည်တော်မှ မူဆယ်သို့ တရားဝင် စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွဲ၊နွားများကိုတင်ဆောင်လာခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပြည်ထောင်စုလမ်းပိုင်း၊ ကျောက်မဲမြို့နယ်အတွင်း ကျွဲ၊ နွားများတင်ဆောင်လာသည့် မော်တော်ယာဉ်များမှာ မကြာခဏသေနတ်ဖြင့် ပစ်ခတ်ခံနေရပြီး လူသေဆုံးမှုများလည်းရှိခဲ့သည်။ ■ R-07

# အုတ်တွင်းဘူတာ၌အမြန်ရထားရပ်ပေးရန် အစိုးရထံတင်ပြ

**တောင်ငူ၊ စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးမီးရထားလမ်းပေါ်ရှိ အုတ်တွင်းဘူတာရုံတွင် ကုန်ရထား အများစုသာ ရပ်တန့်ပေးပြီး အမြန်ရထားမရပ်သဖြင့် ဒေသခံများ အခက်အခဲကြုံနေရသည့်အတွက် အမြန်ရထားရပ်တန့်ပေးရန် ယင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူးရုံးသို့ စာတင်ထားကြောင်း ယင်းအုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

အုတ်တွင်းမြို့ အရပ်ဘက်အဖွဲ့အစည်းများက အုတ်တွင်းဘူတာရုံတွင် အမြန်ရထားတစ်စင်းရပ်တန့်ပေးရန် ဆန္ဒသဘောထား လက်မှတ်များကောက်ခံရန် တင်ပြလာသည့်အတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီးနောက် အမှုတွဲတည်ဆောက်ပြီး ဆောင်ရွက်ပေးပါရန်ဟုဆိုပြီး အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ စက်တင်ဘာလ ၅ ရက်နေ့က စာတင်ပြခဲ့ကြောင်း ယင်းရုံးထံမှ သိရသည်။

“မီးရထားဘူတာရုံရှိပြီး အမြန်ရထားမရပ်တော့ ဒေသခံတွေ ရန်ကုန်နဲ့မန္တလေးသွားဖို့ဆို တောင်ငူကတစ်ဆင့်သွားနေရတယ်” ဟု အုတ်တွင်းမြို့ရင်ခုန်သံ ရှင်ရေးကူညီမှုအသင်း နာယကဆရာတော် အရှင်တေဇက မိန့်ကြားသည်။

အုတ်တွင်းမြို့ အနေအထားအရ အမြန်ရထားရပ်တန့်ပေးရန် အစီအစဉ်မရှိသေးကြောင်း မြန်မာ့မီးရထား တိုင်း-၇ မှ အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

ရန်ကုန်-မန္တလေး မီးရထားလမ်းပေါ်တွင် တည်ရှိနေသည့် အုတ်တွင်းမြို့နယ်သည် တောင်ငူခရိုင်အတွင်း အချက်အချာကျသည့် မြို့ငယ်တစ်ခုဖြစ်ပြီး ရန်ကုန်-မန္တလေး ကားလမ်း၊ အမြန်လမ်းနှင့် အုတ်တွင်း-ပေါက်ခေါင်းလမ်းပေါ်တွင် တည်ရှိကာ ကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်ပေါင်း ၅၁ ခုတွင် လူဦးရေ နှစ်သိန်းကျော်နေထိုင်ကြောင်း ပဲခူးတိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။ ■ R-15




တောဆင်ရိုင်းများကြောင့် ပျက်စီးသွားသော ကြံခင်းများကို သစ်တောနှင့်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ ကြည့်ရှုနေစဉ်။

# တိုက်ကြီးတွင် တောဆင်ရိုင်းအုပ်ကြောင့် ကြံငါးဧကခန့်ပျက်စီး

**တိုက်ကြီး၊ စက်တင်ဘာ ၈**

တိုက်ကြီးမြို့နယ် ဖလုံဘူတာကျေးရွာအုပ်စု ကွမ်းသီးမြောင်ကျေးရွာအနောက်ဘက်ရှိ သပြေသစ်တောကြိုးဝိုင်းတွင် စိုက်ပျိုးထားသောကြံခင်းများကို တောဆင်ရိုင်းလေးကောင်က စက်တင်ဘာလ ၇ ရက်နေ့ မွန်းလွဲ ၃ နာရီခန့်အချိန်တွင် ဝင်ရောက်ဖျက်ဆီးခဲ့သောကြောင့် ကြံငါးဧကခန့် ပျက်စီးသွားကြောင်း ဒေသခံကြံစိုက်တောင်သူများက ပြောကြားသည်။

ကြံခင်းများသည် သက်တမ်းလေးလခန့်ရှိပြီဖြစ်၍ ကျပ် ၅၅ သိန်းဖိုးခန့်ဆုံးရှုံးသွားကြောင်း တစ်ဧကခန့်ဆုံးရှုံးခဲ့ရသည့် ကြံစိုက်တောင်သူ ဦးအောင်ကိုဝင်းကပြောကြားသည်။

အဆိုပါ တောဆင်ရိုင်းများဖျက်ဆီးခဲ့သည့် ကြံငါးဧကခန့်သည် တောင်သူ သုံးဦးပိုင်ဆိုင်သော ကြံခင်းများဖြစ်ကြောင်း အဆိုနေရာသို့ သွားရောက်စစ်ဆေးခဲ့သော မြောက်ပိုင်းခရိုင်သစ်တောရဲတပ်ဖွဲ့မှ ရဲအုပ်ထွန်းထွန်းဝင်းအေးက ပြောဆိုသည်။

“တောဆင်ရိုင်းတွေက မထွက်သေးဘူး။ စိုက်ခင်းတွေထဲမှာပဲ ရှိသေးတယ်။ သူတို့ကိုခြောက်လှန့်မောင်းထုတ်ဖို့မြိုင်ဟေဝန်ဆင်စခန်းက သစ်ထုတ်လုပ်ရေးဆင်တွေသွားခေါ်နေပြီ”ဟု ၎င်းက စက်တင်ဘာလ ၈ ရက်နေ့ နံနက် ၉ နာရီခန့်က ပြောကြားသည်။

ယခင်နှစ်များက မိုးကာလတွင် တောဆင်ရိုင်းများ ဝင်ရောက်လေ့မရှိကြောင်း၊ ယခုဝင်လာသည့် တောဆင်ရိုင်းလေးကောင်သည် မိုးကာလတွင် ပထမဆုံးအကြိမ် ရောက်ရှိလာခြင်းဖြစ်ကြောင်း ကြံသုံးဧကခန့်ဆုံးရှုံးခဲ့သည့် တောင်သူ ဦးလှစိုးက ပြောကြားသည်။

တောဆင်ရိုင်းလေးကောင် ဖျက်ဆီးခဲ့သည့် ကြံခင်းများမှာ ဦးလှစိုးပိုင်သည့် ဧက ၆၀ အနက်မှ သုံးဧကခန့်၊ တောင်သူဦးစိန်လှိုင်ပိုင်ဆိုင်သည့် သုံးဧကအနက်မှ တစ်ဧကကျော်၊ တောင်သူဦးအောင်ကိုဝင်းပိုင်သည့် ငါးဧကအနက် တစ်ဧကကျော် ဖျက်ဆီးခံရကြောင်း ဖလုံဘူတာကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

■ R-19

# မကွေးတွင် နှမ်းနက်ဈေးတက်

**မကွေး၊ စက်တင်ဘာ ၈**

တရုတ်ဝယ်လက် များပြားလာခြင်းကြောင့် မကွေးတိုင်း မကွေးမြို့နယ်အတွင်း စမုန်နှမ်းနက်ဈေးနှုန်းများ ဆက်တိုက်မြင့်တက်လာကြောင်း မကွေးသီးနှံပွဲရုံများထံမှ သိရသည်။

ယင်းနှမ်းနက်ဈေးသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းကထက် တစ်တင်းလျှင် ကျပ် သုံးသောင်းကျော်အထိ မြင့်တက်ပြီး ၂၀၁၆ မှ ၂၀၁၈ ခုနှစ်အထိ သုံးနှစ်အတွင်း နှစ်ဆအထိ မြင့်တက်လာခြင်းဖြစ်ကြောင်း နှမ်းကုန်သည်များထံမှ သိရသည်။

“ရာသီဉတုဖျက်ဆီးလို့ မကွေးတိုင်းတစ်ခုလုံးမှာ နှမ်းအထွက်နှုန်းက အရမ်းကျသွားတယ်။ နှမ်းဈေးကွက်က အတက်အကျ ကြမ်းလွန်းတယ်။ တောင်သူတွေဆီမှာ နှမ်းကမကျန်တော့ဘူး။ ဒါကြောင့် ဈေးတွေတက်လာတာ။ နိုင်ငံခြားက ဝယ်လိုအား ထပ်များလာရင် ဈေးထပ်တက်နိုင်တယ်”ဟု နှမ်းကုန်သည် ဦးမြသိန်းက ပြောဆိုသည်။

ထိုသို့နှမ်းဈေးများ မြင့်တက်လာခြင်းမှာ ရာသီဉတုဖောက်ပြန်မှုကြောင့် နှမ်းအထွက်နှုန်းလျော့ကျခြင်းနှင့် အတူ ကုန်သည် ပွဲစားများ၏ ဈေးကစားမှုများကြောင့်ဖြစ်ကြောင်း နှမ်းစိုက်တောင်သူ ဦးဝင်းနိုင်က ပြောဆိုသည်။

“နှမ်းအထွက်နှုန်းတွေက ထက်ဝက်လျော့ကျတယ်။ ဈေးတက်လာတော့ တောင်သူတွေမှာ အကျိုးခံစားခွင့် မရှိဘူး။ ပြန်လည်ပတ်ဖို့ မလွယ်ဘူး။ တောင်သူတွေလက်ထဲမှာ မျိုးနှမ်းတွေပဲ ကျန်တော့တာ။ နည်းနည်းပဲကျန်တဲ့နှမ်းတွေ ထွက်လာအောင် ဈေးမြှောက်ပေးနေတာ”ဟု ၎င်းက ပြောဆိုသည်။

လက်ရှိ မကွေးမြို့နှမ်းဈေးကွက်အတွင်း စမုန်နက်နှမ်း တစ်တင်းလျှင် ကျပ် ၇၂,၀၀၀၊ နှမ်းအဖြူတစ်တင်းလျှင် ကျပ် ၅၂,၀၀၀ ဈေးရှိပြီး နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၆၀၀၀ ကျော် ဈေးရှိကြောင်း မကွေးမြို့ပေါ်ရှိ သီးနှံပွဲရုံ ပိုင်ရှင်များထံမှ သိရသည်။

■ R-23

# NEWS IN BRIEF

## မိခင်ကို နှိပ်စက်သည့်ပထွေးကို သားဖြစ်သူကဓားနှင့်ထိုးသတ်

ဇန်းမော်မြို့နယ်၊ စင့်ကင်ကျေးရွာ၌ မိခင်ဖြစ်သူအား နှိပ်စက်သည့် ပထွေးကို သားဖြစ်သူက စက်တင်ဘာလ ၇ ရက်နေ့က ဓားဖြင့်ထိုးသတ်ခဲ့ကြောင်း ဇန်းမော်မြို့မရဲစခန်းထံမှ သိရသည်။

“သူ့အမေကို ပထွေးဖြစ်တဲ့သူက အရက်မူးပြီးနှိပ်စက်နေတာက နေ့စဉ်လိုဖြစ်နေတော့ သည်းမခံနိုင်တဲ့အဆုံးမှာ ချဉ်ပေါင်ရွက်သင်တဲ့ ဓားဦးချွန်နဲ့ ဆင့်ထိုးခဲ့တာလို့သိရတယ်”ဟု ဇန်းမော်မြို့မစခန်းမှူး ဒုရဲမှူးခင်မောင်ဌေးက ပြောကြားသည်။

သေဆုံးသူမှာ အသက် ၃၄ နှစ်အရွယ် ဦးဇော်ဇော်ဆိုသူဖြစ်ကာ လူသတ်မှုကျူးလွန်ခဲ့သူ အသက် ၁၉ နှစ်အရွယ် ထက်ဝေဝေအောင်ကို (ပ) ၃၉၅/၂၀၁၈၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ အရအမှုဖွင့်ထားကြောင်း ဇန်းမော်မြို့မ ရဲစခန်းထံမှ သိရသည်။ ■ R-14

## တာချီလိတ်တွင် မူးယစ်ဆေးဝါးများဖမ်းမိ

ထိုင်း-မြန်မာနယ်စပ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် စက်တင်ဘာလ ၇ ရက်နေ့ မွန်းလွဲပိုင်းက အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးထံမှ မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း ကျိုင်းတုံမြို့ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဗိုလ်ချုပ်လမ်းပေါ်၌ ဆိုင်ကယ်စီးလာသူ သန့်ဇင်ဦး(ခ)အစိုင်း(၃၁ နှစ်)ထံမှ စိတ်ကြွဆေးပြား ၄၁ ပြားနှင့် အိုက်စ် ၁ ဒသမ ၅ ဂရမ်ခန့်တို့ကိုကနဦးဖမ်းမိခဲ့ရာ ၎င်းကိုစစ်ဆေးချက်အရ နန်းအင်ခမ်း(၃၀ နှစ်)ထံမှ စိတ်ကြွဆေးပြား ၁၁၅၃ ပြား၊ အိုက်စ် ၃၅ ဂရမ်ခန့်၊ ဆေးခြောက် ၈ ဂရမ်ခန့်၊ မူးယစ်ဆေးဝါးသုံးစွဲသည့် ပလတ်စတစ်ဘူး သုံးဘူး၊ ခဲပြာလိပ်တစ်ခုနှင့် နန်းခမ်းကျန်(၂၅ နှစ်)ထံမှ စိတ်ကြွဆေးပြား ၂၅ ပြား၊ အိုက်စ် သုည ဒသမ ၅ ဂရမ်ခန့်တို့ ဖမ်းဆီးရမိ၍ ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဥပဒေပုဒ်မများအရ အရေးယူထားကြောင်း တာချီလိတ်မြို့မရဲစခန်းထံမှ သိရသည်။ ■ R-16

## ကျိုင်းတုံတွင် ထိုင်း-မြန်မာ ဒေသထွက်ကုန်ပြပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ မြို့တော်ခန်းမတွင် စက်တင်ဘာလ ၈ ရက်မှ ၁၁ ရက်နေ့အထိ ထိုင်း-မြန်မာ ဒေသထွက်ကုန်ပြပွဲနှင့် ချစ်ကြည်ရေး ဈေးရောင်းပွဲတော်ကို ကျင်းပလျက်ရှိသည်။

အဆိုပါပြပွဲ၌ ထိုင်းနိုင်ငံ ဖယောင်းမြို့မှ ကုန်သည် ၇၀ ခန့်မှ ဒေသထွက်ကုန်များနှင့် ကျိုင်းတုံမြို့ကုန်သည်များမှ ဒေသထွက် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းနှင့် အလှကုန်ပစ္စည်းများ ပြသရောင်းချလျက်ရှိကြောင်း ကျိုင်းတုံမြို့ ပြည်နယ်ဒုတိယ စားသုံးသူရေးရာဦးစီးဌာနမှူး ဦးလှစိုးက ရှင်းပြသည်။ ■R-16

# မြစ်ကြီးနားတွင် ယာဉ်အန္တရာယ်လျော့ပါးရေး ရောင်ပြန်စတစ်ကာကပ်လှုပ်ရှားမှုလုပ်

**မြစ်ကြီးနား၊ စက်တင်ဘာ ၈**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ယာဉ်မတော်တဆမှု အန္တရာယ်လျော့ပါးစေရေးအတွက် ယာဉ်များတွင် ရောင်ပြန်စတစ်ကာများ တပ်ဆင်မောင်းနှင်ရန် အသိပညာပေးဆောင်ရွက်နေကြောင်း အမှတ် ၉၈ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

“ညမှာတော့ ဘူတာရှေ့တို့ လူစည်ကားတဲ့နေရာတွေမှာ ရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီးလုပ်တယ်။ နေ့လယ်မှာတော့ ယာဉ်ထိန်းရဲတပ်ဖွဲ့သီးသန့်က မီးပွိုင့်တွေနဲ့ လူများတဲ့နေရာတွေမှာ ပညာပေးတွေလုပ်တယ်”ဟု ယင်းယာဉ်ထိန်းရုံးမှ တပ်ကြပ်ကြီး ကျော်ကျော်ထွေးက ပြောဆိုသည်။

မြန်မာနိုင်ငံယာဉ်အန္တရာယ်ကင်းရှင်းရေး (NISC)လမ်းညွှန်ချက်ဖြင့် ညအချိန်ယာဉ်မောင်းနှင်ရာတွင် ယာဉ်တိုက်မှုများ မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်လျော့နည်းကျဆင်းစေရန်ရည်ရွယ်၍ ကားနှင့် ဆိုင်ကယ်များတွင် ရောင်ပြန်စတစ်ကာများကပ်၍ မောင်းနှင်သင့်ကြောင်း ပညာပေးခြင်းနှင့် ရောင်ပြန်စတစ်ကာများကို ကိုယ်တိုင်ကပ်ပေးခြင်းတို့ ဆောင်ရွက်နေကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

■ R-06

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
ဖုန်း - ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# သရုပ်ဆောင် စိုးမြတ်နန္ဒာက အသရေဖျက်မှုဖြင့် တရားစွဲဆိုထားသူ ခရီးလွန်နေ၍ အမှု မစစ်ဆေးနိုင်

ရန်ကုန်၊ စက်တင်ဘာ ၈


ဓာတ်ပုံ - နိုင်စိုးလင်း

နိုင်ငံပိုင်သတင်းစာတွင် ကြေညာချက်နှင့် ပတ်သက်၍ သရုပ်ဆောင် စိုးမြတ်နန္ဒာက အသရေဖျက်မှုဖြင့် တရားစွဲဆိုထားသော ဦးကျော်ကျော်ထွန်း ပြည်ပခရီးသွားနေသောကြောင့် စက်တင်ဘာလ ၇ ရက်နေ့ ရုံးချိန်းကို မစစ်ဆေးဖြစ်ခဲ့ကြောင်း မရမ်းကုန်းမြို့နယ် တရားရုံးထံမှ သိရသည်။

"တရားစွဲဆိုခံရသူ ဦးကျော်ကျော်ထွန်း ပြည်ပခရီးစဉ် ရောက်နေကြောင်း ဒီနေ့ရုံးတော်ကို ခွင့်စာလာတင်ခဲ့တယ်။ လာအစစ်ဆေးခံဖို့ သမ္မန်စာ ဆင့်ခေါ်ထားပြီး လာမယ့် ၂၁ ရက်နေ့ ရုံးချိန်းမှာ ဦးကျော်ကျော်ထွန်းကို စစ်ဆေးဖို့ ရုံးချိန်း ပြန်ချိန်းဆိုထားတယ်"ဟု သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ မရမ်းကုန်းမြို့နယ် တရားသူကြီး ဒေါ်သန်းသန်းဝင်းက ပြောသည်။

ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် တရားလိုပြု တရားစွဲဆိုထားသူ သရုပ်ဆောင် စိုးမြတ်နန္ဒာက စက်တင်ဘာလ ၇ ရက် မွန်းလွဲ ၃ နာရီက မရမ်းကုန်းမြို့နယ် တရားရုံးသို့ လာရောက်ခဲ့သည်။

"ဟိုဘက်က မလာတော့ မစစ်ဖြစ်ဘူးလေ" ဟု စိုးမြတ်နန္ဒာက မီဒီယာများကို ဖြေကြားခဲ့သည်။

ယင်းအမှုကို ဩဂုတ်လ ၂၄ ရက်နေ့က သရုပ်ဆောင် စိုးမြတ်နန္ဒာက ဦးကျော်ကျော်ထွန်းကို အသရေဖျက်မှုဖြင့် တရားစွဲပေးပါရန် ဦးတိုက်လျှောက်ထားမှုကို မရမ်းကုန်းမြို့နယ် တရားရုံး တွဲဖက်မြို့နယ် တရားသူကြီးက ပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆို စစ်ဆေးရန် အမှုလက်ခံခဲ့ပြီး ယင်းအမှုတွင် တရားလိုပြနှင့် လိုပြသက်သေ သုံးဦးကို စစ်ဆေးသွားမည်ဖြစ်ကြောင်း တရားရုံးထံမှ သိရသည်။

အဆိုပါ အမှုဖြစ်စဉ်မှာ ဩဂုတ်လ ၁၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဦးကျော်ကျော်ထွန်း၏ ရှေ့နေများက သရုပ်ဆောင် စိုးသူ (ခ) ဦးစိုးသူလွင်နှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် သရုပ်ဆောင် စိုးမြတ်နန္ဒာအနေနှင့် ပါဝင်ပတ်သက်မှု မရှိမှန်း သိပါလျက် တစ်စုံတစ်ရာ ဆက်သွယ်လာခြင်းမရှိဘဲ ကြေညာချက်တွင် ထည့်သွင်းဖော်ပြမှုကြောင့် ဂုဏ်သိက္ခာကျဆင်းစေသော နစ်နာမှုအတွက် ကျပ်သိန်း ၁၅၀၀၀ ကို ဩဂုတ်လ ၂၀ ရက်နေ့မှ စ၍ ခုနစ်ရက်အတွင်း ပေးအပ်ရန် သရုပ်ဆောင် စိုးမြတ်နန္ဒာဘက်က တောင်းဆိုလိုက်ပြီး ယင်းတောင်းဆိုမှုကိုမလိုက်နာပါက တည်ဆဲဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင် သတင်းစာတွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

နိုင်ငံပိုင် သတင်းစာတွင် ဦးကျော်ကျော်ထွန်းဆိုသူက ပြုလုပ်ခဲ့သည့် ကြေညာချက်၌ စိုးသူနှင့် စိုးမြတ်နန္ဒာတို့မှာ မိတ်ဆွေရင်းသဖွယ် ခင်မင်ရင်းနှီးခဲ့ပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် စိုးသူပေးရန်ရှိသည့် ကြွေးပူများအတွက် ကူညီစိုက်ထုတ်ရှင်းလင်းပေးခဲ့ရကြောင်း၊ ယင်းစိုက်ထုတ်ခဲ့ရသည့် ငွေများကို သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိဘဲ အကြိမ်ကြိမ် ပျက်ကွက်နေသဖြင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် တွေ့ဆုံညှိနှိုင်းခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာကြေညာချက်တွင် ပါရှိခဲ့သည်။

ချေးယူထားသည့် ကျပ်သိန်း ၃၅၀ ကျော် ပြန်မဆပ်ခြင်းနှင့် ပတ်သက်ပြီး ထိုကြေညာချက်နှင့်ပတ်သက်၍ သရုပ်ဆောင် တေးသံရှင် စိုးသူကလည်း ကြေညာချက် တစ်ခုပြုလုပ်ခဲ့ပြီး ဦးကျော်ကျော်ထွန်းသည် Striking Thunder Entertainment အမည်ဖြင့် မန္တလေးမြို့တွင် ကျင်းပခဲ့သော One Night In Mandalay Show ကို စီစဉ်ခဲ့သလို ၎င်း၏ ကုန်ကျစရိတ်ဖြင့် အသံသွင်းထားသော 'အမြတ်နိုးဆုံး မင်းအကြောင်းလေး' စီးရီးမာစတာခွေကို ဖြန့်ချိခဲ့သူလည်းဖြစ်ကြောင်း၊ ဦးကျော်ကျော်ထွန်းက ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ၎င်းလိုအပ်နေသည့် ငွေကို စာချုပ်စာတမ်း မရှိဘဲ စိုက်ထုတ်ပေးခဲ့ပြီး ၎င်းအား ပေးရန်ရှိသည့် အနုပညာကြေးဖြင့် ခုနှိမ်မည်ဟု ပြောခဲ့ကြောင်း၊ အနုပညာလုပ်ငန်းများ လုပ်ဆောင်ပြီးချိန်အထိ ဦးကျော်ကျော်ထွန်းသည် အနုပညာကြေးများ မပေးခဲ့ဘဲ ၎င်းရရန်ရှိသောငွေကို အတိုးနှုန်းများယူကာ ပြန်လည်ပေးဆပ်ရန် ပြောခဲ့ကြောင်း၊ အနုပညာလုပ်ငန်းများကြား စာချုပ်စာတမ်း မချုပ်ဆိုထား၍ စိုးသူမှ အနုပညာကြေးရှင်းပေးရန် ပြောသော်လည်း ဦးကျော်ကျော်ထွန်းက လက်မခံခဲ့ကြောင်း စိုးသူ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

■ S-03

# ဘုရင့်နောင် ပွဲရုံဝင်းတွင် အမျိုးသားနှစ်ဦး ဓားထိုးခံရ

ရန်ကုန်၊ စက်တင်ဘာ ၈

မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ပွဲရုံဝင်းတွင် စက်တင်ဘာလ ၇ ရက် ည ၇ နာရီခွဲက ထမင်းဆိုင်တစ်ဆိုင်တွင် ထမင်းစားနေသည့် အမျိုးသားနှစ်ဦးမှာ ဓားဖြင့် ထိုးခံရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဓားဖြင့်ထိုးခံရသည့် အသက် ၁၉ နှစ်နှင့် ၂၀ နှစ် အမျိုးသားနှစ်ဦးမှာ အဆိုပါ ပွဲရုံဝင်းမှ ကုန်ထမ်း အလုပ်သမားများ ဖြစ်ပြီး ယင်းညက ကုံကော် ၅ လမ်းထိပ်ရှိ ထမင်းဆိုင်တွင် ထမင်းစားနေချိန် အသက် ၂၅ နှစ်ရှိ ပွကြီးဆိုသူက ဓားဖြင့် ၎င်းတို့နှစ်ဦးကို ထိုး၍ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း ရဲအရာရှိက ပြောကြားသည်။

"ပွကြီးနဲ့အတူ ပါလာတဲ့ အမျိုးသမီးကို ဓားနဲ့ ထိုးခံရတဲ့ နှစ်ယောက်က အရက်မူးမူးနဲ့ သွားပြီး နောက်ပြောင်ပြောဆိုခဲ့တာကြောင့် ဓားနဲ့ ထိုးခံရတာ။ ဒဏ်ရာရသူ နှစ်ယောက်ရဲ့အခြေအနေက မစိုးရိမ်ရတော့ပါဘူး" ဟု ရဲအရာရှိက ပြောသည်။

ဓားဖြင့် ထိုးခံရသည့် အမျိုးသားနှစ်ဦးကို အင်းစိန်ဆေးရုံသို့ တင်ပို့ထားပြီး အင်းစိန်မြို့နယ်တွင် နေထိုင်သည့် ပွကြီးကိုဘုရင့်နောင်နယ်မြေ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်ပြီး ဖမ်းဆီးအရေးယူနိုင်ရန် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

# မှုခင်းသတင်းတိုများ

■ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းရှိ တံတားဖြူမှတ်တိုင်အနီးတွင် စက်တင်ဘာလ ၇ ရက် ညပိုင်းက အမည်မသိ အမျိုးသားတစ်ဦး၏ သေဆုံးနေသော ရုပ်အလောင်းကို တွေ့ရှိခဲ့သောကြောင့် စစ်ဆေးရာ သေဆုံးသူမှာ အသက် ၅၀ နှစ် ဝန်းကျင်ခန့်ရှိပြီး ပြင်ပဒဏ်ရာ မတွေ့ရှိဘဲ သေဆုံးခဲ့သောကြောင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် သိရှိရန် ရုပ်အလောင်းကို မြောက်ဥက္ကလာပမြို့နယ်ဆေးရုံသို့ ပို့အပ်ပြီး ထောက်ကြန့်နယ်မြေ ရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၁၂/၁၈ ဖြင့် ရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ တိုက်ကြီးမြို့နယ်၊ ဥပ္ပံကျေးရွာအနီး ရန်ကုန်-ပြည်ကားလမ်းတွင် စက်တင်ဘာလ ၇ ရက် ညနေ ၄ နာရီခန့်က လမ်းဘေး လမ်းလျှောက်နေသည့် အမျိုးသားတစ်ဦးကို ယာဉ်အမှတ်/အမျိုးအစား မသိ မော်တော်ယာဉ် တစ်စီးက ဝင်တိုက်မိရာမှ မောင်းနှင်ထွက်ပြေးခဲ့သောကြောင့် ယာဉ်တိုက်ခံရသူမှာ ပေါက်ပြဲဖူးရောင် ဒဏ်ရာများ ပြင်းထန်စွာရခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် တင်ပို့ထားရသောကြောင့် ယာဉ်မဆင်မခြင် မောင်းနှင်သော တိုက်ပြေးယာဉ်မောင်းကို တိုက်ကြီးမြို့မ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၃၈/၂၀၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ သန်လျင်မြို့နယ်၊ ပျဉ်ထောင်ချောင်းကျေးရွာတွင် စက်တင်ဘာလ ၇ ရက် ည ၉ နာရီခန့်က ထရန်စဖော်မာတွင် တပ်ဆင်ထားသည့် ဖြူးစ်ပြတ်တောက်နေသောကြောင့် နေ့စားလျှပ်စစ်ဝန်ထမ်း အသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးက ပြင်ဆင်နေစဉ် ဓာတ်လိုက်ရာမှ အမြင့် ၁၀ ပေခန့်ရှိ ထရန်စဖော်မာပေါ်မှ ပြုတ်ကျပြီး ဦးခေါင်းနှင့် မျက်နှာတို့တွင် ဒဏ်ရာများ ရရှိကာ သေဆုံးခဲ့သောကြောင့် ရုပ်အလောင်းကို သန်လျင်ဆေးရုံသို့ ပို့အပ်ပြီး သန်လျင်မြို့မ ရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၃၉/၁၈ ဖြင့် အမှုရေးဖွင့် ဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ ကမာရွတ်မြို့နယ်၊ ဗဟိုလမ်းတွင် စက်တင်ဘာလ ၇ ရက် ည ၈ နာရီခန့်က ခိုင်ရွှေဝါမှတ်တိုင်အနီးတွင် ယာဉ်အမှတ် အမျိုးအစားမသိ မော်တော်ယာဉ်တစ်စီးက အရှိန်မထိန်းနိုင်ဖြစ်ကာ ဂါလီတစ်စီးကို ဝင်တိုက်မိပြီး မောင်းနှင်ထွက်ပြေးခဲ့သောကြောင့် ဂါလီနင်းသူ အသက် ၅၁ နှစ် အမျိုးသားမှာ နာကျင်ဒဏ်ရာများ ရခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သည့် တိုက်ပြေး ယာဉ်မောင်းကို ကမာရွတ်မြို့မ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၃၇/၂၇၉/၂၀၂ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ ရွှေပြည်သာမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကမ်းနားလမ်းသွယ်တွင် စက်တင်ဘာလ ၇ ရက် ည ၉ နာရီက အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံးနေသောကြောင့် စုံစမ်းစစ်ဆေးရာ သေဆုံးသူ အသက် ၅၄ နှစ်အရွယ် အမျိုးသားမှာ ငွေကြေးအခက်အခဲများ ရှိနေသောကြောင့် နေအိမ်အခန်းထဲတွင် ကြိုးဆွဲချ အဆုံးစီရင်ခဲ့ခြင်း ဖြစ်နိုင်ကြောင်း ၎င်း၏ သားသမီးများထံမှ သိရသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် သိရှိရန် ရုပ်အလောင်းကို အင်းစိန်ဆေးရုံသို့ ပို့အပ်ပြီး ရွှေပြည်သာမြို့မ ရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၂၂/၁၈ ဖြင့် အမှုရေးဖွင့် ဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■S-03

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃(ရန်ကုန်)၊
၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# ရဲအတတ်သင်သိပ္ပံကျောင်းမျက်နှာစာတိုက်ခန်းတွင် နေထိုင်သူများကို အင်အားသုံးဖယ်ရှား

**မန္တလေး၊ စက်တင်ဘာ ၈**

ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ရဲအရာရှိအတတ်သင်ကျောင်းနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် တိုက်ခန်းများတွင် နေထိုင်သူများကို စက်တင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းက ရဲတပ်ဖွဲ့ဝင်အင်အား ငါးရာခန့်ဖြင့် အင်အားသုံးရှင်းလင်းဖယ်ရှားခဲ့သည်။

၆၈ လမ်း၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြားလမ်းအရှေ့ဘက်ရှိ နေအိမ်ဆိုင်ခန်းများသည် ဗဟိုရဲလေ့ကျင့်ရေး ကျောင်းဧရိယာအတွင်းပါဝင်ခြင်းမရှိဘဲ တိုက်ခန်းများမှ ဖယ်ရှားပေးရန် ၂၀၁၇ ခုနှစ် မေလအတွင်းကပင် အစိုးရအိမ်ဥပစာနှင့်ထုတ်ခြင်းဥပဒေအရဟုဆိုကာ ကျောင်းတာဝန်ရှိသူများက အကြောင်းကြားစာပေးထားကာ ပြီးခဲ့သော ဩဂုတ်လဆန်းပိုင်းကတည်းက ညှိနှိုင်းမှုများပြုလုပ်ထားသည့် နေအိမ်များဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြီးခဲ့သည့်ဩဂုတ်လ ၃ ရက်နေ့ မွန်းလွဲပိုင်းက ယင်းသင်တန်းကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီးမင်းအောင်က တိုက်ခန်းရှင်များကိုခေါ်ယူကာ ဩဂုတ်လ ၅ ရက်နေ့ နောက်ဆုံးထား ထွက်ခွာပေးရန်နှင့် မထွက်ခွာပါက အင်အားသုံးဖယ်ရှားကာ တရားစွဲဆိုမှုများပြုလုပ်မည်ဖြစ်ကြောင်း သတိပေးပြောဆိုခဲ့ရာတွင် ဩဂုတ်လကုန်နောက်ဆုံးထား ဖယ်ရှားပေးမည်ဟုဆိုကာ တိုက်ခန်းပိုင်ရှင်များက သဘောတူ လက်မှတ်ရေးထိုးထားသည်။


ဓာတ်ပုံ- မောင်သန့်

ရဲအတတ်သင်သိပ္ပံကျောင်းမျက်နှာစာတိုက်ခန်းတွင်နေထိုင်သူများကို ရဲတပ်ဖွဲ့က အင်အားသုံး ဖယ်ရှားနေစဉ်

"အဂတိကော်မရှင်က ပြန်ကြားချက်မလာခင်မှာ သူတို့ဘက်က လက်ဦးမှုရယူတာလို့မြင်ပါတယ်။ အဂတိဘက်က တစ်ခုခုလုပ်ဆောင်လာရင်တော့ ဒီကိစ္စပြေလည်မယ် ထင်ပါတယ်" ဟု ချမ်းအေးသာစံမြို့နယ်မှ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ရွှေက ပြောကြားသည်။

တိုက်ခန်းပိုင်ရှင်များက နိုင်ငံတော်သမ္မတရုံး၊ အတိုင်ပင်ခံရုံးတို့ထံ အသနားခံစာများ တင်ထားသည့်အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ထံသို့လည်း အချက်အလက်များနှင့်တကွ တိုင်ကြားထားချိန်တွင် ရဲတပ်ဖွဲ့က ယခုကဲ့သို့ရှင်းလင်းမှုများလုပ်ဆောင်လာခြင်းဖြစ်သည်။

ယင်းသို့ ဖယ်ရှားရှင်းလင်းမှုများပြုလုပ်နေခြင်းနှင့်ပတ်သက်၍ သတင်းမီဒီယာသမားများကို သတင်းရယူခွင့်မပြုသောကြောင့် တိုက်ခန်းတွင်နေထိုင်သူများနှင့် တွေ့ဆုံမေးမြန်းခွင့် မရခဲ့ပေ။

ယင်းတိုက်ခန်းများတွင် နေထိုင်သူများမှာ ခွင့်ပြုချက်မရှိဘဲ ၂၀၁၁ ခုနှစ်ကတည်းကနေထိုင်နေကြခြင်းဖြစ်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရဲမှူးကြီးမင်းအောင်က ဩဂုတ်လ ၅ ရက်နေ့က ပြောကြားထားသည်။

အဆိုပါတိုက်ခန်းနေရာ၌ အခန်းသုံးဆယ်အထိရှိနေပြီး ၁၉၉၅ ခုနှစ်တွင် ရဲသင်တန်းကျောင်းကဆောက်လုပ်ကာ ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်က တစ်ခန်းလျှင် ကျပ် ၅ သိန်းမှ ၆ သိန်းကျပ်စသည်တို့ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်သော်လည်း ၂၀၁၆ ခုနှစ်အတွင်း၌မူ လက်ဆင့်ကမ်းဝယ်ယူနေထိုင်သူများကြောင့် ကျပ်သိန်းခြောက်ရာခန့်အထိ ဈေးရှိခဲ့ကြောင်း မန္တလေးမြို့ခံများအဆိုအရ သိရသည်။ ■ M-04

# မန္တလေးတံခွန်တိုင်ဈေးအပါအဝင် ဈေးငါးခု အဆင့်မြှင့်မည်

**မန္တလေး၊ စက်တင်ဘာ ၈**

မန္တလေးမြို့တော်တွင်ရှိသော ဈေး ၄၅ ခုအနက်မှ တံခွန်တိုင်ဈေးအပါအဝင် ဈေးငါးခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အဆင့်မြှင့်မည်ဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

အဆိုပါဈေးငါးခုကို လူနေမှုအဆင့်အတန်းနှင့်ကိုက်ညီပြီး သန့်ရှင်းသပ်ရပ်မှုရှိသည့်ဈေးများဖြစ်စေရန် အဆင့်မြှင့်တင်ရခြင်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

မန္တလေးမြို့တော်တွင် လက်လီလက်ကားရောင်းချနေသောဈေး ၄၅ ခုရှိရာ အဆိုပါဈေးများအနက် အချို့သည် ညစ်ပတ်ခြင်း၊ အမှိုက်များရှိနေခြင်း၊ အဝင်အထွက်လမ်းမကောင်းခြင်း၊ ဆိုင်ရှင်များအနေနှင့် လမ်းပေါ်ကျူးကျော် ဖွင့်လှစ်ခြင်း၊ ဈေးအဆောက်အအုံများသည် ဆေးရောင်မှိန်ခြင်း၊ ဈေးဆိုင်ခန်းအချို့ကို ဂိုဒေါင်အဖြစ်အသုံးပြုနေခြင်းတို့ကြောင့် သန့်ရှင်းသပ်ရပ်စေရေးအတွက် အဆင့်မြှင့်တင်ရန် မြို့တော်စည်ပင် က စီစဉ်ရခြင်းဖြစ်သည်။

ယခုအဆင့်မြှင့်တင်မည့်ဈေးများမှာ အောင်မြေသာစံမြို့နယ်ရှိ ဆရာစံဈေး၊ ချမ်းအေးသာစံမြို့နယ်ရှိရန်ကြီးအောင်ဈေး၊ မဟာအောင်မြေမြို့နယ်ရှိ မန်းမြို့ဈေး၊ ချမ်းမြသာစည်မြို့နယ်ရှိ ကန်သာယာဈေးနှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ တံခွန်တိုင်ဈေးတို့ဖြစ်သည်။

"ဈေးတွေမှာ ကြော်ငြာတွေကို ဖြစ်သလိုကပ်တာ၊ အမိုးတွေကလည်း လန်ချင်သလိုလန်၊ ယိုချင်သလိုယိုနေတာတွေက မြင်မကောင်းဘူး။ ဒါတွေကို ပြင်မယ်ဆိုရင် သိပ်ကုန်ကျစရိတ်မများပါဘူး။ မလုပ်ဖြစ်လို့သာ ဒီလိုဖြစ်နေတာ" ဟု ဦးကျော်ဆန်းမြင့်က ထပ်မံပြောဆိုသည်။

ဘဏ္ဍာငွေသုံး၍ ပြင်ဆင်ရမည့် ဈေးသန့်စင်ခန်းများကို အောက်တိုဘာလတွင်စတင်မည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လုပ်ဆောင်မည်ဖြစ်ကာ ဘဏ္ဍာငွေသုံးရန်မလိုသည့်ကိစ္စများ (ဥပမာ-ကျူးကျော်ဖွင့်ထားသည့်ဆိုင်များကို ရှင်းလင်းခြင်း)ကိုစတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်ထံမှ သိရသည်။

ဈေးအတွင်း ရေမဝပ်စေရန်၊ ဈေးအနီးရှိမြောင်းအတွင်း ရေစီးဆင်းစေရန်၊ ဆိုင်ခန်းများတွင် အမှိုက်ပုံးထားရှိရန်၊ ဈေးများတွင် စည်ပင်အမှိုက်ကန်ထားရှိပြီး စနစ်တကျသိမ်းဆည်းမည်ဖြစ်ကြောင်း မြို့တော်စည်ပင်သန့်ရှင်းရေးဌာနထံမှလည်း သိရသည်။ ■ M-07

# စည်းကမ်းမဲ့တွဲကားများကို ကရိန်းကားဖြင့်ဆွဲယူကာ သိမ်းဆည်းမည်

**မန္တလေး၊ စက်တင်ဘာ ၈**

မန္တလေးမြို့တော်အတွင်း စည်းကမ်းမဲ့ရပ်နားသည့် ကုန်တင်ယာဉ်(တွဲကား)များကို ကရိန်းကားဖြင့်ဆွဲယူကာ ဖယ်ရှားသိမ်းဆည်းမည်ဖြစ်ကြောင်း စက်တင်ဘာလ ၈ ရက်တွင် အခွန်ဌာနက ထုတ်ပြန်ကြေညာလိုက်သည်။

ကုန်တင်ယာဉ်များသည်သတ်မှတ်ထားသည့်နေရာတွင်မဟုတ်ဘဲ အချိန်ကြာမြင့်စွာရပ်ထားခြင်း၊ ယာဉ်ကြောပိတ်ဆို့ရပ်တန့်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ ပြုပြင်ခြင်းတို့ကြောင့် လမ်းပိတ်ဆို့မှုများဖြစ်စေပြီး အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်ရသောကြောင့်အရေးယူရခြင်းဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင် ပြန်ကြားရေးတာဝန်ခံ ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

"ခေါင်းတွေ(စက်ခေါင်း) ဖြုတ်ထားတဲ့ ကုန်ကားတွေ၊ ဘော်ဒီကိုထားပြီး လမ်းမပေါ်ရပ်ထားတဲ့ကားတွေကို ဦးစားပေးလုပ်မှာ" ဟုမန္တလေးမြို့တော်စည်ပင်ကော်မတီဝင် ဦးကျော်ဇောအောင်က ဖြည့်စွက်ပြောဆိုသည်။

အဆိုပါယာဉ်များကိုမန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ ဒဏ်ငွေတပ်၍အရေးယူမည့်အပြင် ကရိန်းကားဖြင့်ဆွဲယူစရိတ် ကျပ်တစ်သိန်း၊ ၂၄ နာရီအတွင်း လာရောက်ယူဆောင်ခြင်းမရှိပါက တစ်ရက်လျှင် ဒဏ်ငွေ ကျပ်တစ်သောင်းနှုန်းပေးဆောင်ရမည်ဖြစ်ကြောင်း မြို့တော်စည်ပင်က အသိပေးထားသည်။

ထိုကဲ့သို့ကုန်တင်ယာဉ်များရပ်နားမှုသည် ပြည်ကြီးတံခွန်မြို့နယ်တွင် အဆိုးဆုံးဖြစ်ကြောင်း၊ တောင်အင်း မြောက်အင်း သုသာန်အနီးတစ်ဝိုက်တွင် ပိုမိုတွေ့ရှိရကြောင်း ယင်းမြို့နယ်တွင်နေထိုင်သူများအဆိုအရ သိရသည်။

မန္တလေးမြို့တော် စည်ပင်အခွန်ဌာနအနေနှင့် စည်းကမ်းမဲ့ယာဉ်များကို အရေးယူမှုသာမက ခွင့်ပြုချက်မရှိဘဲ ကုန်တင်ကုန်ချဂိတ်ဖွင့်လှစ်ခြင်း၊ ခရီးသည်များတင်ချပြုလုပ်သည့် မော်တော်ယာဉ်လက်မှတ်ရောင်းဝယ်ရန် နေရာပြုလုပ်ခြင်း၊ သုံးတန်အထက်ယာဉ်မဝင်ရဧရိယာအတွင်း သုံးတန်အထက်ယာဉ်များ ဝင်ရောက်ခြင်း၊ တရားမဝင်စက်သုံးဆီရောင်းချခြင်းတို့ကိုလည်း စစ်ဆေးရေးအဖွဲ့ဖြင့် လှည့်လည်စစ်ဆေးလျက်ရှိသည်။

စည်ပင်ဥပဒေကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိရပါက မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ စီမံခန့်ခွဲမှုနည်းလမ်းဖြင့် ဒဏ်ငွေရိုက်အရေးယူသည့်အပြင် စည်ပင်သာယာအထူးတရားရုံး၌ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့အရေးယူမှုများပြုလုပ်ရာ၌ ဒဏ်ကြေးငွေအပြင် ငွေကြေးပိုမိုတောင်းခံသူကိုလည်း ဌာနစုမှူးမှ စည်ပင်ကော်မတီဝင်များအထိ တိုင်ကြားနိုင်ကြောင်း အခွန်ဌာနက အသိပေးထားသည်။ ■M-07

# အမရပူရသင်္ချိုင်းတွင် ဒဏ်ရာများဖြင့်သေဆုံးနေသည့် အမျိုးသားအလောင်း နှစ်လောင်းတွေ့

**မန္တလေး၊ စက်တင်ဘာ ၈**

မန္တလေးခရိုင် အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု ရွှေလွန်းရပ်ရွာပြင် သင်္ချိုင်းတွင် အမျိုးသားနှစ်ဦး ဒဏ်ရာများဖြင့်သေဆုံးနေသည်ကို စက်တင်ဘာလ ၈ ရက်နေ့က တွေ့ရှိခဲ့ကြောင်း အမရပူရမြို့နယ် ဒေသခံများထံမှ သိရသည်။

အသက် ၅၆ နှစ်ခန့်အရွယ်ရှိသည့် ဦးမြင့်စိုးဆိုသူနှင့် အခြားအမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေခြင်းဖြစ်ကြောင်း ဒေသခံများအဆိုအရ သိရသည်။

ဦးမြင့်စိုးသည် မျက်နှာအနှံ့အပြားတွင် ပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးနေခြင်းဖြစ်ပြီး ကျန်အမျိုးသားမှာလည်း မျက်နှာအနှံ့တွင် ပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးနေကြောင်း ရွှေလွန်းရပ်အတွင်း နေထိုင်သူ အမျိုးသားတစ်ဦးက ပြောကြားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းမှုများပြုလုပ်နေဆဲဖြစ်၍ အသေးစိတ် မပြောနိုင်သေးကြောင်း အမရပူမြို့နယ် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

■ M-04

# ၂၀၁၈ အောင်မြင်သော လူငယ်စွန့်ဦးလုပ်ငန်းရှင်လေးများ

## ရိုးဘက်အက်မာနှင့် မီရှယ်ပရင်းစ် (Jobert Abma and MichielPrins)

**စွန့်ဦး** လုပ်ငန်းရှင်လေးများအဖို့ ဈေးကွက်နှင့် ဖောက်သည်သည် အဓိကကျသည့် အောင်မြင်မှု ဖြစ်ကောင်းဖြစ်နိုင်သည်။ အက်မာနှင့် ပရင်းစ်တို့ နှစ်ဦးအတွက်မူ သူတို့ဈေးကွက်က ထင်သာမြင်သာ မရှိလောက်အောင်ဖြစ်နေသည်ဆိုခြင်းမှာ ထူးဆန်းသည်ဟုဆိုရမည်။

သူတို့နှစ်ဦးစလုံးမှာ ကိုယ့်နည်းကိုယ့်ဟန်နှင့် ကွန်ပျူတာပညာကို သင်ယူလေ့လာခဲ့ကြပြီး ဟက်ကာများ ဘဝကို ခံယူခဲ့ကြသည်။ သူတို့က ယနေ့ဆိုလျှင် HackerOne ဆိုသည့် ကုမ္ပဏီကို ထူထောင်ထားပြီးဖြစ်သည်။ သူတို့က ဟက်ကာများဆိုသော်လည်း ကောင်းကျိုးဆောင်သည့် အဖြူရောင် ဟက်ကာများဖြစ်သည်။ အဖျက်သမား ဟက်ကာများ မဟုတ်ကြပေ။ ယနေ့ဆိုလျှင် သူတို့ ကုမ္ပဏီမှာ ဒေါ်လာ ၇၄ သန်းကျော် တန်ကြေးရှိလာသည့် အဖွဲ့အစည်းကြီးတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။

ဆန်ဖရန်စစ္စကိုမြို့တွင် အခြေစိုက်ထားသော သူတို့ကုမ္ပဏီသည် ယခုဆိုလျှင် ကမ္ဘာအနှံ့ ကွန်ပျူတာလုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်ပေါင်း ၁၆၀,၀၀၀ နှင့် လက်တွဲလုပ်ဆောင်နေသည် ဆိုလျှင် ပိုပြီး အံ့အားသင့်သွားပေလိမ့်မည်။ သူတို့သည် General Motors, Starbucks, Airbnb, Twitter စသည့် အဖွဲ့အစည်းကြီးများအတွက်ပါ အလုပ်,လုပ်ပေးနေသည် ဆိုလျှင် ပိုပြီးအံ့အားသင့်သွားကြပေလိမ့်မည်။ အစိုးရအဖွဲ့အစည်းများဖြစ်သည့် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် Lufthansa ကဲ့သို့သော လေကြောင်းလိုင်းကြီးအတွက်ပါ သူတို့လုပ်ဆောင်ပေးနေသည် ဆိုလျှင်သူတို့၏ အစွမ်းအစကို ခန့်မှန်းနိုင်ကြပေလိမ့်မည်။

သူတို့ဝင်ငွေကို ဖော်ပြရန်မဖြစ်နိုင်ပေ။ သူတို့ကလည်း အထူးလျှို့ဝှက်ထားသည်။ သို့သော် သူတို့ တာဝန်ယူပြီး လုံခြုံရေးအတွက် ဆောင်ရွက်ပေးနေရသည့် အဖွဲ့အစည်းမှာ ၆၁,၀၀၀ ကျော်ရှိသည်ဟုဆိုသည်။ သူတို့ပေးဆောင်နေသည့် အခွန်ကပင် ဒေါ်လာ ၂၄ သန်းခန့်ရှိသည်ဆိုလျှင် အဖြူရောင်ဟက်ကာလေးနှစ်ဦး၏ လုပ်ငန်းနှင့် အစွမ်းအစကို ခန့်မှန်းနိုင်လောက်ပေပြီ။

"အရာရာတိုင်းမှာ ပျော့ကွက်ဆိုတာရှိတယ်။ ဒါကြောင့် ကုမ္ပဏီတိုင်းမှာ အန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့ စရာတွေချည်းပဲ" ဟု သူတို့ကဆိုသည်။

အက်မာနှင့် ပရင်းစ်တို့သည် နယ်သာလန်နိုင်ငံ ဒရက်ချ်တန်းတွင် နေထိုင်စဉ်ကတည်းက သူငယ်ချင်းတွေ ဖြစ်ကြသည်။ သူတို့နှစ်ယောက်စလုံးကို ၁၉၉၀ ခန့်တွင် မွေးဖွားခဲ့ကြသည်။ သူတို့သည် အင်တာနက်ခေတ်တွင် ကြီးပြင်းလာကြသူများဟူ၍လည်း ဆိုနိုင်သည်။ သူတို့ ငယ်စဉ်ဘဝများကို ဗီဒီယိုဂိမ်းများကစားခြင်း၊ Website များကိုထူထောင်ခြင်းဖြင့်ကွန်ပျူတာ အင်တာနက်လောကကို ကျင်လည်ကြီးပြင်းခဲ့ကြရသည်။

သူတို့ငယ်စဉ် ကျောင်းသားဘဝကတည်းက ကျောင်းမှဖွင့်ထားသည့် တီဗီထုတ်လွှင့်သောစနစ်ကို ခိုးဖောက်ခဲ့ကြသည်။ သူတို့ထက် အတန်းကြီးသည့် အစ်ကိုကြီးတွေ ထုတ်လွှင့်နေသည့် ရုပ်သံလိုင်းကို သူတို့နှစ်ယောက်က ဝင်ပြီး လက်စွမ်းပြခဲ့ကြခြင်းဖြစ်သည်။

သူတို့နှစ်ယောက်စလုံး နယ်သာလန်နိုင်ငံ Hanze တက္ကသိုလ်တွင် တက်ရောက်ခဲ့ကြသည်။ သူတို့ တက္ကသိုလ်တက်စဉ်ကလည်း ကျောင်းသားတွေ ဒေတာများအချက်အလက်များကို၊ အဆင့်များကို မည်သို့ စနစ်ကျစွာ လုပ်ဆောင်ပြုစုနိုင်ကြောင်း ဆော့ဖ်ဝဲများရေးခဲ့ကြသည်။ သူတို့က ဆော့ဖ်ဝဲလ်ကို ကုမ္ပဏီတစ်ခုအားသွားပြသည်။ ကုမ္ပဏီက ယူသုံးမည် ငွေမပေးနိုင်ဟုဆိုသည်။ သူတို့နှစ်ယောက် ကုမ္ပဏီတွေအပေါ် တစ်မျိုး ရှုမြင်မိသည်။ ကုမ္ပဏီတိုင်းတွင် ဟာကွက်၊ ပေါက်ကွက်တွေ ရှိနိုင်သည်။

၂၀၁၁ ခုနှစ်တွင် အက်မာနှင့် ပရင်းစ်ကို ကုမ္ပဏီအချို့က လုံခြုံရေးဆိုင်ရာ အတိုင်ပင်ခံများအဖြစ် သုံးလာကြသည်။ သူတို့ သူငယ်ချင်းတစ်ဦးဖြစ်သည့် တာဟက်ဂျန်ဆိုသူသည် ထိုစဉ်က အမေရိက၊ ဆန်ဖရန်စစ္စကိုတွင် ရောက်နေသည်။ သူတို့နှစ်ယောက်ကို ဖိတ်ခေါ်ပြီး ဆီလီကွန်တောင်ကြားတွင် ကုမ္ပဏီထောင်ရအောင်ဟုဆိုသည်။ အက်မာနှင့် ပရင်းစ်နှစ်ယောက် ရည်ရွယ်ချက်တွေနှင့် ရောက်လာသည်။ Google နှင့် Facebook တို့တွင် လုံခြုံရေးဆိုင်ရာကိစ္စများကို ဝင်ရောက်ဆွေးနွေးကြည့်သည်။ သို့သော် သူတို့ကို ထိုအဖွဲ့အစည်းများက လက်မခံခဲ့ပေ။

သူတို့နှစ်ဦးက Facebook Messenger ကို ဝင်ရောက်စူးစမ်းကြည့်ပြီး ဟာကွက်တွေကို ထောက်ပြလိုက်သည်။ Facebook က သူတို့နှစ်ယောက်ကို ဖိတ်ခေါ်ပြီးဆွေးနွေးရသည့် အနေအထားကို ရောက်သွားသည်။ သူတို့ကိုအလုပ်ပေးသော်လည်း Facebook တွင် သူများအလုပ်ကို လုပ်ပေးနေပြီး အချိန်ကုန်မခံနိုင်ဆိုကာ ထွက်လာခဲ့ကြသည်။

သူတို့အနေအထားကို သူတို့သဘောပေါက်လာပြီဖြစ်သောကြောင့် မည်သည့်ကုမ္ပဏီတွေက အလုပ်လာအပ်လျှင် လက်ခံမည်ဆိုသည့် စာရင်းကိုပင် ချရေးထားသည်။ သူတို့စာရင်းတွင် Twitter, Spotify, Uber တို့ပါသည်။ သူတို့က သူတို့စာရင်းချ ရေးထားသည့် ကုမ္ပဏီများအကြောင်း ကောင်းကောင်းသိအောင် အားထုတ်ထားသည်။

သူတို့ကို အမေရိကသို့ခေါ်သည့် သူငယ်ချင်းကို Facebook ကထွက်ခိုင်းလိုက်ပြီး ကုမ္ပဏီထောင်သည်။ သူတို့သုံးယောက်ပေါင်းစည်းကာ Hacker One ဖြစ်လာသည်။

HackerOne ကုမ္ပဏီ ရည်ရွယ်ချက်ကရှင်းသည်။ အင်တာနက်လိုင်းဆိုသည်မှာ လုံခြုံသည် ဟူ၍ မရှိနိုင်။ ဆော့ဖ်ဝဲတိုင်းတွင် ဟာကွက်၊ ပေါက်ကွက်တွေ ရှိနေနိုင်သည်။ အကယ်၍ ကုမ္ပဏီကြီးတစ်ခုမှ ဒေတာများ ပေါက်ကြားသွားမည်ဆိုလျှင် ဒေါ်လာသန်းချီပြီး ဆုံးရှုံးသွားမည်။ ထို့ကြောင့် ကုမ္ပဏီကြီးတိုင်းအတွက် လုံခြုံရေးတာဝန်များကို ပြင်ပအဖွဲ့အစည်းတစ်ခုအနေနှင့် တာဝန်ယူပြီး ထိန်းသိမ်းပေးရန်ဖြစ်သည်။

သူတို့၏ပညာ၊ သူတို့၏ ကြိုးပမ်း ဆောင်ရွက်ချက်နှင့် လုပ်ဆောင်ပြနိုင်စွမ်းများကြောင့် ကုမ္ပဏီကြီးများတွင် ရွေးချယ်ရန် အခွင့်အလမ်းမရှိ။ သူတို့ကို ယုံကြည်စွာဖြင့် အပ်နှံရုံသာရှိသည်။ ၂၀၁၂ ခုနှစ်တွင် သူတို့ကို လာဆက်သွယ်သော ကုမ္ပဏီပေါင်း ၁၀၀၀ ကျော်ရှိလာသည်။ သူတို့က ကုမ္ပဏီအနေအထားအလိုက် အနည်းဆုံး ဒေါ်လာ ၁၀,၀၀၀ ယူသည်။ ယနေ့ဆိုလျှင် အက်မာနှင့် ပရင်းစ်တို့ကို ယုံကြည်စွာ အပ်နှံထားရသည့် လုပ်ငန်းတွေ အများကြီး ဖြစ်လာသည်။ အသက် ၂၀ ပင်မပြည့်သေးသည့် လူငယ်လေးနှစ်ယောက်၏ ဉာဏ်ပညာစွမ်းမှာ အံ့အားသင့်စရာဖြစ်သည်။ သူတို့ဘာတွေနှင့် ကုမ္ပဏီတွေကို ထိန်းချုပ်ထားနိုင်သနည်း ဆိုခြင်းကလည်း လျှို့ဝှက်ချက်တစ်ခုလိုဖြစ်နေသည်။ ■ E01







## ဒန်ကလိုင်းနှင့် ပက်ထရစ်တင်းနော့စ် (Dan Klein and Patrick Tannous)

**သူတို့** နှစ်ဦးထူထောင်ထားသည်က Finless Foods ဆိုသည့် ကုမ္ပဏီဖြစ်သည်။ မိုက်က CEO အဖြစ် တာဝန် ယူထားသည်။ သူတို့ နော်ဝေနိုင်ငံ အော်စ်လိုမြို့မှ ဆန်ဖရန်စစ္စကိုဘေးဧရိယာကို ရောက်လာပြီး လုပ်ငန်းများကို ထူထောင်နိုင်ခဲ့သူများဖြစ်ကြသည်။

မိုက်က အော်စ်လိုမှ အမေရိကသို့ မိုင်ပေါင်း ၅,၀၀၀ ကျော်ကို ဖြတ်သန်းရောက်လာပြီး မြောက်အတ္တလန္တိတ် ပင်လယ်စာ ညီလာခံကို လာတက်သည်။ ပင်လယ်စာနှင့် ပတ်သက်ပြီး နှစ်စဉ်ကျင်းပသည့် ညီလာခံကြီးကို သူရောက်လာပြီးနောက် အသက် ၂၇ နှစ်အရွယ် မိုက်ဘဝကို အလှည့်အပြောင်းတစ်ခု ဖြစ်သွားစေခဲ့သည်။

သူက ၂၀၁၇ ခုနှစ်တွင် ကာလီဖိုးနီးယားတွင် Finless Foods လုပ်ငန်းကို စတင်ထူထောင်လိုက်သည်။ အစားအစာထုတ်လုပ်ရေးတွင် ငါးမွေးမြူရေး လုပ်ငန်းတစ်ခုကို ပြုပြင်ပြောင်းလဲရန် စိတ်ကူးတစ်ခုဖြင့် လုပ်ငန်းကို စတင်ကြည့်ခြင်းဖြစ်သည်။ သူက ငါးလုပ်ငန်းနှင့် ပတ်သက်သည့် အစားအစာ ထုတ်လုပ်ရေးလုပ်ငန်းများကို ပုံစံသစ်ဖြင့် ပြုပြင်ပြောင်းလဲကြည့်ရန် အားထုတ်နေသည်။

သူ၏ Finless Foods ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် မျက်နှာဖုံးဆောင်းပါးအဖြစ် Inc. မဂ္ဂဇင်းတွင် ဖော်ပြခြင်းခံလိုက်ရသည်။ သူ့လုပ်ငန်းကို Memphis Meats အဖွဲ့က စိတ်ဝင်စားပြီး ဆက်သွယ်သည်။ သူတို့က မိုက်တီထွင်လုပ်ဆောင်နေသည့် ဆယ်လူလာစိုက်ပျိုးရေးစနစ်ကို စိတ်ဝင်စားသည်။ ဘဲ၊ ကြက်၊ နွားတို့ကို စားသုံးခြင်းထက် ဆယ်လူလာ စိုက်ပျိုးသီးနှံမျိုးများကို စားသုံးခြင်းက ပိုပြီးကျန်းမာရေးအတွက် ကောင်းစေသည့်အပြင် တိရစ္ဆာန်များကို သတ်ဖြတ်ရခြင်းဘေးကလည်း ကင်းဝေးသွားစေနိုင်ကြောင်း သူတင်ပြချက်များကို အစားအစာထုတ်လုပ်ရေး အဖွဲ့တွေကလည်း စိတ်ဝင်စားလာကြသည်။

မိုက်က ငါးကို စားသုံးခြင်းသည် အသားကို စားသုံးခြင်းထက် ကျန်းမာရေးကောင်းစေကြောင်း သက်သေပြနိုင်ရန် ကြိုးပမ်းနေသူတစ်ယောက်လည်း ဖြစ်သည်။ လူတို့တွင် ငါးစားသုံးခြင်းက လိုအပ်သည်ထက် ပိုလျှံနေသည့် အနေအထားတွင် ရှိနေသော်လည်း အသားစားသုံးမှုမှာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် အနေအထားတွင် မရှိသေးကြောင်း FAO ကလည်း ထုတ်ပြန်ထားသည်။

ငါးစားသုံးသည့် ဓလေ့တွင်လည်း ပြဒါးဆိပ်နှင့် အခြား ရေထုညစ်ညမ်းမှုကြောင့် ဖြစ်လာတတ်သည့် ပြဿနာပေါင်းများစွာကို ရင်ဆိုင်နေရသည်။ တူနာငါးနှင့် ပင်လယ်နက်သီးရှည်ငါးများ စားသုံးခြင်းကြောင့် ရောဂါ ဖြစ်ပွားမှုများ သိပ်မရှိနိုင်ပေ။ မွေးမြူရေးငါးများကို စားသုံးခြင်းက ကျွေးမွေးသည့် စနစ်များကြောင့် အဆိပ်သင့် စေနိုင်သည့် ပြဿနာပေါင်းစုံ ရှိကောင်းရှိနိုင်ကြောင်း မိုက်က သိမြင်ထားသည်။

မိုက်က ဘရိုင်ယန်နှင့်ပေါင်းပြီး ဇီဝဓာတုစနစ်တစ်မျိုးကို တီထွင်ရန် မက်ဆာချူးဆက် အမ်းဟတ်စ် တက္ကသိုလ်မှာကတည်းက စဉ်းစားခဲ့ကြသည်။ သူတို့နှစ်ယောက်စလုံး ထိုတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ကြပြီး မိုက်က အဏ္ဏဝါဇီဝဗေဒဘာသာရပ်ကို လေ့လာသင်ယူခဲ့သူဖြစ်သည်။ ထို့ပြင် သူသည် မောင့်ဆီနီယာဆေးတက္ကသိုလ်တွင် ကင်ဆာသုတေသနနှင့် မှိုသဘောတရားများကိုလည်း လေ့လာသင်ယူခဲ့သည်။ သူနှင့်တွဲဖက်သူငယ်ချင်း ဘရိုင်ယန်မှာ အသက် ၂၅ နှစ်သာရှိသေးပြီး ကင်ဆာကျိတ်ဆိုင်ရာ ပညာရပ်များကို လေ့လာခဲ့သူဖြစ်သည်။

သူတို့နှစ်ယောက် ဆေးရုံနှစ်ရုံတွင် လေ့လာသင်ယူကြရင်းက အားလပ်ချိန်များတွင် ဘီယာဆိုင် ထိုင်ပြီး ဆွေးနွေးခဲ့ကြသည်။ မိုက်က သူ့ထံတွင်ရှိသည့် အဏ္ဏဝါဇီဝဗေဒသဘောတရားများနှင့် ဓာတ်ခွဲခန်းအတွင်း မွေးမြူရေးငါးများကို ကောင်းစွာ မွေးမြူနိုင်ကြောင်း ဆွေးနွေးကြသည်။

သူတို့နှစ်ယောက် ဓာတ်ခွဲခန်းတွင် ငါးများကို စမ်းသပ်မွေးမြူကြည့်ကြသည်။ သူတို့လေ့လာ သုတေသနပြုလုပ်နေမှုများကို IndieBio ကုမ္ပဏီက အထောက်အကူပေးသည်။ သူတို့အလုပ်တွေကထွက်လိုက်ကြသည်။ သူတို့ရည်းစားတွေကိုလည်း ရှောင်လိုက်ပြီး သုတေသနလုပ်ငန်းကိုသာ အားကြိုးမာန်တက် လုပ်ဆောင် နေကြသည်။ သူတို့နှစ်ယောက်အိမ်ငှားပြီး အတူနေကာ လုပ်ငန်းကိုသာ အာရုံစိုက်ထားကြသည်။

IndieBio တွင် အလုပ်လုပ်နေစဉ် သူတို့ လုပ်ဆောင်နေသည့် ဆယ်လူလာစိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းမှာ ကမ္ဘာ့စားသောက်ရေးနှင့် အစားအစာ လုပ်ငန်းကို တစ်ခေတ်ပြောင်းလာစေနိုင်ကြောင်း ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ ရိုင်းဘာသင်ကို့က သိမြင်ခဲ့သည်။ Finless Foods ကို သူတို့ထူထောင်ပြီး လုပ်ဆောင်နေသည့်လုပ်ငန်းကို သူက ဒေါ်လာ ၃ သန်း ရင်းနှီးမြှုပ်နှံပေးခဲ့သည်။ သူတို့နှစ်ဦး၏ မှိုတွယ်ကပ်မှု ကင်းသည့် အစားအစာ ထုတ်လုပ်ရေးစနစ်ကို တိုးတက်အောင်မြင်စေရန်ဖြစ်သည်။

လက်ရှိအနေအထားတွင် Finless Foods ကုမ္ပဏီသည် ငါးလုပ်ငန်းနှင့်ပတ်သက်သည့် နည်းပညာများနှင့် ငါးစာများကို ထုတ်လုပ်ပေးနေသည့် လုပ်ငန်းကြီးဖြစ်လာသည်။ သူတို့ တီထွင်ထုတ်လုပ်ထားသည့် အန္တရာယ်ကင်းသောငါးများကို လာမည့်နှစ်အတွင်း စားသောက်ဆိုင်ကြီးများကို တင်သွင်းနိုင်ရန် လုပ်ဆောင်နေသလို လုပ်ငန်းကလည်း အရှိန်ရလာသည်။

သူတို့၏ Finless Foods တွင် ငါးလုပ်ငန်းဆိုင်ရာ သုတေသနများကိုလည်း ယနေ့တိုင်ပြုလုပ်နေဆဲဖြစ်သည်။ ငါးများကို အသားနှင့်ပြီး အရိုးလွတ်ထုတ်လုပ်ကာ ဈေးကွက်တင်နိုင်ရေးကိုလည်း သုတေသနလုပ်နေသည်။ အရိုးလွတ် ငါးအသားလွှာထုတ်လုပ်ရေးကလည်းခေတ်စားလာနိုင်သည်။ သူတို့က လူတိုင်းသည် ငါးဖမ်းပြီး စားသုံးရခြင်းထက်၊ ငါးကို အသားချည်းသက်သက် စားသောက်နိုင်သည့် ဈေးကွက်အနေအထားတစ်ခုကို မျှော်လင့်ထားကြောင်း ပြောကြားသည်။ လက်ရှိ ဝန်ထမ်း ၇ ဦးဖြင့် သုတေသနလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ■ E01

(Ref: Fortune)

# ထူးဆန်းသော ကျွန်းများ

မိုးစက်

## ဂျပန်နိုင်ငံမှ ကြောင်ကျွန်း

ကြောင်ကြောက်သူ၊ ကြောင်နှင့် ဓာတ်မတည့်သူများတွင် အဆင်ပြေမည့် ကျွန်းတစ်ကျွန်း မဟုတ်ပါ။ သို့သော် ကြောင်ချစ်တတ်သူများအတွက်မူ အမွေးရှည်ကြောင်လေးတွေနှင့် အလွန်ချစ်စရာ ကောင်းသည့် လည်ပတ်ချင်စရာ ကျွန်းတစ်ကျွန်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ဂျပန်နိုင်ငံတွင် ထူးဆန်းစွာဖြင့် ကြောင်တွေရှိနေသော ကျွန်းတစ်ကျွန်းကို လည်ပတ်နေသူများ ရှိနေသည်။

ထိုကျွန်းကို တာရှီယိုဂျီးမားကျွန်းဟုခေါ်သည်။ ကျွန်းပေါ်တွင် လူဦးရေ ၁၀၀ ခန့်သာရှိသည်။ သို့သော် အမွေးပွ ကြောင်မျိုးစိတ်ပေါင်းများစွာကို ဤကျွန်းတွင် မွေးမြူထားသည်။ ကျွန်းအလယ်တွင် ကြောင်များအတွက် ဗိမာန်တစ်ခုရှိသည်။ ကြောင်များ သေဆုံးလျှင် မြှုပ်နှံပေးသည့် နေရာဖြစ်သည်။ ထို့အပြင် ကြောင်လေးများအတွက် ဆောက်ပေးထားသော အိမ်လေးများကိုလည်း ကျွန်းအနှံ့တွေ့နိုင်သည်။ နေရာတိုင်းတွင် ကြောင်တွေကို တွေ့နိုင်သည်။ လူတွေက ချစ်ခင်မြတ်နိုးစွာဖြင့် ပွတ်သပ်ပေးလျှင်လည်း ငြိမ်ခံနေကြသည်ကများသည်။

ထိုကြောင်တွေ ဘယ်ကရောက်လာသနည်း။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၇၀၀ သို့မဟုတ် ၁၈၀၀ ခန့်ကတည်းက သမိုင်းတွေကို ပြောပြပါလိမ့်မည်။ ကြောင်တွေက ထိုအချိန်လောက်ကတည်းက တာရှီယိုဂျီးမားကျွန်းတွင် သောင်းကျန်းနေသည့် ကြွက်များကို နှိမ်နင်းပေးရန် ရောက်လာကြသည်ဟုဆိုသည်။

တာရှီယိုဂျီးမားကျွန်းပေါ်တွင် နေထိုင်ကြသူများသည် ပိုးမွေးမြူရေးနှင့် ပိုးချည်ထုတ်လုပ်ရေးဖြင့် အသက်မွေးနေကြသူများဖြစ်သည်။ ထိုပိုးမွေးမြူရေးလုပ်ငန်းများအတွက် ပြဿနာတစ်ခုမှာ ကြွက်များဖြစ်သည်။ ပိုးမျှင် ထုတ်လုပ်သည့် ပိုးများကို ကြွက်တွေက ဒုက္ခပေးသည်။ ထို့ကြောင့် ကျွန်းနေသူတို့က ကြောင်တွေကို ခေါ်လာပြီး ကြွက်ရန်ကို နှိမ်နင်းခဲ့ရာမှ ကျွန်းပေါ်တွင် ကြောင်တွေရောက်လာကြခြင်းဖြစ်သည်။ ကျွန်းနေ တံငါသည်တွေကလည်း ကြောင်ကိုတွေ့လျှင် ကံကောင်းသည်ဟု ယူဆကြသည်။ ■



The Atlantic

## အရုပ်ကျွန်း

Isla de las Munecas ဆိုသည့်ကျွန်းသည် အရုပ်လေးများရှိနေသည့် ကျွန်းတစ်ကျွန်းဟုဆိုသော်လည်း ကျောချမ်းစရာကောင်းသည့် ကျွန်းတစ်ကျွန်းအဖြစ် နာမည်ကျော်သည်။ ကျွန်းပေါ်ကို ခြေချသူတိုင်း ကြက်သီးထခဲ့ရကြောင်း ဝန်ခံကြသည်။

မက္ကဆီကိုစီးတီးနှင့် သိပ်မဝေးသည့် နေရာတွင်ရှိသော Isla de las Munecas ကျွန်းသည် အလွန်သေးငယ်သော ကျွန်းဆွယ်လက်တက်လေးတစ်ခု ဖြစ်သည်။ ထိုကျွန်းကို ထိန်းသိမ်းစောင့်ရှောက်ခွင့်ရထားသူမှာ ဒွန်ဂျူလီယံဆန်တာနာ ဆိုသူဖြစ်ပြီး သူက လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က ကျွန်းသို့ မိန်းကလေးအလောင်းတစ်လောင်း မျောလာပြီး သောင်တင်ခဲ့ရာမှ ဇာတ်လမ်းစခဲ့သည်ဟုဆိုသည်။

သို့သော် ဆန်တာနာ၏ မိသားစုက ထိုအလောင်းဆိုသည်မှာ အမှန်တကယ်မရှိဟုဆိုကြသည်။ ဆန်တာနာသည် သေဆုံးသွားသည့် မိန်းကလေးတစ်ဦး၏ ဝိညာဉ်ကိုကူညီရာမှ ဤကျွန်းတွင်ဇာတ်လမ်းစခဲ့သည်ဟုဆိုကြသည်။

မိန်းကလေးအတွက် ဆန်တာနာက အရုပ်လေးတွေ ယူလာပေးသည်။ ထိုအချိန်ကစတင်ပြီး ကျွန်းပေါ်သို့ အရုပ်လေးတွေ ရောက်လာသည်။ ယနေ့ဆိုလျှင် ကျွန်းအနှံ့ရှိ သစ်ပင်များပေါ်တွင် အရုပ်လေးတွေကို ချိတ်ဆွဲထားခြင်းအား တွေ့ကြရမည်ဖြစ်သည်။ သစ်ပင်များတွင် ရိုးရိုးချိတ်ထားခြင်းမဟုတ် သံတွေနှင့်ရိုက်ပြီး ချိတ်ဆွဲထားခြင်းကို ခံနေကြရခြင်းဖြစ်သည်။ ထိုအရုပ်လေးများကို ကြည့်ရသည်ကိုက ကြောက်စရာ၊ သနားစရာ တစ်ခုခုကိုဖြစ်ပေါ်စေလိမ့်မည်။

ကျွန်းပေါ်တွင် ရောက်နေသော အရုပ်တွေက နှစ်ပေါင်းများစွာ ကြာနေပြီဖြစ်သောကြောင့် ပျက်စီးနေကြသည်။ မျက်လုံးမရှိ၊ လက်မရှိ၊ ခေါင်းမရှိသည့် အရုပ်တွေလည်းများသည်။ ယင်းအချက်ကပင် ကြောက်စရာ ကောင်းလောက်အောင်ဖြစ်စေခဲ့သည်။

ယနေ့တိုင် မိန်းကလေးတစ်ဦး၏ ဝိညာဉ်က ကျွန်းပေါ်တွင် ရှိနေသေးသည်ဟု ယူဆကြသည်။ ဆန်တာနာသည် ၂၀၀၁ ခုနှစ်တွင် ကွယ်လွန်သွားသည်။ သူ့အလောင်းကို သူပြောပြောနေသည့် မိန်းကလေး အလောင်းအား တွေ့သည်ဆိုသောနေရာတွင် တွေ့ခဲ့ကြရသည်။

ထိုကျွန်းနှင့်ပတ်သက်သည့် Website တစ်ခုရှိသည်။ ဒေသခံတွေက ယခုဆိုလျှင် မိန်းကလေး၏ ဝိညာဉ်သာမက ဆန်တာနာ၏ ဝိညာဉ်ပါ ကျွန်းပေါ်တွင် ရှိနေသည်ဟု ယူဆကြသည်။ ယနေ့ ထိုကျွန်းကို ကမ္ဘာလှည့် ခရီးသည်များအတွက် ဖွင့်ပေးထားသည်။ ကျွန်းဆီသို့ တူးမြောင်းကတစ်ဆင့် လှေစီးပြီး ကူးသွားနိုင်သည်။ ■



Shutterstock



Shutterstock

## ကျိန်စာကျွန်း

အီတလီနိုင်ငံ နေပယ်ကမ်းရိုးတန်းအနီးတွင် Isola della Gaiola ဆိုသည့် ထူးဆန်းသော ကျွန်းတစ်ကျွန်းရှိသည်။ ကျွန်းက နှစ်ကျွန်းကွဲနေသော်လည်း ခြေတစ်လှမ်းစာ တံတားလေးဖြင့် ဆက်သွယ်ထားသောကျွန်းလည်းဖြစ်သည်။ ကမ္ဘာ့အလှဆုံး ကျွန်းတစ်ကျွန်းအဖြစ်လည်း နာမည်ကျော်သည်။

ရှေးဟောင်းရောမခေတ်ကောင်းစဉ်က ဤကျွန်းနေရာသည် အထွတ်အမြတ်တစ်ခုခုထားပြီး လုပ်ဆောင်ခဲ့သော နေရာတစ်နေရာ ဖြစ်လိမ့်မည်ဟူ၍လည်း ယူဆကြသည်။ ရှေးက ဤကျွန်းတွင် စာသင်ကြားပေးခဲ့သည်ဟုလည်း ဆိုကြသည်။ ဒေသခံများကတော့ ကျွန်းလေးမှာ လှပသော်လည်း ကြောက်စရာကောင်းသည်ဟုဆို သည်။

ထိုကျွန်းသမိုင်းကို ပြောသူတွေက ကျိန်စာမိထားသည့်ကျွန်းဟုဆိုကြလိမ့်မည်။ ဘာမြူဒါတြိဂံဒေသကဲ့သို့ပင် ဤကျွန်းပတ်လည်တွင် ထူးဆန်းသည့် အဖြစ်အပျက်များ မကြာခဏဖြစ်ပျက်ခဲ့သည်ဟုလည်း ဆိုကြသည်။ ၁၈၀၀ ပြည့်နှစ်ဝန်းကျင်က မှော်ဆရာလိုလိုလူတစ်ယောက်သည် ဤကျွန်းတွင် နေထိုင်ခဲ့သည်။ ချမ်းသာသူတစ်ဦးက ထိုကျွန်းကို ဝယ်ခဲ့သည်။ ထိုသူသည် ကျွန်းကို ဝယ်ပြီးကတည်းက ကံဆိုးမိုးမှောင်ကျခဲ့ရသည်။

အထက်ပါအကြောင်းများက ထိုကျွန်းကို စိတ်ဝင်စားစရာပိုဖြစ်စေခဲ့သည်။ ၁၉၆၀ ပြည့်နှစ်ခန့်က ဂျေပေါလ်ဂက်တီဆိုသူသည် ဤကျွန်းကို ဝယ်ယူခဲ့သည်။ ထိုကျွန်း ကျိန်စာက ၁၉၇၃ တွင် စပြသည်။ သူ့သားကို ပြန်ပေးအဆွဲခံရသည်။ ဒေသခံတွေကြောက်သည့် ကျိန်စာက မည်မျှ အစွမ်းထက်သည်မသိ။ ယနေ့တိုင် ထိုကျွန်းကို သွားလာသူ သိပ်မရှိ။ ပစ်ပယ်ထားခဲ့ကြသည်။ ■



Bucket List

## ပလိပ်ကျွန်း

Poveglia ကျွန်းကိုအီတလီနိုင်ငံတွင် ပလိပ်ကျွန်းဟူ၍လည်း ခေါ်ဆိုကြသည်။ လျှို့ဝှက်ချက်အများဆုံး ကျွန်းတစ်ကျွန်းအဖြစ် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်လျက်ရှိသည် ထိုကျွန်းကို ဗင်းနစ်မြို့မှ တူးမြောင်းအတိုင်း လှေများဖြင့် သွားလာနိုင်ပြီး မိုင်ဝက်ခန့်ဝေးသောနေရာတွင် တည်ရှိသည်။ ယနေ့တိုင် ကြောက်ကြောက်နှင့် သွားကြည့်နေကြသည့် ကျွန်းလည်းဖြစ်သည်။

ပိုဗီလ်ယားကျွန်းသည် ၁၇၉၃ မှ ၁၈၁၄ ခုနှစ်အထိ ထင်ရှားသောကျွန်းတစ်ကျွန်းမဟုတ်ခဲ့ပေ။ ထိုကျွန်းကို ပလိပ်ရောဂါဖြစ်သူများကို သွားရောက်စွန့်ပစ်ထားကြသည်။ ကျွန်းပေါ်တွင် ပလိပ်ရောဂါကြောင့် သေဆုံးသူပေါင်း ၁၆၀,၀၀၀ ကျော်ရှိမည်ဟု ခန့်မှန်းကြသည်။ ထိုကျွန်း၏ ထက်ဝက်ခန့်တွင် မည်သည့်နေရာတူးတူး အရိုးတွေ ထွက်လာမည်ဟုလည်း ဆိုကြသည်။

၁၉၀၀ ပြည့်နှစ်ခန့်တွင် ထိုကျွန်းကို ပလိပ်ကျွန်းအဖြစ် စွန့်ပစ်ထားမည့်အစား စိတ်ရောဂါဝေဒနာသည်များကို ထားသည့်နေရာအဖြစ် ပြောင်းလဲရန် စဉ်းစားကြသည်။ ထိုကျွန်းပေါ်တွင် စိတ်ဝေဒနာရှင်များက ဆရာဝန်တစ်ဦးကို သတ်ဖြတ်ခဲ့သည်ဆိုသော ဇာတ်လမ်းလည်း ရှိခဲ့သည်။

၁၉၆၈ ခုနှစ်ခန့်တွင် ထိုကျွန်းကို စိတ်ဝေဒနာရှင်များထားသည့် နေရာအဖြစ်က ပိတ်လိုက်သည်။ ကျွန်းပေါ်တွင် သရဲခြောက်သည်ဆိုသည့် သတင်းတွေက ပျံ့နှံ့လာသည်။ ထိုသို့ကြောက်စရာကောင်းသည့် အတိတ်သမိုင်းတွေရှိသည့်ကြားက စိတ်ဝင်စားသူတွေလည်းများသည်။

၂၀၁၄ ခုနှစ်တွင် ထိုကျွန်းကို လေလံတင်သည်။ စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ဦးဖြစ်သည့် လူဂီဘရုနာနို ဆိုသူက ဝယ်သွားသည်။ သူသည် နောက်ထပ် ၉၉ နှစ် ထိုကျွန်းကို ပိုင်ဆိုင်ခွင့်ရထားသည်။

■ **မိုးစက်**

**(Ref: National Geographic)**

# ချစ်ခြင်းတရား၏ မိုင်တစ်သောင်း ခြေလျင်ခရီးစဉ်

သန့်ဇင်စိုး

၂၀၁၅ ခုနှစ် ၅ လပိုင်းလောက်က ဖြစ်သည်။ စတိပ်ဖူဂိတ် တောင်ကယ်ရိုလိုင်းနားသို့ ရောက်ရှိလာခဲ့သည်။ အမေရိကန်ပြည်ထောင်စုအနှံ့ ပြည်နယ်ပေါင်း ၄၈ ပြည်နယ်ကို ဖြတ်သန်းလမ်းလျှောက်ခြင်းပြီးမြောက်ခဲ့ခြင်း ဖြစ်သည်။ အမေရိကန်ပြည်မကြီးကို လှည့်ပတ်လမ်းလျှောက်ရန်အတွက် အသက် ၆၈ နှစ်အရွယ် အမျိုးသားကြီးအဖို့ ၂ နှစ် ၂ လနှင့် ရက်ပေါင်း ၂၀ ကြာမြင့်ပါသည်။ "အမေရိကန်ပြည်ထောင်စုပြည်မကြီးပေါ်မှ ၄၈ ပြည်နယ်လုံးလမ်းလျှောက်ချင်ခဲ့တာပါ။ ခင်ဗျားတို့ရဲ့လုပတဲ့ တောင်ကယ်ရိုလိုင်းနားပြည်နယ်ကတော့ ကျွန်တော့်ရဲ့၄၈ ပြည်နယ်မြောက်ပေါ့" ဟု ဘိုးတော် စတိပ်ဖူဂိတ်က ပြောကြားသည်။ ဘကြီးတစ်ယောက် အမေရိကန်ပြည်ထောင်စုကြီးကို ပတ်ပြီး လမ်းလျှောက်နေရာ အများပြည်သူစိတ်ဝင်စားမှု မြင့်တက်ခဲ့ပြီး သူရောက်ရာနေရာတိုင်း ကြိုဆိုကြသည်။ အဘယ့်ကြောင့် စတိပ်ဖူဂိတ် အမေရိကန်တစ်လွှား လမ်းလျှောက်နေပါသနည်း။

သားဖြစ်သူ သေကြောင်းကြံစည်သွားခဲ့ပြီးနောက်တွင် စတိပ်ဖူဂိတ် ယူကျုံးမရ ရင်ထဲပူလောင်ခဲ့သည်။ သားကွယ်လွန်ပြီးနောက်တွင် သေကြောင်းကြံစည်မှုကြောင့် သေဆုံးသူများစွာ ရှိနေကြောင်းကို သူသိလိုက်ရသည်။ သို့ဖြင့် အသက်တာကို ချစ်ခင်ပါ Love Life ဆိုသည့် စာသားကို သူ့ကျောပိုးအိတ်တွင် တပ်ဆင်ပြီး စတင်လမ်းလျှောက်တော့သည်။ ရောက်လေရာ နေရာတွင် ဘဝကို အရှုံးမပေးဘဲ နေထိုင်ရေး၊ သေကြောင်းကြံစည်မှုကို မပြုလုပ်စေရေး သတင်းစကားများဝေမျှသည်။ နှစ်အနည်းငယ် လမ်းလျှောက်ခဲ့ပြီးနောက်တွင် သမီးဖြစ်သူလည်း ဆေးလွန်ပြီး သေဆုံးခဲ့ပြန်သည်။ ခံစားရသည့်ဝေဒနာများ သက်သာစေဖို့အတွက် သူ့ ဆိုင်းဘုတ်ကို ပြန်ယူပြီး လမ်းလျှောက်ခဲ့ပြပါသည်။

ရုပ်ရှင်ရိုက်ကူးသူ ဆိုင်းရပ်စ်ဆက်တန်သည် ကယ်လီဖိုးနီးယား ကန္တာရကြီးထဲတွင် ဖူဂိတ်ကို တွေ့ရှိခဲ့သည်။ ထို့နောက် စိတ်ဝင်စားသွားခဲ့ပြီး လျှောက်လမ်းကုထုံးဟု အမည်ရသည့် မှတ်တမ်းရုပ်ရှင်ကို ရိုက်ကူးခဲ့သည်။ အဆိုပါ ခြောက်မိနစ်စာ ရုပ်သံကြောင့် အမေရိကတစ်လွှား အဆိုပါခရီးသည်ကြီးကို သိရှိသွားကြပြီး သူ့သတင်းစကားများကို နားထောင်လာခဲ့သည်။ အမေရိကန်ပြည်မကြီး ၄၈ ပြည်နယ်တောက်လျှောက် လမ်းလျှောက်ခြေလျင်သွားဖို့ ဆိုသည်မှာ လွယ်သည့်ခရီးမဟုတ်ပေ။ ဘကြီးကတော့ တရွေ့ရွေ့ချီတက်နေသည်။ ကျောကုန်းမှာတော့ Love Life ဆိုသည့် ဆိုင်းဘုတ်ကြီးကိုထမ်းလို့။ အဆိုပါ လမ်းလျှောက်ခရီးထွက်ခြင်းသည် သူ့သားသမီးများကြောင့် ခံစားနာကျင်ရခြင်းကို သက်သာစေရန်နှင့် စိတ်ကျရောဂါ၊ သေကြောင်းကြံခြင်း စသည့် အကြောင်းများကို အများပြည်သူသို့ သတိပေးရန် ဖြစ်ပေသတည်း။ သူနှင့်တွေ့ဆုံ စကားပြောဖြစ်ခဲ့သူများစွာ လမ်းတစ်လျှောက်ရှိခဲ့ပါသည်။ ဘဝကို အပြုသဘောမြင်ကာ အကောင်းဆုံး ရှေ့ဆက်ခရီးသွားရန်အတွက် သူ့အကြံဉာဏ်များကို ရရှိခဲ့ကြသည်ချည်း ဖြစ်သည်။ ဖူဂိတ်သည် သူ့ခရီးတောက်လျှောက်ကို သူ့ အင်တာနက် စာမျက်နှာနှင့် Facebook တို့မှ ရေးသားဖော်ပြတင်ဆက်ပေးသည်။ သူ့ခရီးစဉ်အကြောင်း တွေ့ရှိခဲ့ရသည့် အရာများအကြောင်းကို အားကျနှစ်သက်ဖွယ်ဖြစ်အောင် ဖော်ပြပေးသည်။ Facebook ပေါ်မှတစ်ဆင့် ကမ္ဘာကြီးကိုဆက်သွယ်ပြီး လမ်းတစ်လျှောက် သူပြုလုပ်ခဲ့သော ကောင်းနိုးရာရာ ကောင်းမှုလေးများအကြောင်းကိုလည်း သင်ကြားပြသပေးသည်။ "ကမ္ဘာ့ငြိမ်းချမ်းရေးဆိုတာ မရှိဘူးဗျ။ မိမိရင်တွင်းက ငြိမ်းချမ်းရေး ဆိုတာပဲရှိမယ်" ဟု ၎င်းက ပြောကြားသည်။ "ကျွန်တော်တို့ မျက်စိရှေ့မှာ နေ့စဉ်ဖြစ်နေတဲ့ အရာတွေကို ရင်ဆိုင်ရာမှာ အရေးအကြီးဆုံး နည်းလမ်းကတော့ ကျွန်တော်တို့ ဘဝအသက်တာကို လက်ခံလိုက်တာပဲ ဖြစ်ပြီး ဒါကို လက်ဆောင်တစ်ခုအနေနဲ့ ချစ်ခင် နှစ်လိုဖို့ ဖြစ်ပါတယ်" ဟု မြေလျှောက်ဝိဇ္ဇာကြီးအလား ခရီးသွားနေသည့် ဖူဂိတ်က ပြောကြားသည်။

"ကျွန်တော်လမ်းလျှောက်ရတာ လွန်ခဲ့တဲ့ ၁၂ နှစ်လောက်ကလောက် မလွယ်တော့ဘူး။ ကျွန်တော် အသက် ၅၃ နှစ်မှာ စတင်ပြီးတော့ လမ်းလျှောက်ခဲ့တာ ဖြစ်ပါတယ်" ဟု ဖူဂိတ်က ၂၀၁၂ တွင် မီဒီယာတစ်ခုကို ပြောကြားခဲ့သည်။ သို့သော် ယခုအချိန်အထိ စတိပ်ဖူဂိတ်သည် ၎င်း၏ သေကြောင်းကြံစည်မှု ဆန့်ကျင်ရေး၊ အကောင်းမြင်စေရေး သတင်းစကားများကို ခရီးသွားရင်း ပြောကြားနေသည်။ လမ်းလျှောက်ရင်းဖြင့် အများပြည်သူကို ပညာပေးနေသော သူ့စိတ်ဇွဲသတ္တိက ချီးကျူးလောက်ပါပေသည်။ သူ့ စိတ်ဒဏ်ရာများလည်း သက်သာသည်။ အများအတွက်လည်း အကျိုးဖြစ်ထွန်းစေပါသည်။







■

သန့်ဇင်စိုး

# About Them



နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ် (၃)
အခြေခံပညာအထက်တန်းကျောင်းတွင်
စက်တင်ဘာလ ၇ ရက်နေ့ နံနက် ၈ နာရီ၌
သုံးထပ်ကျောင်းဆောင်သစ်ကို
အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်းစီမံကိန်း
SEAOP ကုမ္ပဏီက လွှဲပြောင်းပေးအပ်ပွဲ
ကျင်းပခဲ့သည်။



စက်တင်ဘာလ ၈ ရက်နေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ Black Canyon ဆိုင်တွင် ပြုလုပ်ခဲ့သည့် ဒုဋ္ဌဝတီကိုလွန်၍ ရုပ်ရှင်ဇာတ်ကား စင်ကာပူနိုင်ငံတွင် ရုံတင်ပြသခွင့် ရရှိသည့်အကြောင်း စာနယ်ဇင်းရှင်းလင်းပွဲ



ရိုက်တာသတင်းထောက်နှစ်ဦး ပြန်လည်လွှတ်ပေးရန် မွန်ပြည်နယ်၊ ကရင်ပြည်နယ်မှ သတင်းသမားများ၊ CSO သမားများ လမ်းလျှောက်ဆန္ဒပြမှုတစ်ခုကို စက်တင်ဘာလ ၇ ရက်နေ့တွင် မော်လမြိုင်မြို့ ကမ်းနားလမ်းမှစ၍ ဗဟိုလမ်း ကျိုက်သုတ်ဘုရားအထိ ဆန္ဒပြလမ်းလျှောက်ခဲ့ကြသည်။

စက်တင်ဘာလ ၅ ရက်နေ့က
ရန်ကုန်မြို့
ဆာကူရာတာဝါတွင်
ပြုလုပ်ခဲ့သည့်
တေးသံရှင်ပိုပို၏
Masterpiece MTV
စာနယ်ဇင်းရှင်းလင်းပွဲ



# ‘ဒုဋ္ဌဝတီကို လွန်၍’ ရုပ်ရှင်ဇာတ်ကား

**သန့်ဇင်ဦး**

Golden Hour ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ရဲနောင်ရဲ့ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ဒါရိုက်တာအာကာ ရိုက်ကူးကာ သရုပ်ဆောင် နိုင်းနိုင်း၊ ဇော်ဇော်အောင်၊ ဆန်းထွဋ်၊ နေဘ်အောင်၊ အမွန်းတို့ ပါဝင်ထားတဲ့ ‘ဒုဋ္ဌဝတီကိုလွန်၍’ ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလ ၁၃ ရက်နေ့ ကနေ ၂၀ရက်နေ့ အထိ စင်ကာပူနိုင်ငံရှိ ရုပ်ရှင်ရုံငါးရုံမှာ ရုံတင်ပြသသွားမှာပါ။ ယင်းဇာတ်ကားမှာ ပါဝင်ထားတဲ့ အနုပညာရှင်တွေရဲ့ ရင်တွင်းစကားသံတွေကို စုစည်းဖော်ပြလိုက်ပါတယ်။

## ဒါရိုက်တာအာကာ

ကျွန်တော်ကိုယ်တိုင်လည်း အရင်တုန်းက စင်ကာပူမှာ အလုပ်လုပ်ခဲ့ဖူးတဲ့သူ ဖြစ်တဲ့အတွက် မြန်မာရုပ်ရှင် ဇာတ်ကားတစ်ကားကို စင်ကာပူမှာ အရမ်းပြချင်တယ်။ ဒီဇာတ်ကားကို ပြဖို့အတွက် စင်ကာပူကရုံရှင်တွေကလည်း စိတ်ဝင်စားတယ်။ စင်ကာပူမှာရှိတဲ့ Cathay ရုပ်ရှင်ရုံအုပ်စုမှာပါတဲ့ ရုံငါးရုံမှာ စက်တင်ဘာလ ၁၃ ရက် ကနေ ၂၀ ရက်နေ့ အထိပြပါမယ်။ ပရိသတ်တွေရဲ့အားပေးမှုအတိုင်းအတာကိုတော့ ကျွန်တော်တို့လည်း မမှန်းရဲသေးပါဘူး။ ကျွန်တော်တို့အတွက် ပထမဆုံးအတွေ့အကြုံလည်း ဖြစ်တယ်။ ပရိသတ်တွေ ဘယ်လောက်အထိ လာကြည့်မလဲဆိုတာ မသိသေးဘူး။ ရှေ့မှာ ကျွန်တော်တို့လိုပဲ လူငယ်ဒါရိုက်တာတွေရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်ကားတွေ စင်ကာပူမှာ လာပြဖူးကြတယ်။ ဒါပေမဲ့ The Cathay ရုပ်ရှင်ရုံမှာတော့ မပြဖူးကြသေးဘူး။ အဲဒါကြောင့် ပရိသတ်တွေ ဘယ်လောက်လာကြည့်မလဲဆိုတာ ကျွန်တော်တို့လည်း မှန်းလို့မရသေးပါဘူး။



ဓာတ်ပုံ- သန့်ဇင်ဦး

## နိုင်းနိုင်း

ကိုယ်ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားကို စင်ကာပူနိုင်ငံမှာပြသခွင့်ရတဲ့အတွက် ဝမ်းလည်းသာသလို ဂုဏ်လည်းယူပါတယ်။ စင်ကာပူက ရုံပိုင်ရှင်တွေကလည်း ကျွန်တော်တို့ရုပ်ရှင်ဇာတ်ကားကိုပြဖို့ ရွေးချယ်ပေးတဲ့အတွက် မြန်မာ့ရုပ်ရှင်လောကသား တစ်ယောက်အနေနဲ့ ဂုဏ်ယူပါတယ်။ လက်ရှိကတော့ တစ်ရာ ရာခိုင်နှုန်းအပြည့် မပြောနိုင်သေးပါဘူး။ စက်တင်ဘာလ ၁၃ ရက်နေ့မှာ ရုံတင်မှာ ဖြစ်တဲ့အတွက် အစ်ကိုတို့ဇာတ်ကားကို စင်ကာပူရောက်မြန်မာတွေ ဘယ်လောက်အထိ အားပေးမလဲဆိုတာကို တစ်ချက်စောင့်ကြည့်ရမှာပေ့ါ။ ဒီဇာတ်ကားက အက်ရှင်ကားဖြစ်တဲ့အတွက် ကင်မရာရိုက်ချက်အလုပ်တွေ တော်တော်များပါတယ်။ သူတို့အတွက်လည်း ပထမဆုံးအတွေ့အကြုံဖြစ်တဲ့အတွက် အဲဒီလိုအပ်ချက်လေးတွေတော့ရှိတာပေ့ါနော်။ ပရိသတ်တွေက ကျွန်တော်တို့ရဲ့ ဖန်တီးမှုနောက်ကို လိုက်လာဖို့ကတော့ သူတို့ကြိုက်နိုင်မယ့်ပုံစံမျိုးကို ရိုက်ပြနိုင်ဖို့ လိုတာပေ့ါနော်။ ဘယ်လောက်ပဲ ဇာတ်ကားအရည်အသွေးကောင်းကောင်း၊ ပရိသတ်အကြိုက်နဲ့ အစပ်အဟပ်မတည့်ရင်လည်း အောင်မြင်မှုရမှာ မဟုတ်ပါဘူး။



ဓာတ်ပုံ- သန့်ဇင်ဦး



ရဲနောင် Facebook

## ရဲနောင်(ဇာတ်လမ်း၊ ဇာတ်ညွှန်း)

မြန်မာပြည်က ရုပ်ရှင်ကားတစ်ကားကို စင်ကာပူနိုင်ငံမှာ ပြခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာရပါတယ်။ ရုံတင်ခွင့်ရမယ်လို့ သတင်းစကြားကတည်းကကို ပျော်နေတာပေ့ါနော်။ စင်ကာပူနိုင်ငံပြီးရင် ထိုင်းနိုင်ငံမှာလည်း ရုံတင်နိုင်ဖို့ကြိုးစားနေတယ်။ အဲဒီအခါကျရင်လည်း ထပ်ပြီးတော့ပျော်ရဦးမှာပေ့ါနော်။ ဒုဋ္ဌဝတီကို လွန်၍ကတော့ ဇာတ်လမ်းအပိုင်း ၃ပိုင်း ရေးထားတာပါ။ အပိုင်း( ၁ ) ကတော့ရိုက်ပြီးသွားပြီပေ့ါနော်။ အပိုင်း( ၃) အထိရိုက်ပြီးတော့မှပဲ စာအုပ်အနေနဲ့ ပြန်ထုတ်ဖို့ စိတ်ကူးထားတယ်။ စာအုပ်ကိုအရင်ထုတ်လိုက်ရင် လူတွေ အားလုံးက ရုပ်ရှင်က စာအုပ်ကိုမမီဘူးလို့ပြောကြလိမ့်မယ်။ နောက်ပြီး ကျွန်တော် ဒရာမာဇာတ်လမ်းလေးတစ်ခု ရေးထားတာရှိတယ်။ အဲဒီဇာတ်လမ်းကိုလည်း အချောသတ်နေတယ်။ အဲဒီဇာတ်ကားလေး ရိုက်နိုင်ဖို့လည်း ကျွန်တော်တို့ ကြိုးစားပါဦးမယ်။



## ကောင်းကျော် (Golden Hour ထုတ်လုပ်ရေး)

စင်ကာပူနိုင်ငံမှာ ရုံတင်တဲ့ မြန်မာဇာတ်ကားတွေက ပုံမှန်ဆိုရင် The Cathay မှာ ပြခွင့်မရခဲ့ဖူးဘူးပေ့ါနော်။ အခု Cathay ရုပ်ရှင်ရုံအုပ်စုက ကျွန်တော်တို့ ဇာတ်ကားကို နိုင်ငံတကာဇာတ်ကားတွေနဲ့တန်းတူ ရုံတင်ဖို့ အခွင့်အရေးပေးတယ်ပေ့ါ။ ပထမအပတ် ၆၅ ရာခိုင်နှုန်းပြည့်ရင် ဒုတိယအပတ်ဆက်ပြရမယ်။ ဒုတိယအပတ် ၆၅ ရာခိုင်နှုန်းပြည့်ရင် တတိယအပတ် ဆက်ပြရမယ်။ အဲဒီလို စိန်ခေါ်မှုတစ်ခုနဲ့ ပြခွင့်ရတဲ့အတွက် အရမ်းကို ဝမ်းသာပျော်ရွှင်ရပါတယ်။ ဒီဇာတ်ကားကို စတင်ဖန်တီးကတည်းက ပြည်ပကို ထွက်ပြနိုင်ရမယ်ဆိုပြီး ရည်ရွယ်ကြိုးစားခဲ့ကြတာပေ့ါနော်။ အခုတော့ ကျွန်တော်တို့ရဲ့ စိတ်ကူးအိပ်မက်တွေ လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့တဲ့အတွက် အားတွေလည်း ပိုရှိလာပါတယ်။ စင်ကာပူမှာပြပြီးရင် တခြားအရှေ့တောင်အာရှနိုင်ငံအချို့မှာလည်း ဆက်ပြနိုင်ဖို့ လုပ်နေပါတယ်။ ဘယ်နိုင်ငံတွေမှာ ပြခွင့်ရမလဲဆိုတာကို ကျွန်တော်တို့ ကြေညာပေးသွားမှာပါ။



ခင်ဇာခြည်ကျော် Facebook

## ယောက္ခမလို့ အခေါ်ခံရတာ စိတ်မဆိုးပါဘူးဆိုတဲ့ ခင်ဇာခြည်ကျော်

**ရန်ကုန်၊ စက်တင်ဘာ ၈**

သားဖြစ်သူကို မိခင်တစ်ယောက်အနေနဲ့ ချုပ်ချယ်တာမျိုးမလုပ်ဘဲ သူငယ်ချင်းလိုလည်း ပွင့်ပွင့်လင်းလင်း ပေါင်းသင်းဆက်ဆံဖြစ်ပြီးသားကြောင့် တချို့မိန်းကလေးပရိသတ်တွေက ယောက္ခမလို့ အခေါ်ခံရတာကိုလည်း စိတ်မဆိုးပါဘူးလို့ သရုပ်ဆောင်ခင်ဇာခြည်ကျော်က The Voice ကို ပြောကြားပါတယ်။

“သားအမိနှစ်ယောက်က သူငယ်ချင်းလိုလည်း ပေါင်းတယ်။ အမေလိုလည်း ပေါင်းတယ်။ အစ်မတစ်ယောက်လိုလည်း ပေါင်းတယ်။ ဒီခေတ်ကလေးတွေက အဲ့ဒီလို မပေါင်းလို့ မရဘူး။ သူတို့နဲ့ အဲ့လို ပေါင်းလိုက်တဲ့အတွက် သူတို့ ဘာလုပ်လဲ သူတို့ ဘာကို ကြိုက်တတ်လဲ။ သူတို့ ကြိုက်နေတဲ့ ကောင်မလေးက ဘယ်လိုလဲဆိုတာကို အမေတစ်ယောက်အနေနဲ့ စဉ်းစားပေးလို့ ရတယ်” လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

သားဖြစ်သူက အမေတူသားပီပီ အနုပညာအလုပ်ကို လုပ်ဖို့ ဝါသနာပါပေမယ့် ကိုယ်တိုင်ဖြတ်သန်းလာတဲ့ အတွေ့အကြုံအရ အနုပညာသမားဘဝက ပင်ပန်းတာကို သိတဲ့အတွက် မလုပ်စေချင်ကြောင်း၊ သားဖြစ်သူရဲ့ အနုပညာပိုးကို တားမရရင်လည်း ဘွဲ့ရပြီးတော့မှသာ လုပ်ခွင့်ပြုမှာဖြစ်ကြောင်း သရုပ်ဆောင်ခင်ဇာခြည်ကျော်က ပြောကြားပါတယ်။

“အခုဆို ကိုယ်တွေတောင် မေမေ ခေါ်ခံနေရပြီ။ ကျန်တဲ့သူဆိုရင်တော့ စိတ်ဆိုးမှာပေ့ါနော်။ အစ်မကတော့ စိတ်မဆိုးတဲ့အပြင် ကျေးဇူးတောင် တင်ပါသေးတယ်။ ဘာပဲပြောပြော ကိုယ့်သားလေးကို ချစ်ပေးတဲ့အတွက်ပါ။ ယောက္ခမလို့ ခေါ်လည်း စိတ်မဆိုးဘူး။ မေမေလို့ ခေါ်လည်း စိတ်မဆိုးဘူး။ အစ်မက သားတွေ သမီးတွေကို နားလည်တဲ့ ခေတ်အမေတစ်ယောက်ပါ” လို့ ၎င်းက ဆိုပါတယ်။

# "အစ်ကိုနဲ့ နေတိုးက ရုပ်ရှင်တစ်ကားရိုက်မယ်ဆိုရင် ဈေးကွက်တို့၊ ပရိသတ်တောင်းဆိုမှုတို့ကို မစဉ်းစားဘူး"

## ကျော်ကျော်ဗိုနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး

သရုပ်ဆောင် ကျော်ကျော်ဗိုနဲ့ တွေ့ဆုံပြီး ထိုင်းနိုင်ငံမှာ သွားရောက်ရိုက်ကူးမယ့် ' Lady Boy ' ရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင်ရမယ့်ဇာတ်ကောင်စရိုက်အကြောင်း၊ ဇာတ်ကားအတွက် ကြိုတင်ပြင်ဆင်မှုအပိုင်းများ၊ သူငယ်ချင်းနေတိုးနဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကား အတူရိုက်ကူးမယ့်အကြောင်းတွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။



ဓာတ်ပုံ- သန့်ဇင်ဦး

**Voice: ထိုင်းနိုင်ငံမှာ သွားရိုက်ရမယ့် ' Lady Boy ' ရုပ်ရှင်မှာ သရုပ်ဆောင်ရမယ့် ဇာတ်ကောင်စရိုက် အကြောင်းကနေ စပြီးပြောပြပေးပါဦး။**

**KKB:** ဒီကားမှာတော့ ကျွန်တော်က ထိုင်းမှာအခြေချနေတဲ့ မြန်မာတစ်ယောက်ပေါ့နော်။ စားနိုင်၊ သောက်နိုင်၊ ဝတ်နိုင်တယ်။ အဆင်ပြေတယ်ပေါ့။ ထိုင်းကောင်မလေးတစ်ယောက်နဲ့လည်း ရည်းစားဖြစ်နေတယ်ပေါ့။ အလုပ်အကိုင်အနေနဲ့ကတော့ ကလပ်တစ်ခုမှာ Dancer လုပ်တယ်။ Sexy Dance ပုံစံမျိုးကရတယ်ပေါ့။ ဒီဇာတ်ကားရိုက်ဖို့အတွက် အကတွေလည်း ကြိုသင်ထားပါတယ်။

**Voice: ကိုယ်တိုင်ရော Sexy Dance ပုံစံကရမှာဆိုတော့ ဘယ်လိုခံစားမှုရှိလဲ။**

**KKB:** Sexy Dance ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် အကကတော့ အကပါပဲ။ အကပေါ်မူတည်ပြီး ခန္ဓာကိုယ်လှုပ်ရှားမှုပုံစံ၊ အနည်းငယ် ပြောင်းသွားတာပဲ ရှိပါတယ်။ Sexy ဘက်ကိုသွားတဲ့ ကိုယ်ဟန်လေးတွေပြောင်းရတာပေါ့။ ဒီလောက်ပါပဲ။ အခုချိန်အထိတော့ Sexy Dance မကဖူးသေးဘူး။ ဒါပေမဲ့ ကရတာ အရမ်းကြီးတော့ မခက်ခဲပါဘူး။ Life & Dance အကအဖွဲ့က အကဆရာ မင်းမင်းထွန်းနဲ့ ကြိုသင်ထားတယ်။ ကရမယ့် ကကွက်တွေကအစ သူစဉ်းစားပေးပါတယ်။

**Voice: ဒီဇာတ်ကားက ထိုင်း-မြန်မာ နှစ်နိုင်ငံက အနုပညာရှင်တွေပူးပေါင်းရိုက်ကူးမယ့် ဇာတ်ကားဆိုတော့ ကိုယ့်အတွက် ဘာတွေရော ထူးခြားမှုရှိမယ်ထင်လဲ။**

**KKB:** အရင်တုန်းကဆိုရင် အစ်ကိုတို့က ထိုင်းမှာဇာတ်ကားသွားရိုက်ရင် မသိအောင်ခိုးရိုက်ကြရတာလေ။ ကင်မရာကို အဝေးကနေထောင် ထားပြီးတော့ သရုပ်ဆောင်တွေကို ဘယ်နေရာကနေ ဖြတ်လာနော်၊ ဘယ်လိုဝင်သွားဆိုပြီး ပြောထားတာလေ။ အဲဒီလို ခိုးရိုက်နေရတာက ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုနည်းစေတယ်။ ကိုယ့်အနုပညာဖန်တီးမှုအတွက် အနုတ်လက္ခဏာပြစေတယ်။ အခုရိုက်မယ့်ကားကတော့ ထိုင်းဘက်က ထုတ်လုပ်ရေးတစ်ခုနဲ့ ပူးပေါင်းလိုက်တဲ့အတွက် တရားဝင်သွားရိုက်ခွင့်ရတယ်။ အဲ့ဒီအတွက် ကိုယ့်ရဲ့အနုပညာဖန်တီးမှုအပိုင်းမှာ ယုံကြည်မှုပိုရလာတာပေါ့။ အရင်တုန်းက ခိုးရိုက်ရတာဆိုတော့ စိတ်ထဲမှာသိမ်ငယ်သလိုခံစားရတယ်။

**Voice: မကြာခင်ရက်ပိုင်းအတွင်းက အနုပညာလောကရဲ့လိုအပ်ချက်အချို့ကို ထောက်ပြထားတဲ့ ဗီဒီယိုဖိုင်တစ်ခုကို အွန်လိုင်းမှာ တင်ဖြစ်တာတွေ့ရတယ်။ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ တင်ဖြစ်ခဲ့တာလဲ။**

**KKB:** အဲဒါကတော့ ကိုယ့်အနုပညာလောကက သူတွေကို Awareness ပေးတဲ့သဘောပါပဲ။ တစ်ခါတလေ ကျရင် ကျွန်တော်တို့ အနုပညာသမားတွေက လူမှုပတ်ဝန်းကျင်မှာ နေထိုင်သင့်တဲ့ ပုံသဏ္ဌာန်တွေကို ပရိသတ်တွေသိအောင် ပညာပေးတဲ့ အနေနဲ့ ရိုက်ပြကြတာရှိတယ်။ ကျွန်တော်တို့ အနုပညာလောကမှာလည်း ကိုယ့်ကိုယ်ကိုယ် ပညာပြန်ပေးဖို့ လိုတယ်လို့ ခံစားမိတယ်လေ။ ကျွန်တော့်ကို ကျွန်တော်ပညာပေးတဲ့အနေနဲ့လည်း ပါပါတယ်။ အနုပညာလောကမှာ ရပ်တည်ရှင်သန်ရတာ နည်းနည်းလေး လိပ်ပြာမလုံသလို ခံစားလာရတဲ့အတွက် ဒီဗီဒီယိုဖိုင်လေးကို တင်လိုက်တာပါ။ နောက်ပိုင်းမှာ ကိုယ်ဖန်တီးမယ့်အနုပညာတွေကို ကိုယ်တိုင်ကြိုက်မှ ပရိသတ်ကိုပြချင်တော့တယ်။ ကိုယ်တောင်မကြိုက်ဘဲနဲ့ ပရိသတ်ကို ဘာလို့ပြနေရတာလဲဆိုပြီး လိပ်ပြာမလုံသလို ခံစားလာရတယ်။ အဲဒီလိုမျိုး မဖြစ်ချင်တော့ဘူး။

**Voice: သူငယ်ချင်းဖြစ်တဲ့ နေတိုးနဲ့ရော ဇာတ်ကားတွေအတူ တွဲရိုက်ဖို့ရော ရှိဦးမလား။ ဖေ့စ်ဘွတ်ခ်မှာတော့ ဇာတ်ကားရိုက်ဖို့ တိုင်ပင်နေကြတဲ့ ဓာတ်ပုံတွေ တက်လာတာတွေ့ရလို့ ပါ။**

**KKB:** အစ်ကိုနဲ့ နေတိုးက နှစ်ယောက်တွဲရိုက်ဖို့ ပြောထားကြတဲ့ ဇာတ်လမ်းတွေ အများကြီးပါပဲ။ အဲဒီအထဲကမှ စိတ်ကြိုက်ဖြစ်တဲ့ဇာတ်လမ်းတစ်ခုကို ပြန်ရွေးလိုက်ပြီး ဒီဇင်ဘာလထဲမှာ စရိုက်ဖို့ ရှိပါတယ်။ ဇာတ်လမ်းကတော့ သူရော၊ ကိုယ်ရော၊ ရိုက်ပေးမယ့်ထုတ်လုပ်သူရော ကြိုက်မယ့်ဇာတ်လမ်းမျိုးကိုရွေးမှာပါ။ အဓိကကတော့ အစ်ကိုနဲ့ နေတိုးက ရုပ်ရှင်တစ်ကားရိုက်မယ်ဆိုရင် ဈေးကွက်တို့၊ ပရိသတ်တောင်းဆိုမှုတို့ကိုမစဉ်းစားဘူး။ အစ်ကိုတို့ ရိုက်မယ့်ဇာတ်ကားကို ဘယ်လိုကောင်းအောင်လုပ်ရမလဲ၊ ဘယ်လိုဆန်းအောင် ရိုက်ပြရမလဲဆိုတာကိုပဲစဉ်းစားတယ်။ ဒီဇာတ်ကားပြရင် ပရိသတ်တွေမကြိုက်လောက်ဘူးဆိုတာကို မစဉ်းစားပါဘူး။

**Voice: အစ်ကိုတို့ နှစ်ယောက်တွဲရိုက်ထားတဲ့ 'ပြုံးရွှင်ရေ ပျော်ရဲ့လား' ဇာတ်ကားကလည်း ဒီနှစ်ထဲမှာ ရုံတင်တော့မယ်လို့ ကြားတယ်နော်။**

**KKB:** ဒီဇာတ်ကားလေးကတော့ ဇာတ်သဘင်လောကအကြောင်းကို အခြေခံပြီးရိုက်ကူးထားတဲ့ဇာတ်ကားလေးပါ။ ဒီဇာတ်ကားမှာ အစ်ကိုနဲ့ နေတိုးက လူရွှင်တော်တွေအဖြစ် သရုပ်ဆောင်ထားပါတယ်။ ရွှေမှုံရတီကတော့ ဇာတ်မင်းသမီးပေါ့။ လူရွှင်တော်နှစ်ယောက်က ပရိသတ်ကိုသာ ပျော်အောင်တင်ဆက်နေရတယ်၊ သူတို့ရင်ထဲမှာသောကတွေရှိနေတယ်ဆိုတာလေးကို ရိုက်ပြထားတာပါ။ မိသားစုအရေး၊ အချစ်ရေးနဲ့ အိမ်ထောင်ရေးအကြောင်းတွေကို ရောယှက်ပြီး ရိုက်ပြထားပါတယ်။ ဒီကားအပြင် နေတိုးနဲ့ 'မုန်းစွဲ' ဆိုတဲ့ ရုပ်ရှင်ကားကြီးလည်း ရိုက်ထားပါသေးတယ်။

## ကိုယ့်ကိုချစ်ပြီး တန်ဖိုးထားတဲ့သူကိုပဲ ဘဝလက်တွဲဖော်အဖြစ် ရွေးမယ်ဆိုတဲ့ ဝတ်မှုန်ရွှေရည်

**ရန်ကုန်၊ စက်တင်ဘာ ၈**

ကိုယ့်အပေါ်ကို မြတ်မြတ်နိုးနိုးချစ်ပြီး တန်ဖိုးထားတဲ့ သူမျိုးကိုပဲ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်သွားမှာဖြစ်ကြောင်း နာမည်ကျော် သရုပ်ဆောင် ဝတ်မှုန်ရွှေရည်က The Voice ကို ပြောကြားပါ တယ်။



ဓာတ်ပုံ- သန့်ဇင်ဦး

"အဓိကကတော့ ကစ်အပေါ်ကို ကြင်နာပြီးတော့ ချစ်တဲ့သူမျိုး ဖြစ်ရမှာပေါ့နော်။ ကစ်ကို မြတ်မြတ်နိုးနိုးချစ်ပြီး တန်ဖိုးထားတဲ့သူ၊ ကစ်ရဲ့ တန်ဖိုးကိုလည်း သိတဲ့သူ၊ ကစ်ကလည်း ပြန်ချစ်နိုင်တဲ့သူမျိုးကိုပဲ ရွေးချယ်မှာပါ" လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

လက်ရှိမှာတော့ အချစ်ရေးနဲ့ ပတ်သက်ပြီး ပရိသတ်တွေကို အသိပေးစရာမရှိသေးဘဲ ထူးခြားမှုရှိလာရင်တော့ ပြောပြပေးမှာဖြစ်ကြောင်း၊ အနုပညာလှုပ်ရှားမှုအနေနဲ့ကတော့ ရုပ်ရှင်ဇာတ်ကားကောင်းလေးတွေ ရွေးချယ်လက်ခံထားကြောင်း ဝတ်မှုန်ရွှေရည်က ပြောကြားပါတယ်။

"ကစ်ကို မြင်နေကျမဟုတ်တဲ့ ပုံစံမျိုးတွေနဲ့ မြင်ရမယ့် ဇာတ်ကားလေးတွေ ထွက်လာဖို့ ရှိပါတယ်။ ကစ် ပရိသတ်တွေ စိတ်ရှည်ရှည်နဲ့ စောင့်ပေးကြပါလို့ ပြောချင်ပါတယ်။ ပရိသတ်တွေ ကြည့်ချင်နေတဲ့ ဗီလိန် ကာရိုက်တာနဲ့ ရိုက်ထားတဲ့ ဇာတ်ကား တစ်ကားလည်း နိုဝင်ဘာလထဲမှာ ရုံတင်ဖို့ ရှိပါတယ်" လို့ ၎င်းက ဆိုပါတယ်။

## နိုင်ငံတကာစင်မြင့်မှာ ပြိုင်ရမှာဖြစ်လို့ ပရိသတ်အင်အား လိုတယ်ဆိုတဲ့ မေယုခတ္တာ

**ရန်ကုန်၊ စက်တင်ဘာ ၈**

ဂျပန်နိုင်ငံမှာ ပြုလုပ်မယ့် Miss International 2018 ပြိုင်ပွဲကို မြန်မာနိုင်ငံ ကိုယ်စားပြုအနေနဲ့ သွားရောက် ယှဉ်ပြိုင်ရမယ့် အလှမယ် မေယုခတ္တာက နိုင်ငံတကာစင်မြင့်မှာ ပြိုင်ရမှာဖြစ်တဲ့အတွက် အားပေးမယ့် ပရိသတ်တွေရဲ့အင်အားလိုပါတယ်လို့ The Voice ကို ပြောကြားပါတယ်။



ဓာတ်ပုံ- သန့်ဇင်ဦး

"ညီမက Miss Myanmar International 2018 ပြိုင်ပွဲကို ပထမဆုံးအကြိမ်ဝင်ပြိုင်တဲ့ နှစ်မှာပဲ Winner ဆုကို ရခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာလုပ်မယ့် Miss International ပြိုင်ပွဲကို နိုင်ငံကိုယ်စားပြုအနေနဲ့ သွားရောက်ယှဉ်ပြိုင်ရမှာဖြစ်တဲ့အတွက် ပရိသတ်ကြီးရဲ့ အင်အားတွေ လိုပါတယ်။ အချစ်တွေလိုပါတယ်" လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ဂျပန်နိုင်ငံမှာ နိုဝင်ဘာလအတွင်း ကျင်းပမယ့် Miss International 2018 ပြိုင်ပွဲအတွက် မြန်မာနိုင်ငံကနေ အောက်တိုဘာလအတွင်း ထွက်ခွာမှာဖြစ်ကြောင်း၊ Talent ပိုင်း ပြသဖို့ အတွက် ဇာတ်မင်းသားကြီး ဦးသိန်းဇော်ဆီမှာ မြန်မာအကကို သင်ယူထားပြီး ပြိုင်ပွဲမှာဝတ်ဆင်ရမယ့် National Costume ကိုတော့ ဒီဇိုင်နာမိုးကုတ် ပေါက်ပေါက်က ချုပ်ပေးမှာဖြစ်ကြောင်း မေယုခတ္တာက ပြောကြားခဲ့ပါတယ်။.

"တစ်လောကတော့ YIM ( Yangon International Medical Service) က စီစဉ်ပေးမှုနဲ့ ဆေးစစ်တာနဲ့ အလှအပပိုင်းဆိုင်ရာတွေအတွက် Treatment ယူဖို့ ညီမ ဘန်ကောက်ကို သွားခဲ့ပါတယ်။ Bumrungrad ဆေးရုံမှာ ကျန်းမာရေးအတွက် ဆေးစစ်တယ်။ အလှအပပိုင်းဆိုင်ရာအတွက်ကတော့ Vitallife Wellness Center မှာ ပြုလုပ်ခဲ့ပါတယ်။ မကြာခင်မှာတော့ ဖိလစ်ပိုင်မှာ ပြိုင်ပွဲအတွက် Training သွားယူဖို့လည်း ရှိပါတယ်" လို့ ၎င်းကဆိုပါတယ်။

# ဘရာဇီး လက်ယာစွန်းသမ္မတလောင်း မဲဆွယ်စည်းရုံးစဉ် ဓားထိုးတိုက်ခိုက်ခံရ

**ဂျူဇီဖိုရာ(ဘရာဇီး)၊ စက်တင်ဘာ ၈**

ဘရာဇီးနိုင်ငံသမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိလိမ့်မည်ဟု တစ်ပြေးနေသူ လက်ယာစွန်း သမ္မတလောင်း ဂျေယာဘိုဆိုနာရိုသည် ယမန်နေ့က ရွေးကောက်ပွဲအတွက်မဲဆွယ်စည်းရုံးမှုတစ်ခု ပြုလုပ်စဉ် ဓားထိုးတိုက်ခိုက်ခံခဲ့ရကြောင်း၊ ၎င်း၏ ဓားထိုးဒဏ်ရာမှာ ပြင်းထန်လှသော်လည်း စိုးရိမ်ရသည့် အခြေအနေတွင် မရှိဟု ဆေးရုံမှ ကျန်းမာရေးအာဏာပိုင်များက ပြောကြားကြောင်း Reuters သတင်းဌာနက ရေးသားဖော်ပြသည်။

ဘရာဇီးသမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ယာစွန်းလွှတ်တော်အမတ် ဂျေယာဘိုဆိုနာရိုသည် ဂျူဇီဖိုရာမြို့၌ မဲဆွယ်စည်းရုံးနေစဉ် ဓားထိုးခံခဲ့ရခြင်းဖြစ်သည်။

၎င်း၏ သားဖြစ်သူ၏အဆိုအရ ဂျေယာဘိုဆိုနာရိုကိုယခုအခါ ဆောင်ပေါလိုမြို့ရှိ ဆေးရုံ၌ ကြပ်မတ်ကုသလျက်ရှိပြီး စိုးရိမ်ရသည့်အခြေအနေတွင် မရှိတော့ကြောင်း သိရသည်။

ဓားထိုးတိုက်ခိုက်ခဲ့သည်ဟု သံသယရှိသူကို အခင်းဖြစ်ပွားပြီးနောက် မိနစ်ပိုင်းတွင်ပင်ချက်ချင်း ဖမ်းမိခဲ့သည်ဟု ဘရားဇီးရဲတပ်ဖွဲ့က ပြောကြားသည်။ ဓားထိုးခဲ့သူက ၎င်းသည် ဘုရားသခင်ထံပေးသော မစ်ရှင်တစ်ခုကို အကောင်အထည်ဖော်ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ကိုပြောကြားသည်ဟုလည်း ဆိုသည်။

ဓားထိုးဒဏ်ရာကြောင့် ဂျေယာဘိုဆိုနာရိုအနေနှင့် ဆေးရုံတွင် အနည်းဆုံး


CNA

တစ်ပတ်ခန့် ကုသမှုခံယူရမည်ဖြစ်ကြောင်း ဆရာဝန်များကဆိုသည်။ ထို့ပြင် ဆေးရုံမှ ဆင်းပြီးသော်လည်း ဆက်၍အနားယူရမည်ဟု ပြောကြားသည်။

"သူ ရဲ့ အတွင်းဒဏ်ရာတွေက ပြင်းထန်ဆိုးရွားတယ်။ အသက်အန္တရာယ်ပါစိုးရိမ်ခဲ့ရတယ်" ဟု သမ္မတလောင်း ဂျေယာဘိုဆိုနာရိုကို ခွဲစိတ်ကုသပေးခဲ့သူ ဒေါက်တာလူးဝစ်ဟင်းနရစ်ဘိုဆာတိုက ပြောကြားသည်။ သို့သော် ယခုအခါ စိုးရိမ်ရသည့်အခြေအနေတွင်မရှိတော့ကြောင်း ဆက်လက်ပြောကြားသည်။

လက်ရှိအနေအထားတွင် ဂျေယာဘိုဆိုနာရို၏ နိုင်ငံရေးပြိုင်ဘက်ဖြစ်သူ ယခင်သမ္မတဟောင်း လူးဝစ်အင်စီယိုလူလာဒါဆေးလ်ဗားမှာ အကျဉ်းထောင်အတွင်းမှ မဲဆွယ်စည်းရုံးရသည့် အနေအထားမျိုးနှင့် ကြုံတွေ့နေရသည်သည်။ ၎င်းသည် အာဏာရှိစဉ် အဂတိလိုက်စားခဲ့သည်ဟူသော စွပ်စွဲချက်များကြောင့် ဖမ်းဆီးခံထားရသည်။

သမ္မတရွေးကောက်ပွဲပထမအကျော့မှာ လာမည့်အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပရန်စီစဉ်ထားသည်။

"ကျွန်တော်တို့လူ့အဖွဲ့အစည်းဟာ လုံခြုံမှုမရှိတဲ့အနေအထားထဲကို ရောက်သွားပါပြီ"ဟု ဆောင်ပေါလို စီးပွားရေးကောလိပ်မှ နိုင်ငံရေးသိပ္ပံပါမောက္ခ ကားလို့စ်မီလိုက ပြောကြားသည်။

ဘရာဇီးနိုင်ငံတွင် လတ်တလောကာလများအတွင်း ဆူပူအုံကြွမှုများ၊ အဂတိလိုက်စားသည်ဟူသော သတင်းဆိုးများက နိုင်ငံရေးသမားအတော်များများ၏ ပုံရိပ်ကိုကျဆင်းစေလျက်ရှိသော်လည်း သမ္မတလောင်း ဂျေယာဘိုဆိုနာရိုမှာ ရာဇဝတ်မှုများအပေါ်ထားရှိသည့် တင်းမာသော သဘောထား၊ ၁၉၆၄-၈၅ ခုနှစ်ကာလ စစ်အာဏာရှင်စနစ်ကို အမွှမ်းတင်မှု အစရှိသည်တို့ကြောင့် ကွန်ဆာဗေးတစ်မဲဆန္ဒရှင်များအကြား အထူးရေပန်းစားလျက်ရှိသည်။

သို့သော် ဂျေယာဘိုဆိုနာရို၏ အစွန်းရောက်အတွေးအခေါ်များနှင့် ကြမ်းတမ်းသောမိန့်ခွန်းများက ဘရာဇီးပြည်သူအတော်များများကို ထိတ်လန့်စေလျက်ရှိသည်။

သောကြာနေ့တွင် ဂျေယာဘိုဆိုနာရိုက ဆောင်ပေါလိုမြို့ဆေးရုံ ခုတင်ပေါ်မှနေ၍ ဗီဒီယိုရိုက်ကူးကာ လူမှုကွန်ရက်ပေါ်သို့ တင်ခဲ့သည်။ "ကျွန်တော်တို့အားလုံး ကိုယ်ပိုင်မစ်ရှင်တစ်ခုစီနဲ့ ကမ္ဘာကြီးပေါ်ရောက်လာတာ။ ခင်ဗျားတို့က အန္တရာယ်ပေးလာပြီဆိုတော့ ကျုပ်ကလည်းခုလို အချိန်ကာလတွေအတွက် ပြင်ဆင်ထားရတာပေါ့"ဟု ဂျေယာဘိုဆိုနာရိုက ပြောကြားသည်။

ဂျေယာဘိုဆိုနာရို၏ သားဖြစ်သူ ဇလာဗီယိုဘိုဆိုနာရိုက ၎င်း၏ဖခင်ဖြစ်သူမှာ သတိကောင်းစွာရှိပြီး စိုးရိမ်စရာအခြေအနေတွင်မရှိတော့ကြောင်း၊ ဓားထိုးတိုက်ခိုက်မှုသည် နိုင်ငံရေးပြဿနာတစ်ရပ်ဖြစ်ကြောင်း ဆေးရုံအပြင်ဘက်တွင် သတင်းထောက်များကို ပြောကြားသည်။

"ဖခင်ကောင်းတစ်ယောက်၊ ဘရာဇီးပြည်သူတွေရဲ့မျှော်လင့်ချက်လိုဖြစ်နေတဲ့ ယောက်ျားတစ်ယောက်ကို အခုလို တိုက်ခိုက်လိုတဲ့ အုပ်စုတွေကိုကျွန်တော်တစ်ခု ပြောချင်ပါတယ်။ ခင်ဗျားတို့ဟာ သူ့ကို သမ္မတဖြစ်အောင် တင်မြှောက်လိုက်ပြီပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲပထမအကျော့မှာတင် သူနိုင်လိမ့်မယ်" ဟု သားဖြစ်သူက ဆက်လက်ပြောကြားသည်။ ■ **F-01**

---

# ဆီးရီးယား အီဒလစ်ဘ် အပစ်ရပ်စဲရေးစာချုပ်အတွက် တူရကီ၏ တိုက်တွန်းမှုကို ရုရှားပယ်ချ

**တီဟီရန်၊ စက်တင်ဘာ ၈**

ဆီးရီးယားမြောက်ပိုင်း အီဒလစ်ဘ်တွင် သွေးမြေကျမည့် စစ်ပွဲကိုတားဆီးရန် အပစ်ရပ်စာချုပ် လက်မှတ်ထိုးရေးအတွက် တူရကီက တိုက်တွန်းမှုကို ရုရှားသမ္မတပူတင်က ပယ်ချလိုက်သည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

တူရကီ၊ ရုရှား၊ အီရန် သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် သမ္မတပူတင်က အီဒလစ်ဘ်ဒေသရှိ အကြမ်းဖက်သမားများကို ရုရှားက ဆက်လက်တိုက်ခိုက်သွားမည်ဟု ပြောကြားခဲ့သည်။

အီဒလစ်ဘ်သည် ဆီးရီးယားသူပုန်တို့၏ နောက်ဆုံးခြေကုတ်နယ်မြေဖြစ်ပြီး နေထိုင်သူ သုံးသန်းခန့်ရှိသည်။ ယင်းဒေသကို ရုရှားနှင့်အီရန်တို့၏ ပံ့ပိုးမှုရရှိထားသော အာဆတ်အစိုးရတပ်များက ထိုးစစ်ဆင်ရန် ပြင်ဆင်နေသည်။

တီဟီရန် သုံးပွင့်ဆိုင် ဆွေးနွေးပွဲသည် အီဒလစ်ဘ်တွင် အကြီးစားတိုက်ပွဲဖြစ်ပွားမှုကိုတားဆီးရန် နောက်ဆုံးအခွင့်အလမ်းဟု အများစုက ရှုမြင်ထားကြသည်။

တူရကီ၊ ရုရှားနှင့် အီရန်တို့သည် ဆီးရီးယားပြဿနာတွင် အဓိကကဏ္ဍမှ ပါဝင်နေကြသည်။ သူပုန်အုပ်စုအချို့ကို ယခင်ကတည်းက ထောက်ခံအားပေးခဲ့သည့် တူရကီက အီဒလစ်ဘ်တိုက်ပွဲကြောင့် ၎င်း၏ တောင်ဘက်နယ်စပ်တွင် နောက်ထပ်ဒုက္ခသည်ပြဿနာတစ်ခု ထွက်ပေါ်လာမည်ကို စိုးရိမ်လျက်ရှိသည်။

တူရကီသမ္မတ အာဒိုဂန်က အီဒလစ်ဘ်ကို သွေးစွန်းသည့် စစ်တလင်းမဖြစ်စေလိုကြောင်း၊ အီဒလစ်ဘ်ကို တိုက်ခိုက်မှုမှန်သမျှ၏ အကျိုးဆက်သည် ကပ်ဘေးဖြစ်လာနိုင်ကြောင်းနှင့် အကြမ်းဖက်သမားများအား ချေမှုန်းသည့် တိုက်ပွဲသည် အချိန်နှင့် စိတ်ရှည်မှုကိုလိုအပ်ကြောင်း ပြောကြားသည်။

သို့ရာတွင်ဆီးရီးယားသမ္မတအာဆတ်၏ မဟာမိတ်များဖြစ်သော ရုရှားနှင့် အီရန်တို့က အီဒလစ်ဘ်မှ ဂျီဟတ် အကြမ်းဖက်အုပ်စုများကို ရှင်းလင်းရမည်ဖြစ်ကြောင်း ခုခံပြောဆိုခဲ့ကြသည်။ **စာ - 20**


AFP

# ရုရှားတို့သည် အာကာသပေါ်မှတစ်ဆင့် စစ်ဘက်ဆိုင်ရာထောက်လှမ်းမှု ပြုလုပ်နေသည်ဟု ပြင်သစ်စွပ်စွဲ

**ဘရပ်ဆယ်၊ စက်တင်ဘာ ၈**

ရုရှားနိုင်ငံသည် ပြင်သစ်နှင့် အီတလီ စစ်တပ်များ လုံခြုံစွာဆက်သွယ်ရန်အတွက် အသုံးပြုသော ဖရန်ကို အီတာလျံ ဂြိုဟ်တု၏ ဆက်သွယ်ပို့လွှတ်မှုများကို ကြားဖြတ်ဖမ်းယူရန် ကြိုးစားခဲ့ပြီး ယင်းလုပ်ရပ်သည် သူလျှိုလုပ်ခြင်းဖြစ်သည်ဟု ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဖလောရင့်စ် ပါလီက သောကြာနေ့တွင် ပြောဆိုလိုက်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

နေတိုးအစည်းအဝေး၌ လာမည့်နှစ်များအတွက် ပြင်သစ်၏ အာကာသမူဝါဒကို ချပြသောမိန့်ခွန်းတွင် ပါလီကရုရှား ဂြိုဟ်တုလူ့ချ်အိုလင့်သည် အေသီနာဖီးဒပ်စ် ဂြိုဟ်တုအနီးသို့ ၂၀၁၇ ခုနှစ်အတွင်းက ချဉ်းကပ်လာခဲ့သည်ဟု ပြောကြားသည်။

"ဒါဟာ ကျွန်မတို့ရဲ့ ဆက်သွယ်မှုတွေကို ကြားဖြတ်ဖမ်းယူဖို့ ကြိုးစားတဲ့ လုပ်ရပ်လို့ ဘယ်သူမဆို ယူဆမှာပဲ။ အိမ်နီးချင်းတွေကို ခိုးနားထောင်ဖို့ ကြိုးစားတာဟာ တစ်စိမ်းဆန်ရုံသာမကဘဲ သူလျှိုလုပ်မှုမြောက်ပါတယ်"ဟု ပါလီက ပြောကြားသည်။

နိုင်ငံခြားရွေးကောက်ပွဲများတွင် ရုရှားက ကြားဝင်စွက်ဖက်ရန် ကြိုးစားသည်ဆိုသော စွပ်စွဲမှုများ၊ အနောက်အုပ်စုနှင့် တင်းမာမှုများ ဖြစ်ပေါ်နေခြင်းကြောင့် စစ်အေးခေတ်လွန် မော်စကိုနှင့် ဆက်ဆံရေးကိုခေတ်နှင့်အညီ ပြင်ဆင်ထားရန် သမ္မတမက်ခရွန်က အီးယူကိုတိုက်တွန်းခဲ့ပြီးနောက် တစ်ပတ်အကြာတွင် ပြင်သစ်ကာကွယ်ရေးဝန်ကြီး၏ မှတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ရုရှား၏လုပ်ရပ်သည် စတားဝါးစ် အသေးစားဟုဆိုနိုင်ပြီး အသိမခံနိုင်သော ဆက်သွယ်မှုများ ကြားဖြတ်ဖမ်းယူမှုအား တားဆီးရန် လိုအပ်သောအစီအမံများကို ချက်ချင်း လုပ်ဆောင်ခဲ့ရကြောင်း၊ ထို့နောက်ပိုင်းတွင် ရုရှားလူ့ချ်အိုလင့်ဂြိုဟ်တုသည် အခြားဂြိုဟ်တုများကို ပစ်မှတ်ထားနေကြောင်း ဝန်ကြီးပါလီက ရှင်းလင်းပြောကြားသည်။

"ကျွန်မတို့ တုံ့ပြန်အရေးယူမှု မရှိဘူးဆိုရင် ကျွန်မတို့ရဲ့ဆက်သွယ်ဆောင်ရွက်မှုတွေ၊ စစ်ရေးလေ့ကျင့်မှုတွေ၊ နေ့စဉ်ဘဝတွေမှာ အန္တရာယ် ကျရောက်လာပါလိမ့်မယ်။ ပဲရစ်ဟာမဟာဗျူဟာမြောက် အာကာသကာကွယ်ရေးအစီအစဉ်ကို ဒီနှစ်ကုန်မှာ အပြီးဆောင်ရွက်မှာ ဖြစ်ပါတယ်" ဟု ပြင်သစ်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

အမေရိကန်သမ္မတထရမ့် အစိုးရကလည်း ၂၀၂၀ တွင် အာကာသတပ်ဖွဲ့ကို

စာ - 20



Reuters

# ဟော့ကိုင်းဒိုးငလျင်အပြီး ပျောက်ဆုံးနေသူများကို အနံ့ခံခွေးများအသုံးပြုကာ အပူတပြင်းရှာဖွေ

**တိုကျို၊ စက်တင်ဘာ ၈**

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်းတွင် အင်အားပြင်းမြေငလျင်ကြီး လှုပ်ခတ်သွားပြီးနောက် ကယ်ဆယ်ရေးအမှုထမ်းများက အနံ့ခံခွေးများကိုအသုံးပြုကာ အသက်ရှင်လျက်ကျန်ရစ်သူများကို အဆောက်အအုံအပြိုအပျက်များအကြား လိုက်လံရှာဖွေလျက်ရှိကြောင်း Reuters သတင်းဌာနက ရေးသားဖော်ပြသည်။

ဂျပန်နိုင်ငံ အနောက်ပိုင်းကို အင်အားပြင်းမုန်တိုင်းကြီး ဝင်ရောက်တိုက်ခတ်သွားပြီးနောက် မြောက်ပိုင်းရှိ ဟော့ကိုင်းဒိုးတွင် အင်အား ၆ ဒသမ ၇ ရှိ မြေငလျင်လှုပ်ခတ်ရာ အဆောက်အအုံများ ပြိုကျခဲ့သလို မြေပြိုမှုများလည်းဖြစ်ပေါ်ခဲ့သည်။

ဂျပန် NHK သတင်းဌာနက အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကားဖော်ပြရာတွင် ငလျင်ကြောင့် သေဆုံးသူ ၁၂ ဦးရှိခဲ့ပြီး ဒဏ်ရာရသူ အမြောက်အမြားရှိသည်ဟု ဆိုသည်။

အစောပိုင်းတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက သေဆုံးသူ ၁၆ ဦးရှိသည်ဟု ဆိုခဲ့သည်။

ဂျပန်အစိုးရဝန်ကြီး ရိုရှိဒါဆွန်ဒါက ငလျင်လှုပ်ခတ်ပြီးနောက် လူပေါင်း ၂၄ ဦးပျောက်ဆုံးလျက်ရှိသည်ဟု ဆိုသည်။

ဟော့ကိုင်းဒိုးတွင်ရှိသော ပြည်သူ ၅၀၀၀ ကျော်ခန့်သည် ငလျင်လှုပ်ပြီးနောက်တစ်နေ့တွင် ကယ်ဆယ်ရေးစင်တာများ၌ နေထိုင်ခဲ့ကြရသည်။ နောက်တစ်နေ့နံနက်တွင် စင်တာ၌ အာဏာပိုင်များက အစားအသောက်များ လာရောက်ဝေငှခဲ့သည်။

"နောက်ဆက်တွဲ ငလျင်ငယ်တွေ ဆက်တိုက်လှုပ်နေတာ အင်မတန်စိုးရိမ်ထိတ်လန့်စရာကောင်းတယ်။ ဒါပေမဲ့ ကျွန်မတို့တတွေ တစုတစည်းတည်းရှိနေတော့ အင်အားတွေ ရခဲ့ပါတယ်။ အခုဆို စားစရာတွေလည်းရပါပြီ" ဟု ဂျပန်အမျိုးသမီးတစ်ဦးက ပြည်သူပိုင်ရုပ်သံ NHK သို့ပြောကြားသည်။

ငလျင်ကြောင့်ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရေးအဖွဲ့ဝင် ၂၂၀၀၀ ကျော်က အနံ့ခံခွေးများအသုံးပြုကာ ညလုံးပေါက် ရှာဖွေခဲ့သည်ဟု ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက အစိုးရအဖွဲ့အရေးပေါ်ဆွေးနွေးပွဲတွင် ပြောကြားသည်။

ငလျင်လှုပ်ခတ်ပြီးနောက် မိုးများလည်း သည်းထန်စွာရွာသွန်းလျက်ရှိရာ မြေပြိုမှုများ ထပ်မံပေါ်ပေါက်နိုင်သောကြောင့် အထူးသတိထားကြရန် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက တိုက်တွန်းသည်။

"ကျွန်တော်တို့ရဲ့ စွမ်းအားတွေအားလုံးကို ထုတ်သုံးပြီး ပြည်သူတွေရဲ့ အသက်ကိုကယ်ဆယ်နိုင်အောင် လုပ်သွားမှာပါ" ဟု အာဘေးကပြောကြားသည်။

ငလျင်လှုပ်ခတ်ပြီး နောက်တစ်နေ့တွင် ဟော့ကိုင်းဒိုး လျှပ်စစ်စွမ်းအင်ကုမ္ပဏီကနေ အိမ်စုစုပေါင်း ၂ ဒသမ ၉၅ သန်းရှိသော ဟော့ကိုင်းဒိုးတွင် နေအိမ်ပေါင်း ၁ ဒသမ ၅၄ သန်းခန့်အား လျှပ်စစ်မီးပြန်ပေးနိုင်ခဲ့သည်။

ဟော့ကိုင်းဒိုးကျွန်း ပင်မလေဆိပ်ဖြစ်သော နယူးချိတိုးစ်တွင်လည်း လေကြောင်း ခရီးစဉ်များပြန်လည်စတင်နိုင်ခဲ့သည်။ ဟော့ကိုင်းဒိုးကျွန်းသည် အလယ်ဥရောပဒေသရှိ ဩစတြီးယားနိုင်ငံ အရွယ်အစားခန့်ရှိပြီး လူပေါင်း ၅ ဒသမ ၃ သန်းခန့်ရှိကာ ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားသည့်မြို့လည်းဖြစ်သည်။

■ F-01

# ဂျာမန်မဟုတ်သူများကို နာဇီလက်သစ်တို့ တိုက်ခိုက်နေသည့်သတင်းမှာ ကောလာဟလသာဖြစ်နိုင်ဟု ဂျာမန်ထောက်လှမ်းရေးအကြီးအကဲပြော

**ချမ်းမနစ်ဇ်၊ စက်တင်ဘာ ၈**

ဂျာမနီနိုင်ငံ အရှေ့ပိုင်းချမ်းမနစ်ဇ်မြို့တွင် လက်ယာစွန်းဂျာမန်များက ဂျာမန်လူမျိုးမဟုတ်သူများကို လိုက်လံတိုက်ခိုက်လျက်ရှိသည်ဟူသော သတင်းများနှင့် ပတ်သက်၍ ခိုင်လုံသည့် သက်သေအထောက်အထားများ မတွေ့ရဟု ဂျာမန်ထောက်လှမ်းရေးအကြီးအကဲက သတိပေးပြောကြားလိုက်ကြောင်း ဂျာမန်ဘာသာဖြင့်ထုတ်ဝေသော Bild သတင်းစာက ရေးသားဖော်ပြသည်။

ချမ်းမနစ်ဇ်မြို့တွင် ဂျာမန်လူမျိုးလက်သမားတစ်ဦး(အသက် ၃၀ ဝန်းကျင်) မကြာသေးခင်က ဓားထိုးတိုက်ခိုက်သတ်ဖြတ်ခံလိုက်ရပြီးနောက် လက်ယာစွန်းမျိုးချစ်အင်အားစုများက အဓိပတိ အန်ဂလာမာကယ်လ် ဦးဆောင်သော အစိုးရ၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ပြစ်တင်ခဲ့ကြသလိုဂျာမနီထဲသို့ အရှေ့အလယ်ပိုင်းဒေသမှ ရွှေ့ပြောင်းအခြေချ



သူများဝင်ရောက်မှုကို ပိတ်ပင်ပေးရန် တောင်းဆိုခဲ့ကြသည်။

လက်ယာစွန်းအင်အားစုများ ချင်းမနစ်ဇ်မြို့၌ ဆန္ဒပြခဲ့စဉ် ရွှေ့ပြောင်းအခြေချသူများ ဝင်ရောက်မှုကိုလက်ခံကြိုဆိုသည့် အင်အားစုများ တန်ပြန်ဆန္ဒပြခဲ့ရာ ပဋိပက္ခများဖြစ်ပွားခဲ့သည်။

ထို့အတူ နာဇီလက်သစ်ဟု သမုတ်ခံရသော လက်ယာစွန်းအင်အားစုများသည် ဂျာမန်လူမျိုးမဟုတ်သည့် အခြားလူမျိုးခြားများကို လိုက်လံတိုက်ခိုက်ခဲ့သည်ဟူသည့် သတင်းများလည်း ထွက်ပေါ်ခဲ့သည်။

"ချမ်းမနစ်ဇ်မှာ လက်ယာစွန်းတွေက နိုင်ငံခြားသားတွေကို လိုက်ရှာပြီး တိုက်ခိုက်နေပါတယ်ဆိုတဲ့ သတင်းတွေနဲ့ပတ်သက်ပြီး ကျွန်တော်သံသယရှိတယ်" ဟု ဂျာမန်ပြည်တွင်းထောက်လှမ်းရေး အေဂျင်စီအကြီးအကဲ ဟန်းဇ်ဂေါ့ရှ်မာဆန်က Bild သတင်းစာသို့ ပြောကြားသည်။

အွန်လိုင်းလူမှုကွန်ရက်ပေါ်တွင် လက်ယာစွန်းဆန္ဒပြသူများက ဂျာမန်ပုံမပေါက်သော သူများကို လိုက်လံတိုက်ခိုက်နေပုံများ ပါဝင်သည့် ဗီဒီယိုဖိုင်တစ်ခု ပျံ့နှံ့လျက်ရှိသည်။

ယင်းဗီဒီယိုဖိုင်နှင့်ပတ်သက်၍ ဟန်းဇ်ဂေါ့ရှ်မာဆန်က "အဲဒီဗီဒီယိုဖိုင်က အစစ်အမှန်ဖြစ်ပါတယ်၊ တကယ့်ဖြစ်ရပ်ကို ရိုက်ကူးထားတာပါလို့ သက်သေခံနိုင်မယ့် အထောက်အထားတစ်ခုမှ ရှာမတွေ့ပါဘူး" ဟု ပြောကြားသည်။

"ဒါဟာ သတင်းမှားတွေကို တမင်

စာ - 20




# ဒေါ်နယ်ထရမ့်ကို ဝန်ထမ်းများက ပညာပြနေကြသည်ဟု အမည်မဖော်လိုသူ အိမ်ဖြူတော်အကြီးတန်းဝန်ထမ်းတစ်ဦးက နယူးယောက်တိုင်းမ်တွင် ရေးသားဖွင့်ချ

**ဝါရှင်တန်၊ စက်တင်ဘာ ၈**

ထရမ့်အစိုးရအဖွဲ့အတွင်း တွန်းလှန်တော်လှန်မှုအတွင်း ပါဝင်သူဟု ဆိုသော အမည်မဖော်လိုသူ အကြီးတန်းဝန်ထမ်းတစ်ဦးက ရေးသားသောဆောင်းပါးကို နယူးယောက်တိုင်းမ်သတင်းစာက ဖော်ပြခဲ့ပြီး ဆူလွယ်ပူလွယ်ဖြစ်နေသော အိမ်ဖြူတော်အတွင်းရေးတွင် မီးထိုးပေးခဲ့ကြောင်း DW သတင်းဌာနက ဖော်ပြသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့အတွင်းရှိ အကြီးတန်းတာဝန်ရှိသူများသည် သမ္မတလုပ်ပိုင်ခွင့် အချို့အားလျော့ပျက်ပြယ်စေရန် တက်တက်ကြွကြွလုပ်ကိုင်နေကြသည်ဟု အဆိုပါဆောင်းပါးရှင်က ရေးသားထားသည်။

"သမ္မတထရမ့်ဟာဘယ် ခေတ်သစ်အမေရိကန်ခေါင်းဆောင်မှ မကြုံဖူးတဲ့ စမ်းသပ်မှုကို ရင်ဆိုင်နေရပါတယ်။ ကျွန်တော်ကိုယ်တိုင်ဟာလည်း ထရမ့်အစိုးရအဖွဲ့တွင်းက တွန်းလှန်မှုမှာ ပါဝင်နေပါတယ်။ ထရမ့်အပြည့်အဝ မဆုပ်ကိုင်နိုင်တဲ့ ဘေးကျပ်နံကျပ်အခြေအနေကတော့ သူ့ကိုယ်ပိုင်အစိုးရအဖွဲ့တွင်းက ထိပ်တန်းတာဝန်ရှိသူတွေ အများအပြားဟာ သူ့လုပ်ငန်းစဉ် တချို့နေရာတွေ အဆင်မပြေအောင်၊ သူ့ရဲ့ အဆိုးရွားဆုံး အလိုဆန္ဒတွေ အဆင်မပြေအောင် သိမ်သိမ်မွေ့မွေ့ လုပ်ဆောင်နေကြပါတယ်" ဟု အဆိုပါပုဂ္ဂိုလ်က ရေးသားခဲ့သည်။

အမည်မဖော်သည့် ပြင်ပအာဘော်ဆောင်းပါးတစ်ပုဒ်ကို ပုံနှိပ်ဖော်ပြခြင်းမှာ ပုံမှန်မဟုတ်သည့် ဆောင်ရွက်ချက်ဖြစ်သည်ဟု နယူးယောက်တိုင်းမ် သတင်းစာဆောင်းပါးရွေးချယ်ရေးအဖွဲ့က ဖော်ပြထားသည်။

သို့သော်လည်း "အရေးပါသော ရှုထောင့်တစ်ရပ်ကို စာဖတ်သူများသိရှိခွင့်ရစေရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်" ဟု အယ်ဒီတာများက ယုံကြည်သောကြောင့် ဖော်ပြပေးခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

နယူးယောက်တိုင်းမ်သတင်းစာတွင် အယ်ဒီတာ့အာဘော် (editorial) ကိုသာ အမည်မတပ်ဘဲ ဖော်ပြလေ့ရှိပြီး ပင်တိုင်ဆောင်းပါးရှင်များ၊ ပြင်ပဆောင်းပါးရှင်များ၏အာဘော် အတွေးအမြင်ဆောင်းပါး (opinion editorial ခေါ် op-ed) များကို ရေးသူအမည်တပ်၍သာ ဖော်ပြလေ့ရှိသည်။

အဆိုပါစာရေးသူက 'နှစ်လမ်းသွား သမ္မတသက်တမ်း' ဟု သုံးနှုန်းခဲ့ပြီး ထိပ်တန်းတာဝန်ရှိသူများသည် ထရမ့်က လက်မခံသည့်တိုင်အောင် မှန်သည်ဟု ထင်ရာကို လုပ်နိုင်ရန် ကြိုးစားနေကြသည်ဟု ဆိုသည်။

ဥပမာတစ်ခုမှာ ထရမ့်က ရုရှားသမ္မတ ဗလာဒီမာပူတင်၊ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ကဲ့သို့သော အာဏာရှင်ဆန်သောခေါင်းဆောင်များ၊ ဖိနှိပ်အုပ်ချုပ်သူများကို သဘောကျခြင်းမျိုးဖြစ်သည်။ ထရမ့်သည် စိတ်တူသဘောတူ မဟာမိတ်နိုင်ငံများနှင့် ဆက်ဆံရေးအပေါ်တွင်မူ အလေးမထားဟု အဆိုပါဆောင်းပါးရှင်းက ရေးသားထားသည်။

နယူးယောက်တိုင်းမ်သတင်းစာက အဆိုပါဆောင်းပါးကို ဖော်ပြပြီး မကြာမီအချိန်အတွင်း ထရမ့်က စာရေးသူကို ဝေဖန်ခဲ့သလို သတင်းစာသည်လည်း မရိုးဖြောင့်ဟု ရှုတ်ချခဲ့သည်။

"သူတို့က ဒေါ်နယ်ထရမ့်ကိုမကြိုက်ဘူး၊ ကျုပ်ကလည်း သူတို့ကိုမကြိုက်ဘူး။ ဒါကြောင့် ကျဆုံးနေတဲ့ နယူးယောက်တိုင်းမ်က အမည်မဖော်တဲ့ အာဘော်ဆောင်းပါးကို ဖော်ပြရင်၊ ခင်ဗျားတို့စဉ်းစားကြည့်၊ အမည်မဖော်ဘူးဆိုတာ သွေးမရှိလို့ပေါ့၊ သတ္တိမရှိတဲ့ အာဘော်ဆောင်းပါးပဲ။ ကျုပ်တို့က တကယ့်အလုပ်ကို လုပ်နေတာ" ဟု တုံ့ပြန်ခဲ့သည်။

အိမ်ဖြူတော်ပြန်ကြားရေးတွင်းဝန်ဆာရာဆန်းဒါးစ်ကလည်း အာဘော်ဆောင်းပါးမှာ 'နုံချာ၊ အဆင်ခြင်မဲ့၊ တစ်ကိုယ်ကောင်းဆန်စွာ' ရေးသားထားခြင်းဖြစ်သည်ဟု ဝေဖန်ခဲ့ပြီး ရေးသားသူအနေနှင့် ရာထူးမှနုတ်ထွက်သင့်ကြောင်းလည်း တိုက်တွန်းခဲ့သည်။

နာမည်ကျော် ဝါးတားဂိတ်အရှုပ်တော်ပုံကို ဖွင့်ချသူ သတင်းထောက် ဘော့ဘ်ဝုဒ်ဝ့ါဒ်ကလည်း အိမ်ဖြူတော်အတွင်းရေးအကြောင်း စာအုပ်သစ် ထုတ်ဝေခဲ့ပြီး အဆိုပါစာအုပ်ထဲတွင် အစိုးရအဖွဲ့တွင်းမှ တာဝန်ရှိသူအချို့က ထရမ့်၏ မူဝါဒအလွဲများ အကောင်အထည်မပေါ်လာရေး ဟန့်တားရန် ကြိုးပမ်းကြပုံများ ပါရှိခဲ့သည်။ ယခု အာဘော်ဆောင်းပါးတွင်မူ ဝုဒ်ဝ့ါ ဖော်ပြထားသည်ထက် ပိုနက်ရှိုင်းသည့်အခြေအနေမျိုးရှိနေသည်ဟု ဖော်ပြထားသည်။

■ F-03

**စာ - 18 ဆီးရီးယားအီဒလစ်ဘ် အပစ်ရပ်စဲရေးစာချုပ်အတွက် တူရကီ၏ တိုက်တွန်းမှုကိုရုရှားပယ်ချ မှအဆက်**

ရုရှား၏ လေကြောင်းတိုက်ခိုက်မှုနှင့် အီရန်ပံ့ပိုးထားသော တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာသည် သူပုန်နယ်မြေများအားဆီးရီးယားအစိုးရ၏ တိုက်ခိုက်မှုတွင် ပါဝင်ကူညီနေကြသည်။

ပူတင်ကဆီးရီးယား တရားဝင်အစိုးရသည် နိုင်ငံပိုင်နက်တစ်ခုလုံးကို ထိန်းချုပ်ပိုင်ခွင့်ရှိသည်ဟု ပြောကြားသည်။

အီဒလစ်ဘ်သည် လွန်ခဲ့သော ၇ နှစ်လုံးလုံး အာဆတ်အစိုးရအား တိုက်ခိုက်ခဲ့သည့် သူပုန်အုပ်စုအားလုံး၏ နောက်ဆုံးခြေကုတ်ဖြစ်ပြီး နိုင်ငံတစ်လွှားသို့ ခရီးပေါက်သည့် အဝေးပြေးလမ်းများအလယ်တွင် ခွ၍တည်ရှိနေသည်။

အီဒလစ်ဘ်ကို တစ်ဖွဲ့တည်းက ထိန်းချုပ်ထားခြင်း မဟုတ်ဘဲ တူရကီအားပေးသော သူပုန်အုပ်စု၊ ဂျီဟတ်အစွလာမ္မစ်အုပ်စုတို့ အပါအဝင် ပြိုင်ဘက်သူပုန်အုပ်စုများစွာက ဝိုင်းဝန်းထိန်းချုပ်ထားကြခြင်းဖြစ်ပြီး စုစုပေါင်းအင်အား ၃၀,၀၀၀ ခန့် ရှိသည်ဟု ယုံကြည်ရသည်။

သို့ရာတွင် အီဒလစ်ဘ်သည် ဒေသခံအရပ်သား ၂ ဒသမ ၉ သန်းခန့် နေထိုင်သောဒေသဖြစ်သည်ဟု ကုလသမဂ္ဂက ပြောကြားထားသည်။

၎င်းအရပ်သားများအနက် ထက်ဝက်ခန့်မှာ ဆီးရီးယားအခြားဒေသများမှ ရွှေ့ပြောင်းလာသူများဖြစ်ပြီး လောလောဆယ်တွင် ၎င်းတို့အတွက် ပြေးစရာမြေမရှိဘဲ ဖြစ်နေသည်။

အီဒလစ်ဘ် အကြီးစားထိုးစစ်ကြောင့် လူသားချင်းစာနာမှုဆိုင်ရာ ကပ်ဘေးသင့်မည်ကို ကုလသမဂ္ဂက စိုးရိမ်လျက်ရှိသည်။ ဓာတုလက်နက်များအသုံးပြုရန် ပြင်ဆင်ထားကြောင်း ညွှန်ပြနေသည့် အထောက်အထား များစွာရှိနေသည်ဟု ဆီးရီးယားဆိုင်ရာ ကုလအထူးကိုယ်စားလှယ်အသစ် ဂျင်မ်ဂျက်ဖရီက ပြောကြားသည်။

ဆီးရီးယားတွင် IS အဖွဲ့ ရှုံးနိမ့်သွားသည်အထိ၊ အီရန်တိုက်ခိုက်ရေးသမားများ နိုင်ငံတွင်းမှ ထွက်ခွာသွားသည်အထိ ဝါရှင်တန်က ဆက်လက် ပါဝင်ပတ်သက်နေဦးမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကတိအသစ် ပေးထားသည်ဟုသိရှိရသည်။

သို့ရာတွင် အာဆတ်အားဖယ်ရှားရေးသည် ဝါရှင်တန်၏ ကိစ္စမဟုတ်ဘဲ ဝါရှင်တန် အနေနှင့် ဆီးရီးယား နိုင်ငံရေးအသွင်ကူးပြောင်းမှုအတွက် ရုရှားနှင့် အတူ လုပ်ဆောင်သွားသင့်သည်ဟု ဂျက်ဖရီက မှတ်ချက်ပေးသည်။

■ F-04

**စာ - 19 ရုရှားတို့သည် အာကာသပေါ်မှတစ်ဆင့် စစ်ဘက်ဆိုင်ရာထောက်လှမ်းမှု ပြုလုပ်နေသည်ဟု ပြင်သစ်စွပ်စွဲ မှအဆက်**



အမေရိကန်စစ်တပ်၏ ခြောက်ခုမြောက် တပ်မဟာအဖြစ် ဖွဲ့စည်းမည့် အစီအစဉ်ကို ဩဂုတ်လကထုတ်ပြန်ကြေညာခဲ့သည်။

အာကာသတပ်ဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ် GPS ဂြိုဟ်တုများမှသည် ဒုံးပစ်စင် ခြေရာခံစနစ်များ အထိပါဝင်သော အာကာသအခြေပြု အမေရိကန် စစ်ဘက်အစီအစဉ်များကို တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။

"အမေရိကန် အာကာသတပ်ဖွဲ့ ထူထောင်မယ့် ကြေညာချက်ကိုလူအများစုက လှောင်ပြောင်နေကြတယ်လို့ ကျွန်မသိရတယ်။ အဲဒီအထဲမှာ ကျွန်မမပါဘူး။ ကျွန်မအမြင်ကတော့ အနာဂတ်မှာ ထိပ်တိုက်ရင်ဆိုင်မှုတွေ ဖြစ်လာမယ့် အဆုံးစွန်အင်အားကြီးတဲ့ လက္ခဏာတစ်ရပ်ပဲလို့ ထင်တယ်"ဟု ပါလီက ပြောကြားသည်။

■ F-04

**စာ - 19 ဂျာမန်မဟုတ်သူများကို နာဇီလက်သစ်တို့ တိုက်ခိုက်နေသည့်သတင်းမှာ ကောလာဟလသာဖြစ်နိုင်ဟု ဂျာမန်ထောက်လှမ်းရေးအကြီးအကဲပြော မှအဆက်**

တကာဖြန့်နေတဲ့ကိစ္စပဲလို့ ယုံလို့ရနိုင်တဲ့ အနေအထားမှာရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ ဂျာမန်မဟုတ်သူများကို တိုက်ခိုက်နေသည့် သတင်းများ၊ လိုက်လံတိုက်ခိုက်နေသည်ဟု ဖော်ပြထားသည့် ဗီဒီယိုဖိုင် အစရှိသည်တို့နှင့်ပတ်သက်၍ ယုံကြည်လောက်သော သတင်းအချက်အလက်များကို ဂျာမန်ထောက်လှမ်းရေးအဖွဲ့ (BfV) အနေနှင့် ရရှိထားခြင်း မရှိကြောင်း ၎င်းကဆိုသည်။

ဟန်းဇ်ဂေါ့ရ်မာဆန်သည် ရွှေ့ပြောင်းအခြေချသူများကို ဆန့်ကျင်နေသည့် လက်ယာစွန်းပါတီဖြစ်သော AfD မှ နိုင်ငံရေးသမားများနှင့် မကြာသေးခင်က တွေ့ဆုံခဲ့ခြင်းကြောင့် ပြင်းပြင်းထန်ထန် ဝေဖန်ခံထားရသည်။

■ F-01

# ယုံကြည်မှုနှင့် ခေါင်းဆောင်စိတ်ဓာတ်

မိမိလုပ်ငန်းခွင်ကို လှည့်ကြည့်လိုက်မိသည့်အခါ ဘာတွေတွေ့နိုင်သနည်း။ အလုပ်အပေါ် ငြီးငွေ့နေသူများ၊ စိတ်မဝင်စားစွာဖြင့် လုပ်ကိုင်နေသူများ၊ ကိုယ့်ခုံပေါ်တွင် ခွေယိုင်ကာထိုင်နေသူများ၊ စကားပြော နေသူများ၊ အလုပ်ကလွဲပြီး လုပ်ချင်ရာ လုပ်နေသူများ ကို တွေ့ကြရမည်ဖြစ်သည်။ တစ်ချက်ပဲ စဉ်းစားစရာရှိသည်။ သူတို့အားလုံး ကိုယ့်အလုပ်အပေါ်တွင် ယုံကြည်မှု နည်းနေပြီလား။

"ယုံကြည်မှုဆိုသည်မှာ အသင်းအဖွဲ့အစည်းတစ်ခုအတွက် အားတစ်ခုဖြစ်သည်။ ယုံကြည်မှုဖြင့်သာ ရလဒ်ကောင်းတစ်ခုကို ဖော်ထုတ်နိုင်သည်။ ယုံကြည်ချက်သည် စွမ်းအားဖြစ်သည်။ အဖွဲ့လိုက် လုပ်ဆောင်နေကြရသည့် လုပ်ငန်းတစ်ခုတွင် တစ်ဦးအပေါ် တစ်ဦးယုံကြည်မှုမှသည် လူသားအားလုံးအပေါ် ယုံကြည်မှုကို တည်ဆောက်နိုင်ပြီး၊ အားလုံးအပေါ်ယုံကြည်မှုကမ္ဘာကြီးအပေါ်လည်း ယုံကြည်မှုရှိနိုင်ပေလိမ့်မည်" ဟု ပါမောက္ခ ပေါလ်ဇက်က ကလဲမောင့်ဘွဲ့ယူအခမ်းအနား၌ ပြောသွားသည့် စကားလေးသည် အလွန်မှတ်သားစရာ ကောင်းလှသည်။

လူ့ဘောင်လောကသည် လူသားအားလုံးနှင့် နှောင်ဖွဲ့ဆက်စပ်နေသည်။ တစ်ဦးတည်း နေထိုင်လုပ်ဆောင်နိုင်သည့်ကိစ္စများ အဖွဲ့အစည်းအတွင်းသိပ်မရှိ။ ပူးပေါင်းလုပ်ဆောင်မှ အောင်မြင်ပြီးမြောက်သည့်ကိစ္စတွေက များသည်။ ပူးပေါင်းလုပ်ဆောင်ရသည့် အလုပ်များတွင် တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုမတည်ဆောက်ဘဲ အောင်မြင်စေရန် မလုပ်ဆောင်နိုင်ပေ။ ယုံကြည်မှုရှိလျှင် လုပ်ငန်းအပေါ် မှီခိုအားကိုးမည်။ ယုံကြည်မှုဖြင့် ပိုကောင်းအောင်လုပ်မည်။ ယုံကြည်မှုဖြင့် ပျော်ရွှင်သော လုပ်ငန်းခွင်တစ်ခုကို တည်ဆောက်နိုင်ပေသည်။

အဖွဲ့အစည်းတစ်ခုတွင် ယုံကြည်မှုကို တည်ဆောက်နိုင်သည့် အရင်းခံသဘောတရား ၈ ချက်ရှိပါသည်။ ခေါင်းဆောင်တစ်ယောက်အတွက် အရေးကြီးသည့် သဘောတရားများလည်းဖြစ်သည်။

**၁။ ချီးမြှောက်ခြင်း**

အောင်မြင်အောင် လုပ်ဆောင်နိုင်စွမ်းရှိသူကို ချီးမြှောက်အားပေးရန် (ဩဘာပေးရန်) မမေ့သင့်ပါ။ အဖွဲ့အစည်းတစ်ခုတွင် ရှေးရိုးဆန်သည်ဖြစ်စေ၊ ခေတ်မီသည်ဖြစ်စေ အားလုံးသည် ကိုယ့်တာဝန် ကိုယ်ကျေပွန်စွာဖြင့် အဖွဲ့အစည်းကို အကောင်းဆုံး စွမ်းဆောင်နိုင်သည်ဆိုလျှင် တစ်ဖွဲ့လုံးကိုလည်း ချီးမြှောက်ရန် နောက်မတွန့်နေသင့်ပါ။ ချီးမြှောက်ခြင်းသည် ခရီးရောက်စေနိုင်ပါသည်။

**၂။ မျှော်လင့်ခြင်း**

ဦးဆောင်သူကိုယ်တိုင်က ပေါင်းရသင်းရ ခက်ခဲလှသောအနေအထားတွင် ရှိကောင်းရှိနိုင်သည်။ သို့သော် ခေါင်းဆောင်သည် မျှော်လင့်ချက်ပေးနိုင်ရမည်။ ပန်းတိုင်ကိုဖော်ဆောင်ပေးနိုင်ရမည်။ ရည်ရွယ်ချက်ကို ပီပြင် ထင်ရှားအောင် ဖော်ဆောင်ပေးနိုင်ရမည်။

**၃။ မြှင့်တင်ခြင်း**

လူတိုင်း အဆင့်ကိုမြှင့်တင်ပေးနိုင်မည့် သင်တန်းများ လိုအပ်သည်။ ကျွမ်းကျင်မှုမှသည် လုပ်ငန်းတိုးတက်အောင်မြင်မှုကိုဦးတည်ထားရမည်။ အောင်မြင်မှုအပြင်၊ မအောင်မြင်မှုကို သုံးသပ်နိုင်စွမ်းရှိရမည်။ အမှားကို အခွင့်အလမ်းအဖြစ်ပြောင်းလဲနိုင်သည့် စွမ်းရည်ရှိသူများ လိုအပ်သည်။

**၄။ ပြောင်းလဲခြင်း**

ကျွမ်းကျင်အောင် ကိုင်တွယ်ဆောင်ရွက်နိုင်စွမ်းသည် လုပ်ငန်းတစ်ခုတွင် အရေးကြီးသည်။ ကိုယ်သိထားသည့် အရာတစ်ခုသည် လုပ်ငန်းနှင့် အဆင်မပြေလျှင် ပြောင်းလဲနိုင်စွမ်း၊ ပြောင်းလဲချင်သည့်စိတ်ဓာတ်မျိုးရှိရန် လိုသည်။ မအောင်မြင်ရခြင်းသည် အရင်းခံအကြောင်းတရားတစ်ခုကြောင့် ဖြစ်ကြောင်း နားလည်ထားပြီး ပြောင်းလဲရန် တစ်ခုခု လိုအပ်နေပြီဖြစ်ကြောင်း နားလည်ထားရမည်။



iStock

**၅။ ပွင့်လင်းခြင်း**

ခေါင်းဆောင်ကောင်းတစ်ယောက်သည် ပွင့်လင်းရိုးသားမှုရှိရန် လိုအပ်သည်။ မိမိသိတတ်ထားသည်များကို မျှဝေလိုစိတ်၊ သတင်းအချက်အလက်များကို ရှာဖွေစုဆောင်းလိုစိတ်၊ အမြဲတက်ကြွပြီး မိမိ ဦးဆောင်နေသည့် အဖွဲ့အစည်းကောင်းကျိုးကို အမြဲဆောင်ရွက်လိုစိတ်ရှိနေသူလည်း ဖြစ်ရန်လိုသည်။

**၆။ ဂရုစိုက်ခြင်း**

ခေါင်းဆောင်သည် သနားကြင်နာတတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ အဖွဲ့အစည်းနှင့် လုပ်ဆောင်တတ်ခြင်း၊ အလုပ်ကို ခွဲဝေလုပ်ကိုင်လိုစိတ်ရှိခြင်းမှာ မိမိနောက်လိုက်များကိုသာမက လုပ်ငန်းအပေါ်တွင်ပါ ဂရုစိုက်စောင့်ရှောက်ခြင်းဖြစ်သည်။

**၇။ မြှုပ်နှံရင်းနှီးခြင်း**

ခေါင်းဆောင်သည် ကိုယ်တိုင်လည်း မြှင့်တင်၊ တစ်ပါးသူကိုလည်း မြင့်စေချင်သည့် စိတ်ဓာတ်မျိုးရှိရန်လိုသည်။ ထိုသို့ဖြစ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်သည်။ ဦးနှောက်ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် ပညာနှင့် ကျွမ်းကျင်မှုကို မြှင့်တင်ခြင်း၊ စာဖတ်ခြင်း၊ ရှာမှီးခြင်း၊ နည်းလမ်းရှာခြင်းစသည်တို့ကို အမြဲလုပ်ဆောင်နေသူဖြစ်ရန် လိုသည်။

**၈။ ရိုးသားခြင်း**

ခေါင်းဆောင်တစ်ယောက်သည် ကိုယ့်အလုပ်အပေါ်ကိုသာမက ကိုယ့်နောက်လိုက်များအပေါ်တွင်ပါ နားလည်သူဖြစ်ရန်လိုသည်။ သူသည် ပကတိစိတ်ရင်းဖြင့် နေထိုင်ပေါင်းသင်းဆက်ဆံတတ်သူဖြစ်ရန်လိုသည်။ မသိသည်ကို မသိကြောင်း၊ မတတ်သည်ကို မတတ်ကြောင်း ထုတ်ဖော်ဝန်ခံတတ်ရန် အရေးကြီးသည်။ တတ်ယောင်ကားနှင့် ဟန်ဆောင်အုပ်ချုပ်လျှင် ယုံကြည်မှုများ ပျောက်ကွယ်နိုင်သည်။

■

**(Ref: Psychology Today)**

# လုပ်ငန်းခွင်တွင်လိုအပ်သည့် အဖွဲ့အစည်းများ



Friday

လုပ်ငန်းအဖွဲ့အစည်းများတွင် ခေါင်းဆောင်မှုဆိုင်ရာ အဖွဲ့၅ ခုကိုဖွဲ့စည်းတည်ထောင်ထားသင့်သည်။ ယင်းအဖွဲ့များမှာ

၁။ ခေါင်းဆောင်မှုအဖွဲ့

၂။ စိတ်ဓာတ်မြှင့်တင်ရေးအဖွဲ့

၃။ လုံခြုံရေးအဖွဲ့

၄။ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့

၅။ ဆက်သွယ်ရေးအဖွဲ့ တို့ဖြစ်သည်။

ခေါင်းဆောင်မှုအဖွဲ့သည် စီနီယာမန်နေဂျာကြီးများ သို့မဟုတ် ဌာနခွဲ ခေါင်းဆောင်များဖြစ်သင့်ပြီး၊ ခေါင်းဆောင် အဖွဲ့ဝင်အားလုံး ပူးပေါင်းစွမ်းဆောင်မှုဖြင့် အဖွဲ့ကြီးတစ်ခုလုံးကို တိုးတက်အောင်လုပ်ဆောင်နိုင်သော အဖွဲ့ကြီးဖြစ်ရန်လိုသည်။ ဤအဖွဲ့သည် အဖွဲ့အစည်း၏ ဗျူဟာ၊ ပန်းတိုင်၊ ဦးတည်ချက်၊ စီမံချက်များကို ချမှတ်ပြီး ထိန်းချုပ်နိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ရန်လိုသည်။

အဖွဲ့အစည်းတစ်ခုတွင် ဝန်ထမ်းများ၏ စိတ်ဓာတ်ရေးရာကို မြှင့်တင်ပေးမည့် အဖွဲ့များနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ကိစ္စများကို ထိန်းသိမ်းလမ်းညွှန်ပေးမည့် အဖွဲ့လည်းလိုအပ်သည်။ ထိုအဖွဲ့သည် ဝန်ထမ်းအားလုံး၏ စိတ်ဓာတ်မြင့်မားစေရန် အစည်းအဝေးများ ကျင်းပပေးခြင်း၊ ခရီးထွက်ခြင်း၊ ကျွေးမွေးခြင်း၊ ရန်ပုံငွေများ ထူထောင်ထိန်းသိမ်းခြင်း၊ အားကစားများလှုပ်ရှားခြင်း၊ ဝန်ထမ်းများ၏ ဆန္ဒကို အထက်သို့တင်ပြပေးခြင်း စသည့် ကိစ္စရပ်များကို လုပ်ဆောင်ပေးရသည်။

လုပ်ငန်းခွင် လုံခြုံရေးကိစ္စသည် အလွန်အရေးကြီးသည်။ မိမိတို့သည် လုံခြုံသော အဖွဲ့အစည်းတစ်ခုတွင် လုပ်ကိုင်နေရသည်ဆိုသော စိတ်က စွမ်းအားတွေကိုလည်း ပိုပြီးတိုးတက်မြင့်မားစေနိုင်သည်။ လစဉ်လုံခြုံရေးအတွက် စီမံထားမှုများကို ဝန်ထမ်းများအားပြောပြခြင်း၊ ပတ်ဝန်းကျင်အနေအထားနှင့် သတိထားရမည့် ကိစ္စများကို သတိပေးခြင်းတို့ကို ပုံမှန်ပြုလုပ်ရန်လိုသည်။

ကျန်းမာရေးစောင့်ရှောက်မှုသည် လုပ်ငန်းခွင်အတွက်အရေးကြီးသည်။ ကိုယ့်ဝန်ထမ်းများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနေသည်ဆိုခြင်းက လုပ်ငန်းအပေါ်တွင်လည်း ယုံကြည်မှုကိုဖြစ်စေနိုင်သည်။ ဝန်ထမ်းများအတွက် ကျန်းမာရေးလေ့ကျင့်ခန်းများ လုပ်ဆောင်နိုင်ရန် ဖန်တီးပေးခြင်းမှသည် သွေးပေါင်ချိန်ပေးခြင်း အားလုံးသည် လုပ်ငန်းခွင်မြှင့်တင်ရေးအတွက် စွမ်းအားတစ်ခုဖြစ်ကြောင်း သိထားသင့်သည်။

ဆက်သွယ်ရေးအဖွဲ့ဆိုသည်မှာ ဝန်ထမ်းများတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ ခေါင်းဆောင်ပိုင်းနှင့် ဝန်ထမ်း အားလုံးကြားတွင် တာဝန်ယူဆက်သွယ်ပေးနေကြရသည့် အရေးကြီးသော တာဝန်များကို ထမ်းဆောင်နေရသူများအဖြစ် ရှုမြင်သင့်ပါသည်။ ထို့ပြင် လုပ်ငန်းနှင့် ကုမ္ပဏီတို့၏ သဘောသဘာဝတို့ကိုလည်း ဤအဖွဲ့သည် အမြဲမပြတ် သတိပေးနေရန်လိုသည်။ ကိုယ့်လုပ်ငန်းအကြောင်းကို ဝန်ထမ်းအားလုံး သိနေအောင် ပေါင်းကူးဆက်သွယ်ပေးနေရသည့်တာဝန်ကလည်း အရေးကြီးသည်။

အထက်ပါ အချက်ငါးချက်သည် လုပ်ငန်းတစ်ခုကို ထူထောင်ဖွဲ့စည်းရာ၌ လိုအပ်သည့် ခေါင်းဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများကိုကြိုတင်ဖွဲ့စည်းပြီး ထိန်းသိမ်းပေးရန်လိုအပ်ကြောင်း The Balance Careers အဖွဲ့၏ တင်ပြချက်များဖြစ်သည်။ အဖွဲ့အစည်းကြီးတစ်ခု အောင်မြင်စေရန်မှာ အားလုံးဆောင်ရွက် အားလုံးအတွက် ဆိုသည့် သဘောမျိုးကို ထားနိုင်မှသာ အောင်မြင်နိုင်ကြောင်းကိုလည်း ပြဆိုသည်။

■

**(Ref: The 5 Teams That Every Organization Needs)**



University of Cambridge

## Gates Cambridge Scholarships

နိုင်ငံတကာကျောင်းသားများအတွက် လမ်းဖွင့်ပေးထားသည့်အစီအစဉ်တစ်ခု ဖြစ်သည်။ Gates Cambridge Trust အဖွဲ့က ပေးအပ်သည့် ပညာသင်ဆုဖြစ်ပြီး ပေးအပ်မည့်ဘွဲ့များမှာ Masters/ Ph.D Degree များဖြစ်သည်။

အောက်တိုဘာ ၁၀ နှင့် ဒီဇင်ဘာ ၅ ရက်နေ့များကို နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် တက်ရောက်ပညာသင်ကြားရမည့် အခွင့်အရေးတစ်ခုဖြစ်ပြီး သင်တန်းစတင်မည့်ရက်မှာ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ဖြစ်သည်။

Gates Cambridge Scholarships သည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပညာရှာမှီးလိုသော ကျောင်းသားများအတွက်ဖြစ်ပြီး ဗြိတိန်နိုင်ငံပြင်ပ မည်သည့်နိုင်ငံကမဆို လျှောက်ထားနိုင်သည်။ ဗြိတိန်နိုင်ငံ Cambridge တက္ကသိုလ်တွင် အချိန်ပြည့်တက်ရောက်ရမည်ဖြစ်သည်။

လေ့လာရမည့်နယ်ပယ်များမှာ Ph.D, M.Sc သို့မဟုတ် MLitt အတွက်ဖြစ်ပြီး တက္ကသိုလ်က ပို့ချမည့် တစ်နှစ်သင်တန်းကို တက်ရောက်ကြရမည်ဖြစ်သည်။ လက်ခံမည့်အရေအတွက်မှာ ၉၅ ဦးဖြစ်သည်။

ပညာသင်ဆုရရှိသူများကို ထောက်ပံ့ကြေးများ ပေးအပ်မည်ဖြစ်ပြီး ကျောင်းလခ၊ အဆောင်စရိတ်၊ ခရီးစရိတ်များလည်း အပြည့်အဝရရှိမည်ဖြစ်သည်။ ပညာသင်ဆုထောက်ပံ့ကြေးနှင့် ပတ်သက်ပြီး https://www.gatescambridge.org/apply/value တွင် ကြည့်ရှုနိုင်ပါသည်။

လျှောက်ထားသူများသည်

- ဗြိတိန်နိုင်ငံပြင်ပ မည်သည့်နိုင်ငံသားမဆို လျှောက်ထားနိုင်သည်။
- ဗြိတိန်နိုင်ငံတွင် သတ်မှတ်ထားသည့် ပညာသင်ဌာနတွင် အချိန်ပြည့်နေထိုင်ပြီး ပညာသင်ယူနိုင်သူ ဖြစ်ရမည်။
- Ph.D အတွက် သုတေသန သုံးနှစ်၊ M.Sc သို့မဟုတ် MLitt အတွက် သုတေသန ၂ နှစ်၊ ဘွဲ့လွန်သင်တန်းအတွက် ၁ နှစ် တက်ရောက်ကြရမည်ဖြစ်သည်။
- အမေရိကတွင် နေထိုင်သူများအတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်နေ့တွင် လျှောက်ထားကြရမည်ဖြစ်ပြီး အခြားနိုင်ငံများမှ လျှောက်ထားသူများသည် ၂၀၁၈ ဒီဇင်ဘာ ၅ ရက်ကို နောက်ဆုံးထားကာ လျှောက်ထားကြရမည်ဖြစ်သည်။

လျှောက်ထားရန် အသေးစိတ်ကို https://www.gatescambridge.org/apply/how-apply တွင်လည်းကောင်း၊ http://www.gatescambridge.org/ တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ■ E-01

## British Chevening Scholarships

Chevening Scholarships သည် ဗြိတိန်အစိုးရ၏ နိုင်ငံတကာမှ ကျောင်းသားများအတွက် ပေးအပ်သည့်ပညာသင်ဆုဖြစ်သည်။ ပေးအပ်မည့်ဘွဲ့မှာ Masters Degree ဖြစ်ပြီး Foreign and Commonwealth Office (FCO) ၏ အထောက်အပံ့ဖြင့် ပေးအပ်မည့် ပညာသင်ဆုလည်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံများတွင် ခေါင်းဆောင်နိုင်မှုအရည်အသွေး ပြည့်ဝသူများ ပေါ်ထွက်လာရန်ရည်ရွယ်ချက်ဖြင့် လေ့ကျင့်သင်ကြားပေးမည့် ပညာသင်ဆုလည်း ဖြစ်သည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၆ ရက်နေ့ကို နောက်ဆုံးထားပြီး လျှောက်ထားရမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာ သို့မဟုတ် အောက်တိုဘာတွင် သင်တန်းစတင်ဖွင့်လှစ်မည်ဖြစ်သည်။

ဗြိတိန်နိုင်ငံရှိ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားရမည်ဖြစ်ပြီး အချိန်ပြည့် တက်ရောက်ရမည် ဖြစ်သည်။ နိုင်ငံတကာမှ ကျောင်းသား ၁၅၀၀ ခန့်ကို ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုရရှိသူများကို ကျူရှင်ကြေး၊ လစဉ်နေထိုင်စားသောက်စရိတ်၊ လေယာဉ်စရိတ်စသည်များ လုံလောက်စွာ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

လျှောက်ထားသူများသည်

- Chevening-eligible နိုင်ငံများမှ နိုင်ငံသားများ ဖြစ်ရန်လိုပါသည်။
- ပညာသင်နှစ် ၂ နှစ်ကုန်ဆုံးလျှင် မိမိတို့နိုင်ငံများသို့ ပြန်ရပါမည်။
- ဗြိတိန်နိုင်ငံတက္ကသိုလ်များတွင် တက်ရောက်သင်ကြားနိုင်ရန်အတွက် မိမိတို့နိုင်ငံများမှ ဘွဲ့တစ်ခုခုကို ရရှိလာသူများဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၂ နှစ်ရှိလာရမည်။
- အင်္ဂလိပ်စာစစ်ဆေးမှုကို ခံယူရမည်။
- လျှောက်လွှာကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၆ ရက်နေ့မတိုင်မီ လျှောက်ထားရမည်။

အသေးစိတ်ကို http://www.chevening.org/, http://www.scholars4dev.com/category/country/europe-scholarships/uk-scholarships/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

■ E-01



Keble College at the University of Oxford

## American University Emerging Global Leader Scholarship

အမေရိကန်ပြည်ထောင်စုတွင် တက်ရောက်ပညာသင်ယူနိုင်မည့် အခွင့်အရေးဖြစ်သည်။ ပေးအပ်မည့် ဘွဲ့အမျိုးအစားမှာ Bachlors Degree ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် နောက်ဆုံးထားပြီး လျှောက်လွှာများကို တင်သွင်းရမည်ဖြစ်သည်။ သင်တန်းစတင်မည့်ကာလမှာ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင်ဖြစ်သည်။

American University Emerging Global Leader Scholarship ပညာသင်ဆုသည် နိုင်ငံတကာမှ ကျောင်းသားများအတွက် Positive Civic နှင့် Social Change တို့၏ သဘောတရားများကို သိစေလိုသဖြင့် သင်ကြားလေ့ကျင့်ပေးမည့် ပညာသင်ဆုဖြစ်သည်။ ပညာသင်ကြားပြီးနောက် မိမိတို့နိုင်ငံများသို့ ပြန်ရောက်လျှင် မိမိတို့လူ့ဘောင်အဖွဲ့အစည်း၏ ကောင်းကျိုးကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။

American University, Washington DC, USA တွင် တက်ရောက်ပညာသင်ကြားရမည်ဖြစ်သည်။ တက္ကသိုလ်က ပို့ချမည့် သတ်မှတ်ထားသော Bachelor ဘွဲ့များအတွက် ဘာသာရပ်များကို လေ့လာရမည် ဖြစ်သည်။

ခေါ်ယူမည့်အရေအတွက်မှာ ၁ ဦးသာဖြစ်သည်။



American University, Washington DC

အမေရိကန်နိုင်ငံသားမဟုတ်သည့် အခြားနိုင်ငံများမှ မည်သည့်ကျောင်းသားမဆို လျှောက်ထားနိုင်ပါသည်။ အမေရိကန်နိုင်ငံသား၊ အမေရိကတွင် အမြဲနေသူများ၊ နှစ်နိုင်ငံနိုင်ငံသားအဖြစ် ခံယူထားသူများ လျှောက် ထားရန် မလိုပါ။

လျှောက်ထားသူများသည်ကျောင်းလခထောက်ပံ့ကြေး၊ အဆောင်နေစရိတ်များကို ထောက်ပံ့ကြေးအဖြစ် ရရှိမည် ဖြစ်သည်။ အမေရိကန်ဒေါ်လာ ၄၀၀၀ ခန့်ရရှိမည်ဖြစ်သည်။ လေးနှစ်တက်ရောက်ရမည့် သင်တန်းအတွက် နှစ်တိုင်း ပြန်လည်သုံးသပ်ချက်ဖြင့် ထောက်ပံ့ကြေးကို ဆက်ပေးမည်ဖြစ်သည်။ ပညာရေးအတွက် ကျေနပ်လောက်သည့် အားထုတ်မှုရှိမှ ဆက်လက်ထောက်ပံ့မည်ဖြစ်သည်။

လျှောက်ထားသူများသည် ၂၀၁၇ ခုနှစ် မတိုင်မီ အထက်တန်းအဆင့်ကို အောင်မြင်ပြီးသူများဖြစ်ရမည်။

အသေးစိတ်အချက်အလက်များကို http://www.american.edu/admissions/ international/egls.cfm, http://www.scholars4dev.com/6499/scholarships-in-usa-for-international-students/ တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။ ■ E-01



# ကွန်ဖြူးရှပ်၏ အရင်းရှင်ဝါဒ

တရုတ်နိုင်ငံတွင် ကွန်မြူနစ်များ လွှမ်းမိုးသည့် ၁၉၇၀ ပြည့်နှစ် နှောင်းပိုင်းကာလများအထိ ယဉ်ကျေးမှု တော်လှန်ရေးကြီးက အရှိန်ကောင်းခဲ့ပြီး အရာရာကို ဆန့်ကျင်စိတ်များဖြင့် လုပ်ဆောင်နေမှုများကိုတွေ့ရသည်။ အထူးသဖြင့် အနောက်ဆန့်ကျင်ရေးစိတ်ဓာတ်များကို ခေါင်းဆောင်များသည် လူငယ်တော်လှန်ရေးသမားများ အပေါ် ရိုက်သွင်းထားသကဲ့သို့ ဆောင်ရွက်ခဲ့ကြောင်းလည်းတွေ့ရသည်။

ကွန်မြူနစ်ခေါင်းဆောင် မော်စီတုံးကိုယ်တိုင်က အရင်းရှင်စနစ်ဆန့်ကျင်ရေး၊ ဘုရင်စနစ်ဆန့်ကျင်ရေး၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတို့ကို တွင်တွင်အော်ပြီး အရာရာဆန့်ကျင်ရေးစနစ် အရှိန်ကောင်းနေသည့် တရုတ်နိုင်ငံတွင် အစဉ်အလာနှင့် ရိုးရာဆိုသည့် သဘောတရားများသည်လည်းကောင်း၊ ကွန်ဖြူးရှပ်ဝါဒသည်လည်းကောင်း၊ ငွေကြေးပုဂ္ဂလိက ပိုင်ဆိုင်မှုဆိုင်ရာ သူဌေးဝါဒများသည်လည်းကောင်း ပျောက်ဆုံးခဲ့ရလေတော့သည်။

တရုတ်ကို ကွန်မြူနစ်တို့က ခေတ်သစ်တည်ပြီး ပြည်သစ်ဆောက်ခဲ့ရာ၌ ကွန်ဖြူးရှပ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ လစ်ဘရယ်ဝါဒတို့မှာ ပစ်မှတ်ထားပြီး တိုက်ခိုက်မှုအခံရဆုံးလည်း ဖြစ်ခဲ့ရသည်။ သို့သော် တရုတ်ကွန်မြူနစ်တို့၏ ကွန်ဖြူးရှပ်ဆန့်ကျင်ရေးမှာ မအောင်မြင်ခဲ့ဟု ဆိုရမည်။ ရိုးရာကို ကွန်ဖြူးရှပ်သဘောတရားများ လွှမ်းမိုးနေခြင်းများကို တိုက်ဖျက်နိုင်ခဲ့သော်လည်း ကွန်ဖြူးရှပ်၏ ဘုံဝါဒသဘောတရား၊ အဖွဲ့အစည်းအပေါ် ရိုသေလေးစားခြင်း၊ အကျိုးရှိအောင်လုပ်ဆောင်ခြင်းစသည်တို့မှာ အရင်းရှင်ဝါဒအပေါ်တွင် အခြေခံထားကြောင်း တွေ့ရသည်။

ကွန်ဖြူးရှပ်၏ ကိုယ်ကျင့်တရားဆိုင်ရာ သွန်သင်ဆုံးမမှုများကို မင်းအဆက်ဆက် လိုက်နာကျင့်သုံးခဲ့သဖြင့် ယဉ်ကျေးသော လူ့ဘောင်အဖွဲ့အစည်းကြီးကို တည်ဆောက်နိုင်ခဲ့သည့် တရုတ်နိုင်ငံကြီးမှာ ထိုသဘောတရားများကို ချက်ချင်း စွန့်ပစ်လိုက်ရန်ဆိုသည်မှာ မလွယ်လှပေ။ ကွန်ဖြူးရှပ်ဝါဒက တရုတ်၌သာမဟုတ် အာရှကိုပါ လွှမ်းမိုးပျံ့နှံ့နေပြီဖြစ်သောကြောင့် တရုတ်တို့အနေနှင့် အထီးတည်း တစ်ကိုယ်တော်စီးပွားရေးဝါဒကို ကျင့်သုံးရန်ဆိုသည်မှာ မဖြစ်နိုင်ခဲ့ပေ။ အရှေ့အာရှတွင်လည်း ကွန်ဖြူးရှပ်၏အတွေးအမြင်များကို လက်ကိုင်ထားပြီး ခံယူကျင့်သုံးနေသောနိုင်ငံများသည် စီးပွားရေးအရှိန်အဟုန်ဖြင့် ဆက်သွားနေကြောင်း တရုတ်တို့ ကောင်းစွာ သိထားသည်။

နည်းပညာဆိုင်ရာ ဆန်းသစ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာဆိုင်ရာပစ္စည်းများကို အသုံးပြုခြင်းတို့အား ဖြစ်ရိုးဖြစ်စဉ် သဘောထားတစ်ခုဖြစ်ပြီး ဆန့်ကျင်ရန် မဟုတ်ကြောင်း ကွန်ဖြူးရှပ်က လက်ခံထားပြီးသားဖြစ်သည်။ ကွန်ဖြူးရှပ်ကိုယ်တိုင်က လူသားနှင့် ကောင်းကင်ဘုံကြားတွင် မျှတစွာနေထိုင်နိုင်ရေး၊ အချိုး ညီစွာဖြင့် ဟန်ချက်ညီညီကျင့်သုံးရေးတို့ကို အားပေးခဲ့သည်သာ ဖြစ်သည်။ စက်မှုတော်လှန်ရေးကို တရုတ်တို့ ကူးပြောင်းဆင်နွှဲနေခြင်းကလည်း တိုးတက်မှုကို လက်ခံကျင့်သုံးခြင်းသာဖြစ်သည်။ ရှေးရိုးအစဉ်အလာကို မည်မျှပစ်ပယ်သည်ဆိုစေ ဟန်ချက်ညီစွာ ကျင့်သုံးမှ နိုင်ငံတိုးတက်နိုင်မည်ဆိုသော သဘောတရားက ကွန်မြူနစ်တို့အပေါ်တွင်လည်း ဖိစီးထားသည်ဆိုခြင်းမှာ မငြင်းနိုင်ခဲ့ပေ။

ကွန်ဖြူးရှပ်၏ စီးပွားရေးဆိုင်ရာ အမြင်တွင် မိသားစုစီးပွားရေးစနစ်သည် အလွန်အရေးပါသည့် စနစ်တစ်ခုဖြစ် နေကြောင်း တွေ့ရသည်။ သူ၏ ဘဝနေနည်းအနုပညာ သဘောတရားကို လေ့လာကြည့်လျှင် စီးပွားရေးသဘောတရားများလည်း ပါဝင်နေကြောင်း တွေ့ရမည်ဖြစ်သည်။

သဘာဝတရားကြီးက လူသားကို နေချင်ဖွယ်ဆန္ဒဖြစ်အောင် ဖန်တီးပေးထားပြီးဖြစ်သည်။ တစ်နည်းပြောရလျှင် လူသား၏ ရပ်တည်နိုင်ရေးအတွက် သဘာဝတရားကြီးက ပြည့်စုံစွာဖန်တီးပေးထားပြီးသားဖြစ်သည်။ လူသားတို့ဝန်းကျင်တွင် သုံးမကုန်နိုင်သည့် သဘာဝရင်းမြစ်များ ရှိနေပြီးသားဖြစ်သည်။ လူသားက ထိုသဘာဝတရားကိုမှီပြီး ကြိုးစားအားထုတ်ရန်သာရှိသည်။

လူသား၏ အလုပ်နှင့် အလုပ်အပေါ်တန်ဖိုးထားတတ်ခြင်းသည် ကိုယ်ကျင့်တရားဆိုင်ရာ ရွေးချယ်မှုတစ်ခုဖြစ်သည်။ ကွန်ဖြူးရှပ်က အလုပ်ကျင့်တရား ဆိုသည်ကို အလွန်အလေးထားသည်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကြီးပွားချမ်းသာစေခြင်း သဘောတရားမှာ လုပ်အားတန်ဖိုး ချစ်မြတ်နိုးတတ်မှုများအပေါ်တွင် မူတည်နေကြောင်း သူက သွန်သင်ခဲ့သည်။ ကွန်မြူနစ်တွေက ဘုံဝါဒဖြင့် အလုပ်စခန်းတွေဖွင့်ကာ တိုင်းပြည်ကောင်းအောင် လုပ်ဆောင်နေခြင်းမှာ ကွန်ဖြူးရှပ်ဝါဒကို လက်ခံခြင်းလား၊ ဆန့်ကျင်ခြင်းလား စဉ်းစားစရာဖြစ်သည်။

ကွန်ဖြူးရှပ်၏ ကိုယ်ကျင့်တရားတွင် လူသားသည် ကိုယ့်အတွက်တစ်ခုတည်းကြည့်ကာ အလုပ်ကို မလုပ်ဆောင်သင့်၊ အများအတွက်ကြည့်ကာ လုပ်ဆောင်သင့်ကြောင်း သွန်သင်ချက်မှာ ကွန်မြူနစ်စနစ်ကို ဆန့်ကျင်နေပါသလား။ ကွန်ဖြူးရှပ်၏ စီးပွားရေးဆိုင်ရာ အမြင်များသည် ကိုယ်ကျင့်တရားနှင့် ဆက်စပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ သူက စုပေါင်းလုပ်ကာ စုပေါင်းအကျိုးကို စံစားစေခြင်းကို မိသားစုဝါဒတစ်ခုအနေနှင့် လက်ခံခဲ့သည်။

မိသားစုသဘော၊ ပူးပေါင်းလုပ်ဆောင်ခြင်းသဘောများသည် စီးပွားရေးလုပ်ဆောင်ရာ၌ အခြေခံသဘောသာဖြစ်သည်။ မိသားစုဆိုသည်မှာ လှည်းတစ်စီး၏ ဝင်ရိုးတစ်ခုပမာ သူက တင်စားသည်။ လှည်းဘီးများ ဟန်ချက်ညီညီ ရွေ့လျားနိုင်ရန်မှာ ဝင်ရိုးက အရေးကြီးသည်။ ဝင်ရိုးတောင့်တောင့်၊ ဘီးတောင့်တောင့်ဖြစ်မှ ဝေးဝေးသွား၊ လေးလေးတင်၊ မှန်မှန်ရုန်းနိုင်မည်။ စီးပွားရေးလုပ်ဆောင်ခြင်းကို လှည်းတစ်စီးနှင့် ပမာပြုလျှင် အားလုံး ဟန်ချက်ညီမှ လိုရာရောက်မည်သာဖြစ်သည်။ မိသားစုအတွင်း အားလုံးချစ်ခင်စွာဖြင့် လုပ်သူလုပ်၊ ထိန်းသူ ထိန်းနိုင်မှစီးပွားရေးက တိုးတက်မည်။ နိုင်ငံတစ်နိုင်ငံသည်လည်း ဟန်ချက်ညီအောင် စီမံခန့်ခွဲနိုင်ပါမှ တိုးတက်နိုင်သည်။

တိုင်းပြည်ကြီးပွားကြောင်းတရားသည် တစ်ဦးကိုတစ်ဦး အပြန်အလှန် လေးစားချစ်ခင်မှု၊ တန်ဖိုးထား နားလည်မှုတို့အပေါ်တွင်လည်း မူတည်သည်။ မိသားစုကို ချစ်မြတ်နိုးမှ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ချစ်နိုင်သည်။ ကွန်ဖြူးရှပ်၏ အရင်းဝါဒသဘောတရား သို့မဟုတ် စီးပွားရေးဆိုင်ရာ သဘောတရားများသည် ဘာမှားခဲ့သနည်း။ တရုတ်ကွန်မြူနစ်တို့ ကွန်ဖြူးရှပ်ကို အလွန်အမင်း ဆန့်ကျင်နိုင်ခဲ့ပါသလော။ ■

# ပုစွန်ချဉ်လုပ်နည်း

ဒီတစ်ပတ်တော့ ပုစွန်ချဉ်ကြိုက်သူတွေအတွက် ကိုယ့်အိမ်မှာပဲ သန့်သန့်ရှင်းရှင်း လုပ်စားနိုင်မယ့် ပုစွန်ချဉ်လုပ်နည်းကို ပြောပြချင်ပါတယ်။



အရင်ဆုံး ကြိုက်နှစ်သက်တဲ့ ပုစွန်အရွယ်အစားကို ဝယ်ပြီး အပေါ်ခွံတွေ ခွာပေးထားပါ။ အရသာအတွက် အသားမှုန့်တစ်မျိုးမျိုးနဲ့ နနွင်းမှုန့်တို့ကိုနယ်ပေးပါ။ ပုစွန်ချဉ်က အကောင်လိုက်ကြိုက်တာပဲဖြစ်ဖြစ် ဒါမှမဟုတ် အကောင်လိုက် မစားချင်ဘူးဆိုရင်တော့ ပုစွန်တွေကို ကြိတ်စက်နဲ့ကြိတ်ပေးပါ။ ပြီးရင်တော့ ထမင်းတည်ပေးထားပါ။ အရသာနယ်ထားတဲ့ပုစွန်တွေကို ဆားနဲ့ ခုနချက်ထားတဲ့ ထမင်းတွေကို ရောနယ်ပေးပါ။ ပုစွန်တွေနယ်တဲ့အခါ တစ်ခုသတိထားရမှာကတော့ ဆားကိုပုံမှန်ထည့်နေကျထက် ၂ဆလောက် ပိုထည့်ပေးပါ။ ပြီးရင်တော့ အရသာတွေ အကုန်ရောနယ်ထားတဲ့ ပုစွန်တွေကို ဆန်ခါတစ်ခုနဲ့ ဖြန့်ပေးထားပါ။ အနည်းဆုံး တစ်နာရီလောက်ပဲဖြစ်ဖြစ် ရေတွေစစ်သွားအောင် လုပ်ပေးထားပါ။ ပုစွန်တွေ ရေအနည်းငယ်စစ်ပြီးပြီဆိုရင်တော့ ကိုယ်အသုံးပြုမယ့်ဘူးထဲကို ခုနရေစစ်ထားတဲ့ ပုစွန်တွေကို ထည့်ပေးပါ။ အပေါ်ကနေတော့ ပြောင်းဖူးအရွက်ပဲဖြစ်ဖြစ်၊ ငှက်ပျောရွက်ပဲဖြစ်ဖြစ် အပေါ်ကနေဖိထားပြီး အဖုံးပိတ်ထားပါ။ တစ်ညထည့်ပြီးပြီ ဆိုရင်တော့ အောက်မှာ ဇလုံခံပြီး အဖုံးဖွင့်ပေးထားပါ။ ပုစွန်ချဉ်ကနေထွက် လာတဲ့အရည်တွေကို သွန် သွန်ပေးပါ။ လေးငါးရက်လောက်ထားပြီးပြီ ဆိုရင်တော့ ကိုယ်တိုင်လုပ်ထားတဲ့ ပုစွန်ချဉ်လေးကို စားနိုင်ပါပြီ။ ပုစွန်ချဉ်ကိုတော့ ကြော်စားပဲ ဖြစ်ဖြစ်၊ သုပ်စားပဲဖြစ်ဖြစ် ကိုယ်ကြိုက်နှစ်သက်တဲ့ပုံစံ စားနိုင်မှာဖြစ်ပါတယ်။

## ပါဝင်ပစ္စည်း

ပုစွန်၊ ဆား၊ ဆန်၊ အသားမှုန့်တစ်မျိုးမျိုး၊ နနွင်းမှုန့်၊ ပြောင်းဖူးရွက်၊ ငှက်ပျောရွက်တို့ ပါဝင်ပါတယ်။



# Photo Essay

## စစ်တွေမြင်ကွင်းပုံရိပ်များ

ဓာတ်ပုံ-အောင်စိုး



★မြောက်ဦးခေတ်က အသုံးပြုခဲ့သော အမြောက်နှင့် လောကပါလနတ်ရုပ်



★ စစ်တွေမြို့ရှိ အပန်းဖြေစခန်းတစ်ခုဖြစ်သော ပွိုင့်အပန်းဖြေစခန်းရှိ မီးပြတိုက်



★ စစ်တွေမြို့တွင်းရှိ ဈေးဆိုင်ခန်းများ၊ ပုဂ္ဂလိကရုံးလုပ်ငန်း၊ ဘဏ်များတည်ရှိကာ လူသွားလူလာ များပြားသည့်လမ်းမကြီး



★ စစ်တွေမြို့သို့ ဧည့်သည်များ လာရောက်လည်ပတ်လျှင်ဖြစ်စေ၊ မြို့ပေါ်နေသူများပင်ဖြစ်စေ ပွင့်လင်းရာသီ ညနေအချိန်တို့တွင် စစ်တွေမြို့ရှိ ကမ်းခြေအနီး တည်ရှိသော ပွိုင့်အပန်းဖြေစခန်းသို့ လာရောက်အပန်းဖြေသူများ



★ အလှူဒါနပြု ကျွေးမွေးရန်အတွက် ငါးများကိုချက်ပြုတ်ရန် ပြင်ဆင်နေကြစဉ်



★ စစ်တွေမြို့၌ တည်ရှိသော ဘုရားကြီး ခေါ် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးသို့ သီတင်းကျွတ်၊ တန်ဆောင်တိုင်လပြည့်အချိန်တို့၌ လာရောက်ဖူးမြော်သူ များပြားသည်။



★ မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံး ပြည်နယ်ဖြစ်သည့် ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေလေဆိပ်



★ စစ်တွေမြို့ကမ်းခြေ၌ တနင်္ဂနွေနေ့သို့ ရောက်ပါက လူအများအပြား လာရောက်ကာ ရေချိုး အပန်းဖြေ၊ ဘောလုံးကန်ကြသည်။



★ စစ်တွေ ပွိုင့်အပန်းဖြေစခန်းတွင် ရခိုင်ရိုးရာ အားကစားတစ်ခုဖြစ်သော (ကျင်) ကိုင်နေကြပုံအား ပြသထားစဉ်



★ ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်သော စစ်တွေမြို့သို့ စစ်တွေ- ရန်ကုန် လမ်းကြီးမှ ဝင်ရောက်လာလျှင် ပထမဆုံးတွေ့မြင်ရသည့် မြို့ဝင်မုခ်ဝ

# Satire




**တိုင်း**ပြည်က နှစ်ခြမ်းကွဲနေသည်။ မယုံမရှိနှင့်။ မယုံဘူးဆိုလျှင်ဖြင့် အခုချက်ချင်း လမ်းထိပ်က ဂျာနယ်ဆိုင်သို့ သွားပါ။ ပုဂ္ဂလိကဂျာနယ် တစ်စောင်နှင့် အစိုးရ ပိုင်သတင်းစာတစ်စောင်ဝယ်ပါ။ ဖတ်ကြည့်ပါ။

ပုဂ္ဂလိကဂျာနယ်နဲ့သတင်းစာများတွင် တိုင်းပြည်သည် ရေတွေကြီးနေသည်။ မှုခင်းတွေများနေသည်။ တိုက်ပွဲတွေဖြစ်နေသည်။ ဟိုဈေး ဒီဈေးတွေ တက်နေသည်။ မြေယာပြဿနာတွေ ဖြစ်နေသည်။ တကယ့်ကို စိတ်ညစ်စရာတွေချည်း။

ကိုင်း...အစိုးရသတင်းစာကို ကောက်ကိုင်ကြည့်ပါဦး။ နိုင်ငံတော်အကြီးအကဲများ တိုင်းရေးပြည်ရာအတွက် အလုပ်တွေလုပ်နေကြသည်။ သီးနှံတွေ အထွက်တိုးနေသည်။ ငြိမ်းချမ်းရေးစေတီတော်ကြီးကို ပျော်ပျော်ပါးပါး ရေစက်ချနေကြသည်။ ဥပုသ်နေ့တွင် ဘုရားစေတီများ ဖူးမြော်သူများပြားသည်။ ပြည်သူများ ပျော်ရွှင်နေကြသည်။ ရှေ့ဖုံးကနေ နောက်ကျောအထိ စိတ်ချမ်းသာစရာတွေ အတိ။

ကဲ...ဒီတော့ မောင်ဖြို ပြောသည်က မမှန်ပေဘူးလား။ တိုင်းပြည်တစ်ပြည်တည်းက ဖြစ်ရပ်တွေကပင် သတင်းစာနှစ်မျိုးတွင် နှစ်ခုကွဲထွက်နေသည်။ မသိလျှင် တိုင်းပြည်က နှစ်ပြည်ကွဲထွက်နေသည့်အလား။

တိုင်းပြည်တစ်ပြည်၏ အခြေအနေကို သိလိုလျှင် ထိုတိုင်းပြည်ထုတ် သတင်းစာများကို ဖတ်ပါဟု ဆိုကြ၏။

မောင်ဖြိုတို့ဆီတွင်တော့ အစိုးရသတင်းစာပါ တိုင်းပြည်အခြေအနေကတစ်မျိုး၊ ပုဂ္ဂလိကသတင်းစာထဲကအခြေအနေကတစ်မျိုး။ အစိုးရသတင်းစာထဲတွင်တော့ အရာရာအဆင်ပြေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ပြီး ပုဂ္ဂလိကသတင်းစာထဲတွင်တော့ ပြဿနာပေါင်းသောင်းခြောက်ထောင် နိုင်ငံကြီးဖြစ်နေသည်။

မောင်ဖြိုကတော့...ဘယ်သတင်းစာက မှန်သည် မှားသည်ကို မသိ။ စိတ်ချမ်းသာချင်လျှင် အစိုးရသတင်းစာ ကောက်ဖတ်လိုက်သည်။ အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို လူကြီးတွေ လှည့်လည်စီမံခန့်ခွဲတာတွေဖတ်ပြီး နှစ်ထောင်းအားရဖြစ်မည်။

ဟိုနိုင်ငံရဲ့ ဟိုနေ့ကို ဒီနိုင်ငံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့ပြီး ဒီနိုင်ငံမှ ဒီနေ့ကို ဟိုနိုင်ငံတွေက သဝဏ်လွှာပို့တာတွေဖတ်ပြီး ကမ္ဘာနှင့်အဆင်ပြေသော နိုင်ငံတော်ကြီးအတွက် ဂုဏ်ယူမည်။

လူလေးနှစ်ယောက်မတ်တတ်ရပ်နေပြီး တစ်ယောက်က "စိုက်ပျိုးရေးကိုအခြေခံပြီး ခေတ်မီနိုင်ငံတော်သစ်ကြီးဆီ သွားကြစို့" ဟုပြောသည်ကို တစ်ယောက်က "စက်မှုတိုးတက်ရေးကိုလည်း ချန်ထားလို့ မဖြစ်ပေဘူး" ဟူသော ဟာသ ရသအပြည့်ပါပြီး အပြုသဘောဆောင်သည့်ကာတွန်းများလည်း ဖတ်ရမည်။

ပြီးလျှင် ဘယ်အစိုးရတက်တက် သူတော်ကောင်း၊ သူမြတ်လောင်းတွေဖြစ်ကြောင်း၊ နိုင်ငံတော်ကြီးသည် ရွှေဘုန်းတွေတိုးပြီး ရွှေမိုးတွေ သွန်းဖြိုးနေကြောင်း သုံးသပ်ချက်ဆောင်းပါးတွေဖတ်ပြီး အစိုးရကို တစိမ့်စိမ့်ကြည်ညိုမည်။

ချိပ်ပိတ်တင်ဒါခေါ်ယူတာတွေ ဖတ်၊ အိမ် ခြံ မြေ ရောင်းမည် ကန့်ကွက်ရန် ရှိ မရှိတွေဖတ်ပြီး နိုင်ငံစီးပွားရေး ဒီရေအလားတိုးတက်နေသည်ကို ပီတိပွားမည်။

ကလေးအမည်ပြောင်းတာတွေ၊ ဖခင်နာမည် အမှန်ဖြစ်ကြောင်းတွေ၊ မွေးနေ့ဆုတောင်းတွေ၊ မင်္ဂလာပွဲ ကျေးဇူးတင်လွှာတွေဖတ်ပြီး...အာဝါဟဝိဝါဟ မင်္ဂလာ စိတ်လေးယူမည်။

ဟော့...နောက်စာမျက်နှာကျ...မောင်စူပါ အသက် (၃၅) နှစ်တို့၊ ကာတွန်းစိုးစံဝင်း အသက် (၇၅) တို့ကိုဖတ်ပြီး မရဏာနုဿတိပွားများမည်။

နှစ်လုံး၊ သုံးလုံး ဝါသနာပါလျှင် ဂဏန်းအတိတ် ကောက်ပြီး ကံစမ်းလို့ရသေးသည်။

နောက်ကျောဖုံး ပြန်လှန်လိုက်တော့...တိုးတက်ငြိမ်းချမ်းသော နိုင်ငံတော်သစ်ကြီးဆီ တစ်ဖန် ပြန်ရောက်သွားမည်။

ကိုင်း...ဒီဂလောက် ရသပေါင်းစုံပေးသည့် သတင်းစာမျိုးဖတ်လို့မှ စိတ်မချမ်းသာလျှင် ဘယ်ဟာက စိတ်ချမ်းသာစေမည်နည်း။

ပုဂ္ဂလိကသတင်းစာလား။

ဟိုနေရာ ဆန္ဒပြကြပြန်ပြီ။ ဟိုမြို့မှာ သုံးလောင်းပြိုင်။ ဟိုတောင်ပေါ်မှာ တိုက်ပွဲဖြစ်ပြန်ပြီ။ ဆည်တွေကျိုးပြီး ရေတွေကြီးနေသည်။

ဆောင်းပါးတွေကလည်း အစိုးရကို ဖောင်းထုတာတွေ၊ ဝေဖန်တာတွေ ပါချင်ပါလာသေးသည်။

မောင်ဖြိုတို့ လူအများစုကတော့ မည်သည့်ကိစ္စမဆို အစိုးရသတင်းစာမှာပါမှ ယုံကြည်ကြသည်။

မင်္ဂလာဆောင်တာရော၊ မသာချတာပါ အစိုးရသတင်းစာမှာပါမှ ဂုဏ်ရှိသည်၊ တရားဝင်သည်ဟု ခံယူသည်။ ဈေးနှုန်းချင်းလည်း ယှဉ်ကြည့်ဦး။

ဒီလိုစိတ်ညစ်စရာသတင်းတွေပါသည့် ပုဂ္ဂလိကသတင်းစာတွေက တစ်စောင်နှစ်ရာ။ စိတ်ချမ်းသာစရာအတိပြီးသည့် အစိုးရသတင်းစာက တစ်စောင်ခြောက်ဆယ်ကျပ်ဝန်းကျင်။ သင်ဆို ဘာကို ရွေးချယ်မည်လဲ။

ဒါနဲ့များ မြန်မာမီဒီယာတွေ မစွမ်းဟု ပြောသူက ပြောကြသေးသည်။

မြန်မာပြည်ကို ဆိုမာလီလို၊ ဘောစနီးယားလို ပုံဖော်ကာ တစ်ဖက်စောင်းနင်းရေးနေသည့် နိုင်ငံခြားတိုင်းပြည်များသည် အင်္ဂလိပ်ဘာသာဖြင့်ထုတ်သည့် အစိုးရထုတ်သတင်းစာကို မဖတ်ကြဘူးလား မသိကြ။

ဖြစ်နိုင်လျှင် နိုင်ငံတော်အနေနှင့် အစိုးရထုတ်သတင်းစာများကို လေယာဉ်ဖြင့် အပြည့်သယ်ပြီး နိုင်ငံခြားတိုင်းပြည်များပေါ်သို့ ကြဲချခြင်းဖြင့် နိုင်ငံတကာမီဒီယာများကို ပြန်တိုက်သင့်သည်။

ပုဂ္ဂလိက သတင်းစာတွေကိုတော့ စာရင်းထဲ မထည့်နှင့်။ ကြော်ငြာလည်းမရ၊ စောင်ရေက မတက်၊ ဈေးကလည်း နှစ်ရာကျပ်ရှိသည်။

သူတို့က စိတ်ညစ်စရာသတင်းတွေချည်း ထည့်သဖြင့် လူတွေစိတ်ညစ်ပြီး ဝယ်မဖတ်တာလည်းပါမည်။

တစ်စောင်ပြီးတစ်စောင် မာလကီးယားဂျောင်းကုန်သည်။ ရှိနေသည့် ပုဂ္ဂလိကသတင်းစာတွေကလည်း ဖွတ်ချက် ဖွတ်ချက်ဖြင့် မနည်းကျားကန်ထားရရှာ၏။

ဟိုတစ်နေ့က လွှတ်တော်သတင်းတွင် ဖတ်လိုက်ရသည်။ နိုင်ငံပိုင်သတင်းစာများသည် တစ်စောင်လျှင် ၆၅ ကျပ်ရှုံးနေသည်တဲ့။ စောင်ရေတစ်သိန်းဆိုလျှင် ၆၅ သိန်း။

အမိုးအကာမရှိသည့် တောထဲ တောင်ထဲမှ မူလတန်းကျောင်းလေးတစ်ကျောင်းကို ပြုပြင်လျှင် သိန်း ၆၀ ဝန်းကျင်ကုန်ကြမည်ဟုလည်း ဖတ်ရသည်။

မောင်ဖြိုကတော့ စာသင်ကျောင်းအသစ်တွေ မရလျှင်နေပါစေ...တစ်နေ့ကို ၆၅ သိန်း အရှုံးခံပြီး ပြည်သူကို ပျော်ရွှင်မှုတွေပေးနေသည့် အစိုးရသတင်းစာတွေကို မရပ်စေလိုပါ။

ထို့ကြောင့်...ယနေ့မှစပြီး အစိုးရသတင်းစာ နှစ်စောင်ယူဖို့ ဆုံးဖြတ်လိုက်သည်။ ဒါဆို သတင်းစာထုတ်သော အစိုးရလည်း အရှုံးသက်သာမည်။

မောင်ဖြိုတို့အိမ်မှာ ပိုက်လိုင်းပျက်၍ ရေမလာသည့်ကိစ္စလည်း အဆင်ပြေသွားမည်။

■ **ဖြိုတိသျှကိုကိုမောင်**

**ဖြစ်နိုင်လျှင် နိုင်ငံတော်အနေနှင့်**
**အစိုးရထုတ်သတင်းစာများကို**
**လေယာဉ်ဖြင့် အပြည့်သယ်ပြီး**
**နိုင်ငံခြားတိုင်းပြည်များပေါ်သို့**
**ကြဲချခြင်းဖြင့်**
**နိုင်ငံတကာမီဒီယာများကို**
**ပြန်တိုက်သင့်သည်။**
**ပုဂ္ဂလိက သတင်းစာတွေကိုတော့**
**စာရင်းထဲ မထည့်နှင့်။**
**ကြော်ငြာလည်းမရ၊**
**စောင်ရေက မတက်၊**
**ဈေးကလည်း နှစ်ရာကျပ်ရှိသည်။**
**သူတို့က စိတ်ညစ်စရာသတင်းတွေချည်း**
**ထည့်သဖြင့် လူတွေစိတ်ညစ်ပြီး**
**ဝယ်မဖတ်တာလည်းပါမည်။**

## အိတ်စစ်ဆေးခ ငါးပေါင်ကောက်ခံသည့်ကိစ္စကို မန်ယူပရိသတ်များ ဒေါသပေါက်ကွဲ

**မန်ချက်စတာ၊ စက်တင်ဘာ ၈**

မန်ယူအသင်းအားပေးသူများသည် အိမ်ကွင်းပွဲစဉ်များတွင် အိတ်စစ်ဆေးခ ငါးပေါင် သတ်မှတ်ကောက်ခံနေသည့်ကိစ္စကို အလွန်အမင်း ဒေါသပေါက်ကွဲနေပြီး မန်ယူအသင်းတာဝန်ရှိသူများကမူ ကွင်းအတွင်းသို့ အိတ်များလွယ်ကာ မဝင်ရောက်စေလိုသည့်အတွက် ယခုကဲ့သို့ လုပ်ဆောင်လိုက်ရခြင်းဖြစ်သည်ဟု ရှင်းလင်းပြောကြားထားကြောင်း The Mirror က ဖော်ပြထားသည်။

မန်ယူသည် လက်ရှိတွင် အသင်းအားပေးသူပရိသတ်များကို ပွဲမစမီ နှစ်နာရီခန့်ကတည်းကပင် အိုးလ်ထရက်ဖို့ဒ်ဘောလုံးကွင်းရှေ့သို့ လာရောက် စုရုံးကြရန်လည်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားပြီး ယင်းသို့ စီစဉ်ထားရသည်မှာ လုံခြုံရေးအရစစ်ဆေးမှုများ လျင်လျင်မြန်မြန် ပြီးမြောက်စေရန်အတွက်ဖြစ်သည်ဟု မန်ယူက ကြေညာချက်ထုတ်ပြန်ထားသည်။

မန်ယူအသင်း တာဝန်ရှိသူများသည် အကြမ်းဖက်အန္တရာယ်စိုးရိမ်ရသည့်အခြေအနေများ ဖြစ်ပေါ်လာအပြီးတွင် အသင်းပိုင် အိုးလ်ထရက်ဖို့ဒ်ဘောလုံးကွင်းသို့ ဘောလုံးပွဲကြည့်ရှုရန် လာရောက်ရာတွင် အိတ်များယူဆောင်မလာရန် တားမြစ်လိုက်ခြင်းဖြစ်ပြီး ယင်းတားမြစ်ချက်ကို လိုက်နာမှုနည်းပါးသည့်အတွက် အိတ်များယူဆောင်လာပါက အိတ်ကို ဖွင့်လှစ်စစ်ဆေးရသည့်အတွက် စစ်ဆေးခတစ်ရပ် သတ်မှတ်ကာ ကောက်ခံလိုက်ခြင်းဖြစ်သည်ဟု မန်ယူအသင်း တာဝန်ရှိသူတစ်ဦးက ရှင်းပြသွားခဲ့သည်။ ■ E-11





**ဈေးကွက်ထင်ပေါ်မှုအရှိဆုံး အားကစားသမား (၁၀) ဦး**

၁။ ပေါ့ဂ်ဘာ (ဘောလုံး)
၂။ ဂျိုရှွာ (လက်ဝှေ့)
၃။ အမ်ဘတ်ပေ (ဘောလုံး)
၄။ ဇဗီရက်ဗ် (တင်းနစ်)
၅။ စတက်ကာရီ (ဘတ်စကက်ဘော)
၆။ ဟယ်ရီကိန်း (ဘောလုံး)
၇။ ချာလိုကင်မ် (နှင်းလျှောစီး)
၈။အိုဒယ်လ်ဘက်ခမ်း(အမေရိကန်ဖွတ်ဘော)
၉။ ကေတီလီဒက်ကီ (ရေကူး)
၁၀။ အာရွန်ဂျပ်ချ် (ဘေ့စ်ဘော)

## ဈေးကွက်ထင်ပေါ်မှုအရှိဆုံး အားကစားသမားများစာရင်း၏ ထိပ်ဆုံးနေရာသို့ ပေါ့ဂ်ဘာ တက်လှမ်း

**မန်ချက်စတာ၊ စက်တင်ဘာ ၈**

မန်ယူကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် SportsPro စစ်တမ်းကောက်ယူရေးအဖွဲ့က ထုတ်ပြန်လိုက်သည့် ဈေးကွက်ထင်ပေါ်မှုအရှိဆုံး အားကစားသမားများစာရင်းတွင် ထိပ်ဆုံးနေရာသို့ တက်လှမ်းရောက်ရှိသွားခဲ့ပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

ပေါ့ဂ်ဘာသည် လွန်ခဲ့သည့် ၂၀၁၇ ခုနှစ်၌ ဈေးကွက်ထင်ပေါ်မှုအရှိဆုံး အားကစားသမားများစာရင်း၏ထိပ်ဆုံးနေရာ၌ ရပ်တည်ခဲ့သူ ဗြိတိန်လက်ဝှေ့ကစားသမား ဂျိုရှွာကို ကျော်ဖြတ်၍ အဆင့်တစ်နေရာသို့ တက်လှမ်းသွားခဲ့ခြင်းဖြစ်ပြီး ယခုစာရင်း၏ ထိပ်ဆုံးအားကစားသမား ၁၀ ဦးတွင် ဘောလုံးလောကက ကစားသမားသုံးဦးဖြင့် အရေအတွက် အများဆုံးပါဝင်သွားခဲ့သည်။

ဈေးကွက်ထင်ပေါ်မှုအရှိဆုံးအားကစားသမားများစာရင်း၏ထိပ်ဆုံး ၁၀ နေရာတွင် ပါဝင်ခဲ့သော ဘောလုံးကစားသမားများမှာ မန်ယူကွင်းလယ်လူ ပေါ့ဂ်ဘာ၊ ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘတ်ပေနှင့် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းတို့ဖြစ်ကြပြီး ယမန်နှစ်က အဆင့်တစ်နေရာကို ရယူနိုင်ခဲ့သော လက်ဝှေ့ကစားသမား ဂျိုရှွာမှာ ယခုနှစ်တွင်မူ အဆင့်နှစ်သို့ ကျဆင်းရောက်ရှိသွားခဲ့သည်။

SportsPro သည် အသက်၊ အားကစားသမားဖြစ်သူ၏ သက်ဆိုင်ရာမွေးရပ်မြေနိုင်ငံတွင် ထင်ပေါ်ကျော်စောမှု၊ ဩဇာတိက္ကမရှိမှုနှင့် လူမှုကွန်ရက်တွင် ၎င်းကိုချိတ်ဆက်သူအရေအတွက် တိုးတက်လာမှု စသည့်အခြေအနေများအပေါ်တွင်မူတည်၍ ယခုစစ်တမ်းကို ကောက်ယူခဲ့ခြင်းဖြစ်ပြီး စစ်တမ်းကောက်ယူရာတွင် အားကစားသမားများ၏နောက်ဆုံးသုံးနှစ်တာကာလ ဖြတ်သန်းခဲ့မှုအခြေအနေများကိုအခြေပြုကြောင်းလည်း SportsPro က ရှင်းပြထားသည်။ ■ E-11

## အာဂျင်တီးနားအတွက် မက်ဆီပြန်ကစားပေးမည်ဟု ယုံကြည်သောကြောင့် ကျောနံပါတ် ၁၀ ကို လစ်လပ်အဖြစ်ထားရှိရန် ဆုံးဖြတ်

**ဗျူနိုအေရိစ်၊ စက်တင်ဘာ ၈**



အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်နှင့် လက်ရွေးစင်အသင်း ယာယီနည်းပြ စကာလိုနီတို့သည် အာဂျင်တီးနားအသင်းအတွက် မက်ဆီပြန်ကစားပေးလိမ့်မည်ဟု ယုံကြည်သောကြောင့် ကျောနံပါတ် ၁၀ ကို မည်သည့်ကစားသမားကိုမျှ မပေးအပ်ဘဲ လစ်လပ်အဖြစ်ထားရှိရန် ဆုံးဖြတ်လိုက်ကြောင်း AS က ဖော်ပြထားသည်။

မက်ဆီသည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်း ရလဒ်ဆိုးများဖြင့် ရင်ဆိုင်ခဲ့ရအပြီးတွင် ၎င်းအနေနှင့် ယခုနှစ်ကုန်အထိ လက်ရွေးစင်အသင်းအတွက် ပြိုင်ပွဲများ ပါဝင်ကစားပေးတော့မည်မဟုတ်ဟု ဆုံးဖြတ်ချက်ချလိုက်ပြီး အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်နှင့် လက်ရွေးစင်အသင်းနည်းပြ စကာလိုနီတို့ကမူ မက်ဆီ စိတ်ပြောင်းလဲလာရန် မျှော်လင့်နေဆဲဖြစ်သည်။

မက်ဆီသည် လက်ရှိတွင် လက်ရွေးစင်ကစားသမားဘဝဖြတ်သန်းမှု အနာဂတ်နှင့်စပ်လျဉ်း၍ အလေးအနက်ထားစဉ်းစားနေပြီး လက်ရွေးစင်ကစားသမားဘဝကို အဆုံးသတ်သည့် ဆုံးဖြတ်ချက်မျိုး မက်ဆီ ချမှတ်လိုက်မည်ကို တာဝန်ရှိသူများက စိုးရိမ်ပူပန်နေကြသည်။

အာဂျင်တီးနားလက်ရွေးစင်အသင်းဖော်များကလည်း ၎င်းတို့အနေနှင့် မက်ဆီကို အသင်းခေါင်းဆောင်အဖြစ် ဆက်လက်မြင်တွေ့လိုကြောင်း ထုတ်ဖော်ပြောကြားထားကြပြီး မက်ဆီမှာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ မစတင်မီက ၎င်းအနေနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနား လက်ရွေးစင်အသင်းနှင့်အတူ အောင်မြင်မှု မရယူနိုင်ခဲ့ပါက လက်ရွေးစင်ကစားသမားဘဝဖြတ်သန်းမှုကို ကျောခိုင်းတော့မည်ဟု ထုတ်ဖော်ပြောကြားခဲ့ဖူးသည်။ ■ E-11

## ပေါ့ဂ်ဘာကို မန်ယူပရိသတ်များ ပြင်းစွာ ဒေါသပေါက်ကွဲ

**ပဲရစ်၊ စက်တင်ဘာ ၈**



မန်ယူအသင်းအားပေးသူများသည် အသင်းကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို တွစ်တာလူမှုကွန်ရက်စာမျက်နှာတွင် လွှင့်တင်ဖော်ပြခဲ့သော မှတ်ချက်စကားနှင့် ဓာတ်ပုံများအတွက် ပြင်းပြင်းထန်ထန် ဒေါသပေါက်ကွဲနေကြပြီဖြစ်ပြီး ယခုကဲ့သို့သော ကစားသမားမျိုး အသင်းက ထွက်ခွာသွားလျှင်လည်း ဝမ်းနည်းစရာအကြောင်းမရှိဟု မန်ယူပရိသတ်များက ပြောကြားလိုက်ကြောင်း The Sun က ဖော်ပြထားသည်။

ပေါ့ဂ်ဘာသည် ပြင်သစ်နှင့် ဂျာမနီတို့ တစ်ဖက်နှင့် တစ်ဖက် ဂိုးမရှိသရေကျခဲ့သော ဥရောပနိုင်ငံများလိဂ်ပြိုင်ပွဲတွင် ပြင်သစ်လက်ရွေးစင်အသင်းဖော်အမ်ဘတ်ပေနှင့် ဂရစ်ဇ်မန်းတို့ကို ၎င်း၏အနာဂတ်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ခု ပြောကြားနေသည့်အသွင် ဓာတ်ပုံများကို လွှင့်တင်ကာ ယင်းဓာတ်ပုံများနှင့်အတူ သတင်းမီဒီယာများကို ၎င်းပြောကြားခဲ့သည့် 'အနာဂတ်၌ မည်သည့်နေရာ၌ရှိနေမည်ကို မည်သူကမျှ တပ်အပ်သေချာ မသိနိုင်' ဟူသော မှတ်ချက်စကားတွဲဖက်ဖော်ပြထားခြင်းဖြစ်ပြီး အင်္ဂလန်လက်ရွေးစင်နည်းပြဟောင်း ဆမ်အလာဒိုက်စ်ကလည်း ပေါ့ဂ်ဘာ၏လုပ်ရပ်မျိုးကို မန်ယူအသင်းတာဝန်ရှိသူများအနေနှင့် ဒဏ်ငွေတပ်ရိုက်အရေးယူသင့်သည်ဟု ထောက်ပြသွားခဲ့သည်။

အသက် ၂၅ နှစ်အရွယ်ရှိ ပေါ့ဂ်ဘာသည် တွစ်တာလူမှုကွန်ရက်စာမျက်နှာတွင် သူ့သတနမျှ အရေအတွက် ၅ ဒသမ ၇၇ သန်း ပိုင်ဆိုင်ထားပြီး မန်ယူပရိသတ်များက ပေါ့ဂ်ဘာကို "မင်းက ငါတို့ကလပ်အသင်းထက် ပိုပြီး မကြီးကျယ်ပါဘူးကွာ။ ဒီတော့ မင်းထွက်ချင်ရင် ထွက်သွားလိုက်။ မင်းထက်ကောင်းတဲ့ ကစားသမားကို ငါတို့ရှာနိုင်တယ်" ဟု တုံ့ပြန်မှုများ ရှိနေပြီဖြစ်သည်။

မန်ယူနည်းပြ မော်ရင်ညိုနှင့် ပေါ့ဂ်ဘာအကြားတွင် ပုဂ္ဂိုလ်ရေးအဆင်မပြေမှုများ ယခုအချိန်တိုင်သည်အထိ ရှိနေဆဲဖြစ်ကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေပြီး ယင်းအတွက် လာမည့် ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ပေါ့ဂ်ဘာကို ခေါ်ယူရန်အတွက် တစ်ကျော့ပြန်လည်ကြိုးပမ်းရန် စပိန်လာလီဂါကလပ် ဘာစီလိုနာက ပြင်ဆင်မှုများရှိနေသည်။ ■ E-11

## ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးဆုများကို လူးကပ်စ်မော်ရာ၊ ဂျာဗီဂါစီယာနှင့် ဆီရီတို့ ဆွတ်ခူး

**လန်ဒန်၊ စက်တင်ဘာ ၈**

ပရီးမီးယားလိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီသည် ဩဂုတ်လစွမ်းဆောင်ရည်များအတွက် တစ်လတာအကောင်းဆုံးဆုများကို ပေးအပ်ချီးမြှင့်လိုက်ပြီဖြစ်ရာ အကောင်းဆုံးကစားသမားဆုကို စပါးကွင်းလယ်လူ လူးကပ်စ်မော်ရာကလည်းကောင်း၊ အကောင်းဆုံးနည်းပြဆုကို ဝက်ဖို့ဒ်နည်းပြ ဂျာဗီဂါစီယာကလည်းကောင်း အကောင်းဆုံးသွင်းဂိုးဆုကို ဖူလ်ဟမ်ကွင်းလယ်လူ ဆာရီကလည်းကောင်း အသီးသီး ဆွတ်ခူးရရှိသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

လူးကပ်စ်မော်ရာသည် ဩဂုတ်လအတွင်း စပါးအသင်းယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်သုံးပွဲတွင် သုံးပွဲလုံးကို ပွဲထွက်ကစားသမားအဖြစ် ကစားပေးခွင့်ရရှိခဲ့ပြီး ဖူလ်ဟမ်ကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး၊ မန်ယူကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး အသင်းအတွက် ၎င်းက ရယူပေးနိုင်ခဲ့သည်။

လူးကပ်စ်မော်ရာသည် အနီးကပ်ပြိုင်ဘက်များဖြစ်သော ချယ်လ်ဆီးကွင်းလယ်တောင်ပံကစားသမား မားကပ်စ်အလွန်ဆိုနှင့် လီဗာပူးတိုက်စစ်တောင်ပံကစားသမား မာနေးတို့ကို ကျော်ဖြတ်၍ ယခုဆုကို ရယူသွားနိုင်ခဲ့ခြင်းဖြစ်ပြီး ဖူလ်ဟမ်နှင့်ပွဲစဉ်တွင် သွင်းယူနိုင်ခဲ့သောဂိုးမှာ ၎င်း၏ပရီးမီးယားလိဂ်ကစားသမားဘဝဖြတ်သန်းမှု ပထမဆုံးသောသွင်းဂိုးအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့သည်။

ဝက်ဖို့ဒ်အသင်းကို ဩဂုတ်လအတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်များတွင် ရာနှုန်းပြည့်အနိုင် ရလဒ်ရရှိစေရန် စွမ်းဆောင်ပေးနိုင်ခဲ့သော နည်းပြ ဂျာဗီဂါစီယာသည် လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်၊ ချယ်လ်ဆီးနည်းပြ ဆာရီနှင့် စပါးနည်းပြ ပိုချက်တီနိုတို့ကို ကျော်ဖြတ်၍ တစ်လတာအကောင်းဆုံးနည်းပြဆုကို ရရှိသွားခဲ့ပြီး ဝက်ဖို့ဒ်မှာ နည်းပြဂါစီယာလက်ထက်တွင် ပွဲစဉ်ပေါင်း ၂၀ ယှဉ်ပြိုင်ကစားခဲ့ပြီးရာ၌ ကိုးပွဲနိုင်၊ သုံးပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်ကို ပိုင်ဆိုင်ရရှိထားပြီးဖြစ်သည်။

ဖူလ်ဟမ်ကွင်းလယ်ကစားသမား ဆီရီသည် ဖူလ်ဟမ်က ဘန်လေကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် အဝေးကန်ချက်ဖြင့် ရယူပေးခဲ့သောဂိုးအတွက် အကောင်းဆုံးသွင်းဂိုးဆု ချီးမြှင့်ခံခဲ့ရခြင်းဖြစ်ပြီး ၎င်းမှာ ဝက်ဖို့ဒ်ကွင်းလယ်လူ ပီရေးရာ၊ စပါးကွင်းလယ်လူ လူးကပ်စ်မော်ရာနှင့် မန်စီးတီးတိုက်စစ်တောင်ပံကစားသမား ဒေးဗစ်ဆေးလ်ဗား တို့သွင်းယူသောဂိုးများကို ကျော်ဖြတ်၍ ယင်းဆုကို ရယူသွားခဲ့ခြင်းဖြစ်သည်။ ■ E-11

## ဂျီရိုနာနှင့် ဘာစီလိုနာပွဲစဉ်ကို အမေရိကန်ပြည်ထောင်စု၌ သွားရောက်ယှဉ်ပြိုင်စေမည်ဟု လာလီဂါ အတည်ပြု

**ဘာစီလိုနာ၊ စက်တင်ဘာ ၈**

လာလီဂါပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဂျာဗီးယား တီဘတ်စ်သည် လာမည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ဂျီရိုနာအသင်းပိုင်ဘောလုံးကွင်း၌ ယှဉ်ပြိုင်ရမည့် ဂျီရိုနာနှင့် ဘာစီလိုနာတို့ပွဲစဉ်ကို အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ယှဉ်ပြိုင်စေရန် စီစဉ်ထားပြီဖြစ်ကြောင်း Marca က ဖော်ပြထားသည်။

တီဘတ်စ်သည် ယင်းပွဲစဉ်ကို အမေရိကန်ပြည်ထောင်စုတွင် ကျင်းပရေးအတွက် ဆွေးနွေးညှိနှိုင်းရာတွင် ၉၀ ရာခိုင်နှုန်း အောင်မြင်မှုရရှိထားပြီဖြစ်ကြောင်း အတည်ပြုသွားခဲ့ပြီး ပွဲစဉ်ကို လက်ခံကျင်းပမည့် အားကစားကွင်းမှာ ဖလော်ရီဒါပြည်နယ် မီယာမီမြို့ရှိ ပရိသတ် ခြောက်သောင်းခွဲဝင်ဆံ့သော American Football ကလပ် မီယာမီလင်းပိုင်များ အသင်းပိုင် ဟားဒ်ရော့ခ်အားကစားကွင်း ဖြစ်ကြောင်းလည်း လာလီဂါပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ကြေညာထားပြီဖြစ်သည်။

လာလီဂါပြိုင်ပွဲကျင်းပရေးကော်မတီသည် အမေရိကန်ပြည်ထောင်စုတွင် လာလီဂါပွဲစဉ်များကျင်းပရေးအတွက် အမေရိကန်ပြည်ထောင်စုအခြေစိုက် ရီလေးဗင့်ဖျော်ဖြေရေး စီးပွားရေးလုပ်ငန်းစုနှင့် ၁၅ နှစ်သက်တမ်း စပွန်ဆာစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးထားပြီး ယင်းစာချုပ်အရ လာလီဂါပြိုင်ပွဲကျင်းပရေးကော်မတီရရှိမည့် စပွန်ဆာကြေးပမာဏမှာ ပေါင်သန်း ၁၈၀ ရှိမည်ဖြစ်ကြောင်းလည်း တီဘတ်စ်က အတည်ပြုသွားခဲ့သည်။

လာလီဂါပြိုင်ပွဲကျင်းပရေးကော်မတီသည် စပွန်ဆာစာချုပ်ချုပ်ဆိုရာတွင် ဘောလုံးရာသီ တစ်ရာသီ၌ ပွဲစဉ်တစ်ပွဲနှုန်းသာ အမေရိကန်ပြည်ထောင်စုတွင် ကျင်းပပေးမည်ဟု သဘောတူထားခြင်း မဟုတ်ဘဲ စီးပွားရေးအရ အောင်မြင်မှုရရှိပါက ရှေ့လာမည့်ဘောလုံးရာသီများ ပွဲစဉ်များ ထပ်တိုးကျင်းပပေးရန် စီစဉ်ပေးထားပြီး လက်ရှိတွင် မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့ကလည်း ၎င်းတို့၏နိုင်ငံများတွင် လာလီဂါပြိုင်ပွဲများ လာရောက်ကစားပေးပါရန် လာလီဂါပြိုင်ပွဲကျင်းပရေးကော်မတီကို ကမ်းလှမ်းနေကြပြီဖြစ်သည်။ ■

E-11

## တရုတ်ဖိတ်ခေါ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ မြန်မာယှဉ်ပြိုင်မည်

**ရန်ကုန်၊ စက်တင်ဘာ ၈**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၈ ခုနှစ် ပိုးလမ်းမဖလား တရုတ်-အာဆီယံဖိတ်ခေါ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို မြန်မာနိုင်ငံက ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ပိုင်ဆက်မြို့ကျင့်ရှိမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံအနေနှင့် အဆိုပါပြိုင်ပွဲအတွက် ကစားသမားရွေးချယ်ပွဲ ပြုလုပ်ရဦးမည်ဟု မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ထံမှ သိရသည်။

“ဒီပြိုင်ပွဲအတွက်ကို ကစားသမားရွေးချယ်ပွဲအရင်လုပ်ပါမယ်။ ပဏာမအနေနဲ့ အမျိုးသား၊ အမျိုးသမီး ခြောက်ဦးစီရွေးထားပါမယ်။ ပြိုင်ပွဲသွားမယ့်အရေအတွက်ကိုတော့ မဆုံးဖြတ်ရသေးပါဘူး” ဟု ယင်းအဖွဲ့ချုပ်က တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြိုင်ပွဲအတွက် ကစားသမားရွေးချယ်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်အားကစားရုံတွင် ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ယင်းပြိုင်ပွဲတွင် ပါဝင်အရွေးချယ်ခံလိုသည့် ကစားသမားများအနေနှင့် စက်တင်ဘာ ၁၂ ရက်နေ့ နောက်ဆုံးထားဆက်သွယ်ရမည်ဖြစ်ကာ မည်သူမဆို ပါဝင်အရွေးချယ်ခံနိုင်သည်။

ပြိုင်ပွဲအတွက်ရွေးချယ်ခံရသည့် ကစားသမားများအပြင် အားကစားနှင့်ကာယပညာသိပ္ပံမှ ကစားသမားများကိုလည်း ပြန်လည်ရွေးချယ်မည် ဖြစ်ပြီး ပြိုင်ပွဲနီးမှသာ အပြီးသတ်ထုတ်ပြန်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ထံမှ ထပ်မံသိရသည်။ ■ J-04

## လက်ရွေးစင်ဖူဆယ်ကစားသမား ခင်ဇော်လင်း ထိုင်းကလပ်တွင် ကစားမည်

**ရန်ကုန်၊ စက်တင်ဘာ ၈**

မြန်မာ့လက်ရွေးစင်အသင်းနှင့် MIC ဖူဆယ်အသင်း၏ အဓိကကစားသမားတစ်ဦးဖြစ်သူ ခင်ဇော်လင်းကို ထိုင်း ဖူဆယ်လိဂ်ကလပ် Department of Highways အသင်းက တရားဝင်ကမ်းလှမ်းထားသည့်အတွက် ဇန်နဝါရီလတွင် သွားရောက်ကစားမည်ဖြစ်သည်။

ယင်းကမ်းလှမ်းမှုကို ဩဂုတ်လအတွင်းက ရရှိထားခြင်းဖြစ်သော်လည်း လိဂ်ပြိုင်ပွဲများစတင်နေပြီဖြစ်သည့်အတွက် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှသာ သွားရောက်မည်ဟု ခင်ဇော်လင်းက ပြောကြားသည်။

“လက်ရှိတော့ ဒီမှာလဲလိဂ်တွေစနေတယ်။ ဟိုဘက်မှာလည်း ကစားနေလို့သူတို့လိဂ်ပြန်စမယ့် ဇန်နဝါရီမှပဲ သွားဖို့စီစဉ်ထားတယ်တယ်” ဟု ၎င်းကပြောဆိုသည်။

ထိုင်းကလပ်အသင်းအနေနှင့် ခင်ဇော်လင်းကိုခေါ်ယူနိုင်ရန် ၂၀၁၅ ခုနှစ်ကတည်းက စောင့်ကြည့်ခဲ့ခြင်းဖြစ်ပြီး ယခုမှသာ တရားဝင်ကမ်းလှမ်းလာသည့်အတွက် အတွေ့အကြုံကောင်းများ ရရှိရန် စေလွှတ်ပေးမည်ဟု ယင်းအသင်းနည်းပြချုပ် ဦးသန်းဝဏ္ဏအောင်က စတင်ကမ်းလှမ်းချိန်က ပြောကြားထားဖူးသည်။

လက်ရှိတွင် လက်ရွေးစင်ကစားသမားတစ်ဦးဖြစ်သူ ခင်ဇော်လင်းမှာ ၂၀၁၈ ခုနှစ် မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲကို MIC အသင်းနှင့်အတူ ယှဉ်ပြိုင်လျက်ရှိပြီး ဇန်နဝါရီလအတွင်း၌ ထိုင်းကလပ်အသင်းတွင် လေ့ကျင့်မှုများပြုလုပ်ရမည်ဟု ယင်းအသင်းနှင့် နီးစပ်သူများထံက သိရှိရသည်။

ခင်ဇော်လင်းကိုခေါ်ယူရန် စိတ်ဝင်စားနေသည့် Department of Highways အသင်းသည် ၂၀၁၂ ခုနှစ်က စတင်တည်ထောင်ခဲ့ကာ ထိုင်းပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်မှနေ၍ ၂၀၁၇ ဖူဆယ်ထိုင်းလိဂ်ပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ရာတွင် အဆင့်ခုနစ်နေရာတွင်ရပ်တည်ခဲ့ပြီး ၂၆ ပွဲ ကစားခဲ့ရာ ၁၀ ပွဲနိုင်၊ ၈ ပွဲသရေ၊ ၈ ပွဲရှုံးရလဒ် ရယူနိုင်ခဲ့သည်။ ■

J-04



## ပြိုင်ပွဲများပါဝင်ကစားခွင့် သုံးနှစ်ပိတ်ပင်ခံရမည့် အကျင့်ပျက် ခြစားမှုခြစားမှုစွဲချက်ကို ခုခံတုံ့ပြန်သွားမည်ဟု ဘင်ဖီကာ ကြေညာချက်ထုတ်

**လစ္စဘွန်း၊ စက်တင်ဘာ ၈**

ပေါ်တူဂီထိပ်သီးကလပ် ဘင်ဖီကာအသင်းသည် အကျင့်ပြခြစားသည့် ပြစ်မှုများကို ဆက်တိုက်ကျူးလွန်ခဲ့ကြောင်း ပေါ်တူဂီရှေ့နေများ၏စွဲချက်တင်ခြင်းကိုခံထားရပြီဖြစ်ပြီး ပြစ်မှုထင်ရှားခဲ့ပါက ဘင်ဖီကာမှာ ချန်ပီယံလိဂ်အပါအဝင် ပြိုင်ပွဲအရပ်ရပ်ကို ပါဝင်ကစားခွင့် အနိမ့်ဆုံးခြောက်လမှ အမြင့်ဆုံး သုံးနှစ်အထိ ပိတ်ပင်ခံရနိုင်ကြောင်း Sportmail က ဖော်ပြထားသည်။

ဘင်ဖီကာအသင်းဥက္ကဋ္ဌ လူးဝစ္စဖိလစ်ပီ ဗီအဲရာသည် ၎င်းတို့အနေနှင့် လစ္စဘွန်းတရားရုံးတော်တွင် စွဲချက်တင်ခံထားရခြင်းကို ဥပဒေကြောင်းအရ အဆုံးစွန်အထိ ခုခံတုံ့ပြန်သွားမည်ဟု ပြောကြားထားပြီး အစိုးရရှေ့နေများကလည်း ဘင်ဖီကာအသင်း ကျူးလွန်ခဲ့သောပြစ်မှုများအတွက် ၎င်းတို့ထံတွင် သက်သေအထောက်အထား အပြည့်အစုံရရှိထားကြောင်း ထုတ်ဖော်အသိပေးထားသည်။

လစ္စဘွန်းတရားရုံးတော်ဆိုင်ရာ အစိုးရရှေ့နေများသည် ဘင်ဖီကာအသင်းမှ လာဘ်ပေးလာဘ်ယူမှု၊ သတင်းအချက်အလက်အမှားများ ထုတ်ပြန်မှုနှင့် အသေးအဖွဲပြစ်မှုများ အပါအဝင် ရာဇဝတ်ပြစ်မှုပေါင်း ၃၀ ခန့် ကျူးလွန်ထားသည်ဟု ရုံးတော်ကို တင်ပြထားပြီး ဘင်ဖီကာမှာ ယင်းပြစ်မှုအားလုံးကို လွန်ခဲ့သည့် ဘောလုံးရာသီ နှစ်ရာသီအတွင်း ကျူးလွန်ခဲ့ခြင်း ဖြစ်ကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။

ဘင်ဖီကာသည် လာမည့် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်နှင့် ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲစဉ်ကို စတင်ကစားရတော့မည်ဖြစ်ပြီး ပေါ်တူဂီဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီကလည်း ဘင်ဖီကာကို ၎င်းတို့၏စည်းမျဉ်းများဖြင့် စစ်ဆေးသွားရန် ဆုံးဖြတ်ချက်ချမှတ်ထားပြီဖြစ်သည်။ ■ E-11

## ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျိုကိုဗစ်နှင့် ဒယ်လ်ပိုထရိုတို့ ဆုံတွေ့





**နယူးယောက်၊ စက်တင်ဘာ ၈**

အမေရိကန်ပြည်ထောင်စုတွင် ကျင်းပနေသည့် ယူအက်စ်အိုးပင်းဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် အာဂျင်တီးနားတင်းနစ်ကစားသမား ဒယ်လ်ပိုထရိုတို့က ပြိုင်ဘက်များကို အသီးသီးကျော်ဖြတ်ပြီး ဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းရောက်ရှိသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

ဒယ်လ်ပိုထရိုသည် ဆီမီးဖိုင်နယ်ပွဲစဉ်ကို စပိန်တင်းနစ်ကစားသမား နာဒယ်လ်နှင့် ယှဉ်ပြိုင်ခဲ့ရပြီး ယင်းပွဲစဉ်တွင် ဒုတိယပွဲလတ်ပြီးဆုံးချိန်၌ နာဒယ်လ်က ဒူးဒဏ်ရာကြောင့် ပြိုင်ပွဲကို ဆက်လက်ကစားနိုင်စွမ်း မရှိတော့၍ နုတ်ထွက်သွားခဲ့သည့်အတွက် ဒယ်လ်ပိုထရိုက ဗိုလ်လုပွဲတက်ခွင့်ကို ရရှိသွားခဲ့ခြင်းဖြစ်သည်။

ဒယ်လ်ပိုထရိုနှင့် နာဒယ်လ်တို့၏ ပွဲစဉ်တွင် ယှဉ်ပြိုင်ကစားခဲ့ပြီးသည့် ပွဲလတ်နှစ်ပွဲလုံး၌ ဒယ်လ်ပိုထရိုက နာဒယ်လ်ကို ၇-၆(၇-၃)၊ ၆-၂ ဖြင့် အနိုင်ယူထားခဲ့ပြီး နာဒယ်လ်မှာ ပြိုင်ပွဲယှဉ်ပြိုင်ကစားနေစဉ်အချိန်အတွင်း၌ပင် ဒူးဒဏ်ရာကို နှစ်ကြိမ်တိုင် ဆေးကုသမှုခံယူခဲ့ရသည်။

နာဒယ်လ်သည် လက်ရှိ ၂၀၁၈ ခုနှစ်အတွင်းတွင် ဂရင်းဆလင်းပြိုင်ပွဲများ၌ ဒဏ်ရာပြဿနာကြောင့် ပြိုင်ဘက်များကို အရှုံးပေးလိုက်ရသည်မှာ နှစ်ကြိမ်တိုင်ရှိသွားခဲ့ပြီး ယခုမတိုင်မီတွင် ရာသီဖွင့်ဩစတြေးလျအိုးပင်း ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲ၏ကွာတားဖိုင်နယ်အဆင့်၌ ခရိုအေးရှားတင်းနစ်ကစားသမား မာရင်ဆီလစ်ကိုနာဒယ်လ်က ဒဏ်ရာပြဿနာကြောင့် အရှုံးပေးခဲ့ရဖူးသည်။

ဒယ်လ်ပိုထရိုသည် နောက်ဆုံးကိုးနှစ်တာကာလဖြတ်သန်းမှုအတွင်း ဂရင်းဆလင်းပြိုင်ပွဲတစ်ရပ်၏ဗိုလ်လုပွဲအဆင့်သို့ ပြန်လည်တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်ပြီး ၎င်းမှာ ၂၀၀၉ ခုနှစ်၌ ယူအက်စ်အိုးပင်းဂရင်းဆလင်းပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ဖူးသူလည်းဖြစ်သည်။

ဂျိုကိုဗစ်သည် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဂျပန်တင်းနစ်ကစားသမား နီရှိုကိုရီနှင့်ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်ပြီး ယင်းပွဲစဉ်တွင် ဂျိုကိုဗစ်က နီရှိုကိုရီကို ၆-၃၊ ၆-၄၊ ၆-၂ ဖြင့် ပွဲလတ်သုံးပွဲပြတ်အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် ဆမ်ပရက်စ်နှင့် အိုင်ဗန်လင်ဒယ်လ်တို့ တင်ရှိခဲ့သည့် ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲများသို့ ၂၃ ကြိမ်တက်ရောက်နိုင်သည့် စံချိန်ကိုလိုက်မီသွားခဲ့ပြီဖြစ်ပြီး ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝဖြတ်သန်းမှုတစ်လျှောက်တွင် ယူအက်စ်အိုးပင်း ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲအဆင့်သို့ဂျိုကိုဗစ်က ရှစ်ကြိမ်မြောက်တက်ရောက်နိုင်ခြင်းလည်းဖြစ်သည်။

ဂျိုကိုဗစ်သည် ဗိုလ်လုပွဲတွင် ဒယ်လ်ပိုထရိုကို အနိုင်ယူ၍ ချန်ပီယံဆုကို ဆွတ်ခူးကိုင်မြှောက်နိုင်ခဲ့ပါက ဆမ်ပရက်စ်တင်ရှိခဲ့သော ဂရင်းဆလင်းပြိုင်ပွဲများတွင် ၁၄ ကြိမ် ချန်ပီယံဖြစ်သည့်စံချိန်ကို လိုက်မီသွားတော့မည်လည်းဖြစ်သည်။ ■ E-11

# Escape



## ဖနွမ်းပင်က တွားသွားကောင်တွေ ပြည့်နေတဲ့ ကော်ဖီဆိုင်

သင်ဟာ စပါးကြီးမြွေ၊ ဒါမှမဟုတ် မြွေသေးသေးတွေ၊ ဖွတ်၊ ပဒတ်၊ လိပ်၊ ကင်းမြီးကောက် စတာတွေကို ကြောက်တတ်တယ်ဆိုရင်တော့ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်က ကော်ဖီဆိုင်ကို သွားထိုင်ပြီး ကုစားသင့်ပါတယ်။

ကြောင်ကော်ဖီဆိုင်တွေ ပေါ်ပြူလာဖြစ် လူကြိုက်များနေစဉ်မှာ နောက်ထပ်တစ်မျိုး ပေါ်လာတာဖြစ်ပါတယ်။

ဆိုင်ထဲမှာ အထက်ပါအကောင်ပလောင်မျိုးစုံရှိပြီး ဓာတ်ပုံတွဲရိုက်နိုင်ပါတယ်။ ဆိုင်ရှင်ရဲ့အမည်ကတော့ ချီရာရာတီဖြစ်ပါတယ်။

ဖောက်သည်တစ်ဦးဟာဆိုရင် လက်တေးကော်ဖီကို သောက်နေရင်း အကြေးခွံပါ ဖွတ်ကို လက်နဲ့ သပ်ပေးနေပါတယ်။

ယခုလိုသတ္တဝါတွေကို ယခင်က မမြင်ဖူးပေမယ့် သူတို့ဟာ ချစ်ဖို့ကောင်းသလို ကြောက်ဖို့လည်းကောင်းတယ်လို့ ဖောက်သည်တစ်ဦးက ပြောကြားပါတယ်။

ဓာတ်ပုံရိုက်ပြီး လူမှုကွန်ရက် မီဒီယာပေါ်တင်ရတာ ကြိုက်သူတွေ လာကြတာဖြစ်ပါတယ်။ ■ F-02

## အမြင့်အခုန်နိုင်ဆုံး ဂရင်းနစ်မှတ်တမ်းဝင်တဲ့ခွေးတွေ

အမေရိကန်ပြည်ထောင်စု မေရီလန်းပြည်နယ်က ကယ်ဆယ်ရေးခွေးများဟာ ဂရင်းနစ်စံချိန်ထဲဝင်နိုင်အောင်လို့ ကြိုးစားလေ့ကျင့်ခဲ့ကြပါတယ်။

မေရီလန်းပြည်နယ်သူ ဆာမန်သာဗယ်လီရဲ့ ဂရေးဟောင်းခွေးအမျိုးအစား ဖယ်သာဟာ အမြင့် ၇၅ ဒသမ ၅ လက်မအထိ ခုန်ပြခဲ့ပြီးနောက် ဂရင်းနစ်မှတ်တမ်းဝင်သွားခဲ့ပါပြီ။

အခြားခွေးတွေဟာလည်း စံချိန်တွေ အသီးသီး တင်ထားကြပါတယ်။ ဂျီရိုနီမိုဆိုတဲ့ ခွေးဟာလည်း ပြေးခုန်ကစားခြင်းဆိုင်ရာ စံချိန်တင်ထားနိုင်ခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ခွေးတွေကို ကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် လေ့ကျင့်ပေးထားတာလို့ဆာမန်သာဗယ်လီက ပြောကြားပါတယ်။

အဆိုပါခွေးလေးတွေဟာ ငယ်စဉ်ကတည်းက ကစားခုန်စားခြင်းမှာ သန်မာထူးချွန်ကြတယ်လို့ ခွေးရှင်က ပြောပါတယ်။

သူဟာ စွန့်ပစ်ခံထားရတဲ့ခွေးတွေကိုကယ်ဆယ်ရေးခွေးတွေအဖြစ် လေ့ကျင့်ပေးသူဖြစ်ပါတယ်။ ■ F-02




## သတင်းအချက်အလက်ကမ္ဘာ



★ ဆားဘီးယားလေယာဉ်မယ် ဗက်စ်နာဗူလိုဗစ်ဟာ အမြင့်ဆုံးနေရာတွေက ပြုတ်ကျပြီး အသက်မသေတဲ့သူတွေထဲမှာ အမြင့်ဆုံးစံချိန် တင်ထားပါတယ်။ ၁၉၇၂ ခုနှစ် လေယာဉ်ပျက်ကျမှုမှာ ပေပေါင်း ၃၃,၃၃၀ အမြင့်က ပြုတ်ကျခဲ့ပေမယ့် အသက်မသေခဲ့ပါဘူး။





★ နေရောင်ခြည်ဟာ သင့်ခန္ဓာကိုယ်အတွက်ရော၊ စိတ်ဝိညာဉ်အတွက်ပါ ကောင်းပါတယ်။ နေပူဆာလှုံပေးခြင်းဖြင့် သင့်ကို ကျန်းမာရေးကောင်းစေ၊ ပျော်ရွှင်စေသလို၊ အာရုံစူးစိုက်မှုအားကောင်းစေပြီး နာကျင်မှုတွေကိုလည်း သက်သာစေပါတယ်။

★ ပိုလာဝက်ဝံတွေရဲ့ အရောင်က တကယ်တော့ အဖြူရောင်မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့ဟာ ရေခဲပြင်ပေါ်မှာပဲနေတော့ ဓာတ်ပုံရိုက်ခံရတိုင်း အဖြူရောင်အလင်းပြန်မှုတွေရှိပြီး အဖြူရောင်တွေလို ဖြစ်နေတာပါ။





★ အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာယားပြည်နယ်မှာ သင့်ရဲ့ ပလတ်စတစ်အမှိုက်နဲ့ ဘတ်စ်ကားစီးလို့ရပါတယ်။ ကိုယ့်အိမ်က ပလတ်စတစ်တွေကို သွားအပ်ရင် အခမဲ့ဘတ်စ်ကားစီးဖို့ အချိန်အကန့်အသတ်တစ်ခုနဲ့ ခွင့်ပြုချက်ရပါတယ်။ ပလတ်စတစ်အမှိုက်တွေကို ပြန်သုံးဖို့ အားပေးတဲ့သဘောပေါ့။